
စာပေဗိမာန် စာမူဆုရ

# မြန်မာ့လှည်း
# စိကြ



လှသစ်အောင်ထွင်းလှ

'စာအုပ်ရှာ' pageမှတင်ဆက်ပါသည်

၁၉၉၁ ခုနှစ်၊ စာပေဗိမာန်စာမူဆု

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ

တတိယဆုရ

# မြန်မာ့လှည်း

## စိတြ

အဖုံးပန်းချီ–လှသစ်အောင်–အင်းလျား

အတွင်းပုံများ – လွင်အောင်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၁၉၉၄ ခုနှစ်၊ ပထမအကြိမ် အုပ်ရေ ၁၆၅၀၀

အဖိုး ၂၅ ကျပ်

အမှတ် ၅၂၉/၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်အဖွဲ့၊ စာတည်းမှူး ဦးဝင်းဖေက
(မှတ်ပုံတင်အမှတ် ၄၁၉-ယာယီ) ဖြင့် စာပေဗိမာန် ပုံနှိပ်စက်ရုံတွင် ရိုက်နှိပ်၍
(မှတ်ပုံတင်အမှတ် ၂၇၅-ယာယီ) ဖြင့် ထုတ်ဝေသည်။

- ရပ်ရွာအေးချမ်းစေလို
  ဥပဒေရိပ်ကိုခို။
- အဖျက်သမားကို ချေမှုန်းကြ။
- ပြည်ထောင်စု ဖြိုခွဲသူ
  ပြည်သူ့ရန်သူ။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **လှည်းအစ ပေါ်ပေါက်လာပုံ** ... ... | ၁ |
| ၂။ | **သာသနာအစ မြန်မာ့လှည်းက** ... ... <br>မြန်မာ့လှည်းကုန်သည်၊ ဆံတော်ပင့်ဆောင် မြတ်ညီနောင် <br>မြန်မာ့လှည်း သစ်ထွင်းပန်ပုလက်ရာ | ၂ |
| ၃။ | **ပါဠိတော်လာ လှည်းဝေါဟာရများ** ... ... <br>ရှင်နာဂသိန်၏ လှည်းတရား၊ ရထား (လှည်း) နှင့်စပ်လျဉ်း <br>သုံးစွဲသည့် ဝေါဟာရများ၊ ပါဠိအဘိဓာန်လာ လှည်းဝေါဟာရများ၊ <br>ရထား (လှည်း) နှစ်မျိုး၊ ဖုတ်သွင်းရထား | ၄ |
| ၄။ | **လှည်းဘီးနှင့် သာသနာ့အထိမ်းအမှတ်** ... ... <br>လှည်းဘီးသာမပေါ်ခဲ့ပါက၊ အရေးပါသည့် လှည်းဘီး၊ <br>မြတ်ဗုဒ္ဓ၏ ၁၀၈ ကွက် စက်လက္ခဏာတော် | ၈ |
| ၅။ | **ဘုရားရှင် လှည်းမှူး (ဝါ) ခေါင်းဆောင်မှု အတတ်ပညာ** ... ... <br>သဲကန္တာရထဲမှ လှည်းသားငါးရာ၊ အာရှတိုက်မှ စတင်ခြင်းဖြစ်နိုင်၊ <br>အောင်မြင်စေသည့် နည်းကောင်းပြသ၊ တွေးခေါ်ပညာရှင်လှည်းမှူး၊ <br>ခေါင်းဆောင်ကောင်း၍ ချမ်းသာကြရ၊ အဆိပ်ဘေးမှ <br>ငြိမ်းအေးချမ်းသာ လှည်းများစွာ | ၁၁ |
| ၆။ | **လှည်းနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများ** ... ... <br>(က) *ပုဂံခေတ်လှည်း* <br>လှည်းခြောက်စီးတိုက်ငွေနှင့် တည်သည့် မနူဟာဘုရား၊ <br>အာနန္ဒာဘုရားကပြောသော မြန်မာ့လှည်း <br>(ခ) *အင်းဝခေတ်လှည်း* <br>အင်းဝခေတ်က ပြောသော မြန်မာ့လှည်း၏တန်ဖိုး၊ <br>နိုင်ငံခြားသားနှင့်မြန်မာ့ယဉ်ကျေးမှု၊ လမ်းစပျောက် <br>နိုင်ငံတော်ရထား၊ အင်းဝခေတ်ဝန်တင်လှည်း၊ <br>အထူးမှတ်သားရန်၊ မြန်မာ့လှည်းမှရသော ဂဏန်း <br>သင်္ကေတ၊ လှည်းထမ်းပိုးနှင့် မြန်မာ့ပဟိုရ်နာရီ | ၁၆ |

(ဂ) *ကုန်းဘောင်ခေတ် မြန်မာ့လုံချည်များ*
လုံချည်ဦးကင်းကဲ့သို့ စစ်ဆင်ပုံ၊ လုံချည်ဘီး (စက်ဝန်း) ကဲ့သို့
စစ်ဆင်ပုံ၊ ရထား (လုံချည်) ကဲ့သို့ စစ်ဆင်ပုံ
(ဃ) *အမရပူရခေတ် လုံချည်* ... ... ၄၁
၇။ **လုံချည်အမျိုးမျိုး**
နွားလုံချည်၊ ကျွဲလုံချည်၊ မြင်းလုံချည်၊ မေမြို့ မြင်းလုံချည်၊
မော်လမြိုင်မြင်းလုံချည်၊ မန္တလေးမြင်းလုံချည်၊ ထားဝယ်မြင်းလုံချည်၊
ဆိပ်ဖြူမြင်းလုံချည်၊ မြင်းလုံချည်ပြုလုပ်ပုံနှင့် အခေါ်အဝေါ်များ၊
ဆင်လုံချည်၊ ဗီရိုလုံချည်၊ ဘာကီလုံချည်၊ လုံချည်ယဉ် ... ... ၅၁
၈။ **မြန်မာ့လုံချည် ပြုလုပ်ပုံအဆင့်ဆင့်**
လုံချည်ဘီး၊
ပုံတောင်း (ပဒေါင်း)၊ ဒေါက်၊ တံကူ (ဒဂူ)၊ သံပတ်၊
နန်းရင်းခွေ၊ နန်းဖျားခွေ၊ ဆိတ်မျက်စိ
ဝန်ရိုး (ဝင်ရိုး)
လုံချည်တံ (လုံချည်သန်)၊ ထမ်းပိုး (ဒပိုး)၊ ထမ်းပိုးကျည်း၊ ကုလားနို့၊
လုံချည်ဦးပွတ်ကြိုး (သို့) လုံချည်စည်းကုံး၊ လုံချည်အိမ်၊
ဆောင်ပန်းအိမ် (ဆောင်ပန်းခုံ)၊ ဓားမချပ်၊ စွယ်ရန်း၊
ဇင်တုံး (ဆင့်တုံး)၊ ဝန်ကော်၊ စွယ်မြှောင်၊ လုံချည်ဦးပွတ်တုပ်၊
ဖွဲ့ (ဘွဲ့) ကြိုး၊ ရက်ဖောက်တုပ်ကြိုး၊ နောက်ပြောင်းတုပ်ကြိုး၊
ဝန်ကော်ပိုက်တုပ်ကြိုး၊ ခါးတောင်းကျိုက် တုပ်ကြိုး၊
ဆောင်ပန်းအိမ် တုပ်ကြိုး
၉။ **မြန်မာ့လက်မှုပညာ၏ အနှစ်သာရ** ... ... ၅၉
လုံချည်နှင့် အဆင်တန်ဆာ၊ လုံချည်အမျိုးအစားများ၊
မြန်မာ့လုံချည် အစနှင့် ဗိသုကာပညာရှင်
၁၀။ **အထွေထွေသုံး လုံချည်များ** ... ... ၆၁
လက်တွန်းလုံချည်၊ ရေစည်လုံချည်၊ ချယ်ကာရီလုံချည်၊
လန်ချားလုံချည်၊
၁၁။ **လုံချည်ပြိုင်ပွဲများ** ... ... ၆၃
ပြိုင်ပွဲ စည်းကမ်းချက်များ

| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁၂။ | သမိုင်းဝင် မြန်မာ့လှည်းများ | ... | ... | ၆၅ |
| | အရေးတော်ပုံအတွင်းမှ မြန်မာ့လှည်း၊ ဂျပန်လွတ်လပ်ရေးခေတ် မြန်မာ့လှည်း၊ တော်လှန်ရေးအစိုးရခေတ် မြန်မာ့လှည်း၊ မျက်မှောက်ခေတ် မြန်မာ့လှည်း၏ အခန်းကဏ္ဍ | | | |
| ၁၃။ | ဂျပန်လွတ်လပ်ရေးခေတ် မြန်မာ့လှည်း တံဆိပ်ခေါင်း | ... | ... | ၆၇ |
| ၁၄။ | ယောက်ကော်ပြတိုက်ရှိ ချပ်ဘီးလှည်းဘီး | ... | ... | ၆၈ |
| ၁၅။ | တိမ်မြုပ်နေသည့် ချပ်ဘီးလှည်းများ | ... | ... | ၆၉ |
| ၁၆။ | သိမ်ချောင်းရွာမှ မြန်မာ့လှည်းယဉ် | ... | ... | ၇၀ |
| | ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းမှ အပျော်စီး လှည်းယဉ်များ | | | |
| ၁၇။ | လှည်းနှင့်ပတ်သက်သည့် စာပေများ | ... | ... | ၇၃ |
| ၁၈။ | လှည်းသီးချင်းစု | ... | ... | ၇၇ |
| | လှည်းလုပ်လို့စီး၊ နွားညီနောင် (လေးဆစ်) နွားညီနောင်လှည်းယဉ်ထပ်ချဲ့ (လေးချိုး)၊ လှည်းယဉ်တော်ကြွကြွ (လေးချိုး)၊ ဆင်ယင်ထုံးဖွဲ့ (ယိုးဒယား)၊ တောခလေ့ခွန်းထောက်လေးချိုး၊ လှည်းယဉ်ကြော့ကြော့ | | | |
| ၁၉။ | လှည်းဝေါဟာရများ | ... | ... | ၈၂ |
| ၂၀။ | လှည်းနှင့်ပတ်သက်သည့် စကားပုံများ | ... | ... | ၈၆ |
| | – လှည်းနိဂုံး | ... | ... | ၈၇ |
| | – ကျမ်းကိုးစာရင်း | ... | ... | ၈၉ |

# ကျေးဇူးတင် မှတ်တမ်း

**"မြန်မာ့လှည်း"စာမူ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်တို့က ကူညီအားပေး လမ်းညွှန်မှု ပြုခဲ့ကြသည့် –**

**ဆရာတော်** ဦးပညာဝံသ (ဘုံပျံ–ကြည့်မြင်တိုင်)၊ ဦးဇဝန (မြစေတီ)၊ မဃဒေဝ လင်္ကာသစ် အဖြေကျမ်းပြု၊ သဃ်န်းကျွန်း– အာစရဝံသကျောင်းမှ သံဃာတော်များ၊ ဓမ္မာစရိယ - ဦးဋ္ဌေးလှိုင်၊ ဒေါ်နုနု၊ စာကြည့်တိုက်မှူး၊ စာပေဗိမာန် စာကြည့်တိုက်၊ ဦးထွန်းအေး၊ စာပေဗိမာန်စာတည်းဌာန၊ ရည်ညွှန်းစာကြည့်တိုက်၊ သုတေသီ မြင့်ထွန်း၊ ယောက်ကော်အဖေကြီး (ယောက်ကော်ဆရာတော်ဟောင်း)၊ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ ပန်းဥယျာဉ် လှည်းယဉ်စခန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာဦးရွှေထွန်း (ကျန်းမာရေးမှူး၊ သိမ်ချောင်း)၊ မန်းတိုင်းသမ စာနယ်ဇင်း (ရန်ကုန်ရုံးခွဲ)၊ ဦးအောင်မြင့် (သိမ်ချောင်း)၊ ဦးမြသင်း (မယ်ဒလင်)၊ ဦးကြည်လှိုင်(ဒဂုံမြို့သစ် / တောင်)၊ မောင်အောင်ကျော်ဦး (ဒဂုံမြို့သစ် /တောင်) နှင့် မြန်မာ့ရိုးရာဒီဇိုင်းပညာရှင်ကြီး (ဆရာဦးအေးမြင့်) တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

## " လှည်းဘီးပမာ မှတ်ကြပါ "

ပြစ်မှားလိုသောစိတ်ဖြင့် ပြုလုပ် ပြောဆို ကြံစည်မှုတို့ကြောင့် လှည်းဘီးသည် နွား၏ ခြေရာနောက် အစဉ်လိုက်သကဲ့သို့ ထို (မကောင်းမှု) ပြုလုပ်သူအား ဆင်းရဲသည် အစဉ်လိုက်တတ်ချေ၏ ။

ဓမ္မပဒ

(ယမကဝဂ်၊ စက္ခုပါလတ္ထေရဝတ္ထု)

# ၁။ လှည်းအစ ပေါ်ပေါက်လာပုံ

ဆွစ်ဇာလန်နိုင်ငံနှင့် ဂျာမနီနိုင်ငံရှိ အဲလ်တောင်တန်းကြီးများတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀၀ (နှစ်သောင်း) ခန့်က နေထိုင်ခဲ့ကြသည့် ရေအိုင်ချိုင့်ဝှမ်းနေလူများတို့သည် ဘီးတပ်ယာဉ်များကို သုံးစွဲခဲ့ကြကြောင်းသိရပါသည်။

ပထမဦးဆုံး ဘီးတပ်ယာဉ်ကို ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၅၀၀ နှင့် ၄၀၀၀ အကြား ဆူးမားရီးယားနှင့် ဆီးရီးယားနိုင်ငံတို့တွင် အသုံးပြုနေကြပြီဟု ဆိုပါသည်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၀၀၀ ခန့်တွင်မူ မက်ဆိုပိုတေးမီးယားနိုင်ငံတွင် အသုံးတွင်ကျယ်လျက်ရှိပြီဟု ဆိုပါသည်။ ထိုမှတစ်ဆင့် ဣန္ဒုမြစ်ဝှမ်းသို့ ခရစ်တော်မပေါ်မီနှစ်ပေါင်း ၂၅၀၀ လောက်က ရောက်ရှိသွားနိုင်ကြောင်း သုတေသီတို့က ဖော်ပြခဲ့ကြပါသည်။

မက်ဆိုပိုတေးမီးယားနိုင်ငံတွင် သစ်သားချပ်ဝိုင်းလှည်းဘီးကို သမိုင်းပညာရှင်များက တူးဖော်ရရှိခဲ့ကြပါသည်။ ထိုလှည်းဘီးများသည် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ နှင့် ၆၀၀၀ ကြား အသုံးပြုခဲ့ဟန်တူကြောင်း သမိုင်းပညာရှင်တို့က ဆိုထားကြပါသည်။

ထိုလှည်းဘီးများကို လေ့လာကြည့်သောအခါ အချို့မှာဝန်ရိုး(ဝင်ရိုး) များပါရှိပြီး၊ နွား (သို့မဟုတ်) မြည်းများဖြင့် ဆွဲခဲ့ဟန်တူကြောင်း တွေ့ရှိရသည်။

မက်ဆိုပိုတေးမီးယား နိုင်ငံသားများသည် ယာဉ်ကိုပေါ့ပါးစေရန်အတွက် ချပ်ဝိုင်းလှည်းဘီးအစား ဘီးထောက်များပါရှိသည့် လှည်းဘီးများကို အသုံးပြုခဲ့ကြပါသည်။

ထို့နောက် လှည်းဘီးပြုလုပ်ခြင်း အတတ်ပညာရပ်များသည် တရုတ်နိုင်ငံသို့တိုင်အောင် ရောက်ရှိလာခဲ့သည်။ ထိုမှတစ်ဆင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ လှည်းအတတ်ပညာရပ်များ ရောက်ရှိလာခဲ့ခြင်း ဖြစ်ကြောင်း သုတေသီတို့က ဖော်ပြခဲ့ကြပါသည်။

သို့ရာတွင် တစ်ချိန်က ယဉ်ကျေးမှုထွန်းကားခဲ့သည့် အီဂျစ်နိုင်ငံ၌မူ ရာစုနှစ်ပေါင်းများစွာအထိ "ဘီး" ဟူ၍ မပေါ်ပေါက်ခဲ့သေးကြောင်းကိုလည်း အထောက်အထားများအရ သိရှိရပါသည်။

# ၂။ သာသနာအစ မြန်မာ့လှည်းက

မြန်မာနိုင်ငံသို့ လှည်းနှင့်ပတ်သက်သည့် အတတ်ပညာရပ်များ မည်သည့်အချိန်က ရောက်ရှိပြီး၊ မည်သူက စတင်အသုံးပြုခဲ့ကြောင်း အထောက်အထားများ မတွေ့ရှိရသေးပေ။

သို့သော် ဂေါတမဗုဒ္ဓပွင့်တော်မူစ အချိန်အခါကပင် လှည်းကိုအသုံးပြုနေကြပြီဖြစ်ကြောင်း၊ မြန်မာပြည်သာသနာဝင် အထောက်အထားတစ်ရပ် ထင်ထင်ရှားရှား ရှိပါသည်။

## မြန်မာ့ လှည်းကုန်သည်

မြန်မာနိုင်ငံ၌ ဥက္ကလာပမင်းကြီး စိုးစံစဉ်က ပေါက္ခရဝတီအသိတဥ္စနမြို့နေ သုဝဏ္ဏသူဌေးကြီး၏ သား တဖုဿ နှင့် ဘလ္လိက မည်သော ညီနောင်နှစ်ယောက်တို့သည် မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားကြရာ ကုန်ပစ္စည်းများကို သင်္ဘောဖြင့် တင်ဆောင်သွားကြသည်။

မဇ္ဈိမဒေသသို့ရောက်လျှင် သင်္ဘော၌ပါသွားသည့်ကုန်ပစ္စည်းများကို လှည်းပေါင်းငါးရာဖြင့် တင်ဆောင်၍ လှည့်လည်ရောင်းချကြောင်း ရာဇဝင်အဆောင်ဆောင်၌ ဖတ်ရှုရပါသည်။

အဆိုပါ သမိုင်းမှတ်တမ်းများအရ တဖုဿ နှင့် ဘလ္လိက ညီနောင်နှစ်ဦးတို့သည် မြန်မာနိုင်ငံမှ လှည်းကို ကနဦး တွင်တွင်ကျယ်ကျယ်အသုံးချခဲ့သူများ ဖြစ်ကြောင်း ထင်ရှားလှပါသည်။ ၎င်းပြင် ကုန်ပစ္စည်း များကိုလှည်းပေါင်း ၅၀၀ တို့ဖြင့် ရောင်းချရန် စီစဉ် ဆောင်ရွက်မှုမှာ အာရှတိုက်တွင် လှည်းခေတ်သည် ထိုအချိန်ကာလကပင် တွင်ကျယ်မှုရှိနေပြီဖြစ်ကြောင်း ကိုလည်း သိမြင်နိုင်ပါသည်။

## ဆံတော်ပင့်ဆောင် မြတ်ညီနောင်

တဖုဿနှင့် ဘလ္လိက ညီနောင်နှစ်ဦးတို့ မဇ္ဈိမ ဒေသသို့ရောက်သည့်အချိန်သည် မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်နေ့ ဖြစ်သည်။ ထိုနေ့သည် မြတ်စွာဘုရားရှင် သတ္တသတ္တာဟ စံနေ တော်မူပြီး ရှစ်ရက်မြောက်သည့်နေ့ ဖြစ်ပါသည်။

ညီနောင်နှစ်ဦးတို့သည် မြန်မာပြည်မှ ယူဆောင် သွားကြသည့် ပျားမုန့်ဆုပ်၊ ကြွက်ကျစ်စာမုန့်ဆုပ် တို့ကိုယူ၍ ရာဇယတန လင်းလွန်းပင်ရင်း၌ သီတင်း သုံးတော်မူနေသည့် မြတ်စွာဘုရားရှင်အား လက်အုပ် ချီမိုးရှိခိုးဝပ်တွားပြီး မုန့်များကိုဆက်ကပ်လှူဒါန်းကြ ပါသည်။ ထိုစဉ်က သံဃာရတနာမပေါ်ထွန်းသေး၍ "ဒွေဝါစိက သရဏဂုံ" ကို ခံယူဆောက်တည် ခဲ့ကြပါသည်။

တဖုဿနှင့် ဘလ္လိက ညီနောင်နှစ်ဦးတို့သည် ကိုးကွယ်ပူဇော်ရန်အတွက် ပေးသနားတော်မူရန် ဘုရားရှင်အားလျှောက်ထားတောင်းပန်ရာ ဘုရားရှင်က ဦးခေါင်းတော်ကိုအဝိဒ္ဓာန်၍ သုံးသပ်တော်မူပြီး ဆံတော်မြတ်ရှစ်ဆူကို ချီးမြှင့်တော်မူခဲ့သည်။

ဖော်ပြပါသမိုင်းအထောက်အထားများအရ မြတ်ဗုဒ္ဓ၏ဆံတော်ဓာတ်မြတ်ကို ရရှိခဲ့ကြသည့် မြန်မာနိုင်ငံမှ တဖုဿနှင့် ဘလ္လိက ညီနောင်နှစ်ဦးတို့အား လှည်းငါးရာက ကျေးဇူးပြုခဲ့ပုံကို တွေ့ရှိရပါသည်။ ၎င်းပြင် မြတ်ဗုဒ္ဓ၏ဆံတော်ဓာတ်မြတ်တို့အား ဥက္ကလာပနာ၍ ဒဂုံ (ရန်ကုန်) မြို့ကြီးတွင် ရွှေတိဂုံစေတီတော်ကြီးကို တည်ထားကိုးကွယ်နိုင်ခဲ့ပြီး မြတ်စွာဘုရားရှင်ထံ၌ ဒွေဝါစိကသရဏဂုံကို မြန်မာပြည်မှ ပထမဦးဆုံးခံယူဆောက်တည်နိုင်ခဲ့သည့်အတွက် "သာသနာအစ မြန်မာ့လှည်းက" ဟူ၍ ဥဒါန်းကျူးရင့်နိုင်ပါသည်။

## မြန်မာ့လှည်း သစ်ထွင်းပန်းပုလက်ရာ

ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်အနီးရှိ တန်ဆောင်းတစ်ခုတွင် ယခင်က တဖုဿနှင့် ဘလ္လိက ညီနောင်တို့မဇ္ဈိမဒေသတွင်လှည်းများဖြင့် ကုန်ရောင်းကုန်ဝယ်ပြုချိန်၌ အတိတ်ဘဝက မယ်တော်ဖြစ်ခဲ့ဖူးသောနတ်သမီးက လှည်းတို့ကို တန်ခိုးဖြင့်တန့်ရပ်စေပြီး ဘုရားရှင်အား ဖူးမြော်နိုင်ရန် ညွှန်ကြားနေဟန် သစ်ထွင်းရုပ်ကြွ ပန်းပုလက်ရာ တစ်ခု ရှိခဲ့ဖူးသည်ဟု သိရပါသည်။

သို့သော်လည်း ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ဖြစ်သည့် ၎င်းသစ်ထွင်းရုပ်ထုပန်းပုလက်ရာမှာ ဓာတ်ပုံနှင့် ပန်းချီပညာရှင်တို့၏ကျေးဇူးကြောင့်သာ ယခုချိန်တွင် ကျွန်ုပ်တို့မြင်တွေ့နိုင်ပေတော့သည်။



မြန်မာလှည်းသစ်ထွင်း ပန်းပုလက်ရာ

ယင်းသစ်ထွင်းပန်းပုလက်ရာကိုကြည့်ရှုပါက ရှေးခေတ်ကအသုံးပြုခဲ့သည့် မြန်မာ့လှည်းများ၏ ပုံပန်းသဏ္ဌာန်ကို မြင်တွေ့နိုင်ပါသည်။ လက်ရာအနေအထားမှာ ကုန်းဘောင်ခေတ်နှောင်းပိုင်းဖြစ်ပါသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ ကျော်က အဖြစ်အပျက်ကို သရုပ်ဖော်ထားသော်လည်း ပန်းပုအနုပညာရှင်၏ ခံစားမှုသဘောအရ ကုန်းဘောင်ခေတ်ကိုကိုယ်စားပြု၍ ရေးခြယ်ထုလုပ်ခဲ့ဟန်တူပါသည်။ အနုပညာမြောက်စွာ ထွင်းထုနိုင်ခဲ့သည့်အတွက် ကျွန်ုပ်တို့ ဂုဏ်ယူဝမ်းမြောက်စရာ ဖြစ်ရပါသည်။

# ၃။ ပါဠိတော်လာ လှည်းဝေါဟာရများ

"လှည်း"ဟူ၍ စတင်ခေါ်ဝေါ်နိုင်အောင် ဝေါဟာရပရိယာယ်ပြည့်စုံစွာပါရှိသည့် ပါဠိတော်များတွင် သုံးစွဲခေါ်ဝေါ်ပုံအချို့ကို ဖော်ပြလိုပါသေးသည်။ အဘယ်ကြောင့်ဆိုသော် "လှည်း" ဟူသောဝေါဟာရကို ပါဠိ (မာဂဓီ) ဘာသာရပ်ဖြင့် အသေးစိတ်မှတ်တမ်းတင်ထားပြီးဖြစ်သဖြင့် ကျွန်ုပ်တို့အဓိပ္ပာယ်ကို လွယ်ကူစွာ သိရှိနိုင်မည်ဖြစ်၏။ ကျွန်ုပ်တို့ ပါဠိ (မာဂဓ) ဘာသာမှတစ်ပါး အခြားသောဘာသာရပ်တို့တွင် လှည်းနှင့်ပတ်သက်၍ အသေးစိတ်မှတ်တမ်းတင်ထားသည်ကို ကျွန်ုပ်တို့မတွေ့ရှိရသေးချေ။

## ရှင်နာဂသိန်၏ လှည်းတရား

မိလိန္ဒမင်းနှင့် ရှင်နာဂသိန်ဟုဆိုလျှင် ဗုဒ္ဓစာပေကို တီးခေါက်မိသူတိုင်း ကြားဖူးနားဝရှိကြပြီးဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာတင် သုတ္တန်ပိဋကတ် ခုဒ္ဒကနိကာယ်၌ပါဝင်သည့် မိလိန္ဒပဉှာပါဠိတော်၌ လှည်းနှင့်ပတ်သက်သည့် ဝေါဟာရအတော်များများ တွေ့ရှိရ၏။

မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသိန် (အသျှင်နာဂသေန) တို့ မေးဖြေခန်းတစ်ခုတွင် မိလိန္ဒမင်းကြီးကဘာသာရေးနှင့်ပတ်သက်၍ ကတ်သီးကတ်သတ်မေးတတ်သူပီပီ "အသျှင်နာဂသေန ဆိုသည်မှာဆံပင် (သို့မဟုတ်) အမွေး၊ (သို့မဟုတ်) ခြေသည်း၊ လက်သည်း....စသည်ဖြင့် အဘယ်ဟာကိုနာဂသေနဟု ခေါ်ပါသနည်း" ဟု အရှိမဟုတ်သည့်တရား (ပညတ်) ကို မေးမြန်း၏။ ထိုအခါအသျှင်နာဂသိန်မထေရ်မြတ်က....

"အသင်မင်းကြီး၊ ခြေဖြင့်လာခဲ့သလော၊ သို့မဟုတ် ယာဉ်ဖြင့်လာခဲ့သလော" စသည်ဖြင့်မေးမြန်း၏။ ထိုအခါ မိလိန္ဒမင်းသည် ရထား (လှည်း) ဖြင့် လာခဲ့ကြောင်း လျှောက်တင်၏။ အသျှင်နာဂသိန်မထေရ်မြတ်က....

"မင်းမြတ်၊ အသို့နည်း၊ ရထားသန်သည် ရထားပေလော၊ ရထားဘီးတို့သည် ရထားပေလော၊ ရထားအိမ်သည် ရထားပေလော၊ ရထားထောက်သည် ရထားပေလော၊ ထမ်းပိုးတုံးသည် ရထားပေလော၊ ကြိုးတို့သည်ရထားပေလော၊ နှင်တံကြိမ်လုံးတို့သည် ရထားပေလော" စသည်ဖြင့် မိလိန္ဒမင်းကြီးအား ပြန်လှန်မေးခွန်းထုတ်၏။

ဤစကားရပ်များ၌ ပါဠိ (မာဂဓ)တွင် "ရထ" ဟုသုံးနှုန်းထားသည်ကို တွေ့ရှိရ၏။ ထို ရထ ကိုပင်ရထား(သို့မဟုတ်)လှည်းဟု ခေါ်ဝေါ်၏။ ရထစက္ကမိ(ရထားလှည်းဘီးစက်ကဲ့သို့)ဟု အဓိပ္ပာယ်ပြန်ကြ၏။ ရထ–သည် ရထား (လှည်း)၊ စက္က–သည် လည်ပတ်လျက်ရှိသည့်ရထားဘီး(လှည်းဘီး)ဟုဆိုလိုပါသည်။

ရှေးအခါက စက်မပါဘဲမြင်း သို့မဟုတ် နွားဖြင့် တပ်ဆွဲသည့်ယာဉ်ကို ရထား သို့မဟုတ် လှည်းဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသိန် မေးဖြေခန်းတွင် နှင်တံ၊ ကြိမ်လုံး၊ ကြိုးစသည့် ဝေါဟာရများကိုကြည့်ပါက၊ နွား သို့မဟုတ် မြင်းစသော ယာဉ်များဖြစ်နိုင်ကြောင်း သိမြင်နိုင်ပါသည်။ ထိုယာဉ်ကိုပင် ရထစက္က (ရထားလှည်းဘီး)ဟု သုံးစွဲခေါ်ဝေါ်ထားသဖြင့် ရထားနှင့်လှည်းသည် အဓိပ္ပာယ်တူဖြစ်ကြောင်း သိသာထင်ရှားပါသည်။

## ရထား (လှည်း) နှင့် စပ်လျဉ်းသုံးစွဲသည့် ဝေါဟာရများ

ရထဂုတ္တိ = မြားစသော လက်နက်တို့မှ ကာကွယ်စောင့်ရှောက်ရန် သံဖြင့်ပြီးသော ရထား။

ရထင်္ဂ = ရထားလှည်းဘီး။

ရထစမ္မ = ရထား၏သားရေ။

ရထဓုရ = ရထားဦး။

ရထပဉ္စရ = ရထားလှည်းအိမ်၊ ရထားချိုင့်။

ရထပွတ္ထရ = ရထားခင်းနီး။

ရထဖလက = ရထားပျဉ်ချပ်။

ရထယဋ္ဌိ = ရထားနှင်တံ၊ ရထားတံခွန်ရိုး။

ရထယုဂ = ရထားထမ်းပိုး။

ရထရသ္မိ = ရထားမြင်းဇက်ကြိုး။

ရထရေဏု = ရထားမြူ။

ရထဝရ = မြတ်သောရထား။

ရထဝါဟ = ရထားထိန်း။

ရထသဒ္ဒ = ရထားအသံ။

ရထသာလာ = ရထားတင်းကုပ်၊ ရထားရုံ။

ရထသိပ္ပ = ရထားအတတ်။

ရထက = ရထားငယ်။

ရထသီသ = ရထားဦး။

ရထသေန = ရထားတပ်၊ ရထားအပေါင်း။

ရထဿ = (ရထ+အဿ) ရထားမြင်း။

ရထာစရိယ = ရထားထိန်း၊ ရထားဆရာ။

ရထစာရီ = ရထားထိန်း။

ရထာဏီက = ရထားတပ်၊ ရထားအပေါင်း။

ရထာရုဠှ = ရထားစီးရဲသူ။

ရထာရောဟ = ရထားစီးသူရဲ။

ရထိက = ရထားစီးသူရဲ၊ ရထားရှင်။
ရထီ = ရထားစီးသူရဲ။

စသည်ဖြင့် ရထား(လှည်း) နှင့်စပ်သော ဝေါဟာရတို့ကို တွေ့ရှိပါသည်။ ဤပါဠိ(မာဂဓ) ဘာသာများကို လေ့လာကြည့်ရှုပါက ရထား(လှည်း)နှင့် ပတ်သက်၍ ရှေးကခေါ်ဝေါ်သုံးစွဲပုံ မည်သို့မည်ပုံအသုံးချပုံနှင့် အမြတ်တနိုးထားရှိပုံတို့ကို သိမြင်နိုင်ကြပါသည်။

## ပါဠိအဘိဓာန်လာ လှည်းဝေါဟာရများ

ပါဠိစာပေတွင် လှည်းနှင့်ပတ်သက်သည့် ဝေါဟာရအပြည့်အစုံရှိကြောင်း အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ လှည်းဝေါဟာရနှင့်ပတ်သက်၍ ပါဠိအဘိဓာန်တစ်ခုရှိ၏။ ထိုအဘိဓာန်ကျမ်းအမည်မှာ "အဘိဓာနပ္ပဒီပိကာ" ခေါ် "မာဂဓ" အဘိဓာန်ကျမ်းဖြစ်သည်။ ထိုကျမ်းကို၊ သီဟိုဠ်ကျွန်း(သီရိလင်္ကာ) မဟာပရက္ကမဟာပမင်း (မြန်မာဘုရင် နရပတိစည်သူမင်းနှင့် မင်းပြိုင်) လက်ထက် အရှင်မောဂ္ဂလာန် မဟာထေရ်မြတ် စီရင်ခဲ့၏။ ယင်းကျမ်းကို ယနေ့တိုင် ပြည်ထောင်စုမြန်မာနိုင်ငံရှိ ရဟန်း သံဃာတော်များ ပရိယတ္တိစာပေ လက်စွဲကျမ်းစာအဖြစ် အသုံးပြုလျက်ရှိပါသည်။

ထိုအဘိဓာနပ္ပဒီပိကာ (ခေါ်) အဘိဓာန်ကျမ်း၏ ဘူကဏ္ဍစတုဗ္ဗဏ္ဍ ဝေဿဝဂ်တွင် လှည်း ဝေါဟာရများကို တွေ့ရှိရသဖြင့် ထုတ်နုတ်တင်ပြပါဦးမည်။

ပတောဒ၊ တုတ္တ (တောတ္တ) ပါဇန (ပါစန) = နှင်တံ တံပြာ။
ယောတ္တ၊ ရဇ္ဇု၊ ရသ္မိ = ကြိုး။
ယုဝင်္ဂိလ = ထမ်းပိုးကျည်း။
ရထင်္ဂ စက္က = ရထားဘီး (လှည်းဘီး)။
သကဋ၊ အန = လှည်း။
ဓုရ = လှည်းဦး။
အက္ခ = ဝင်ရိုး။
ဥပက္ခရ = အပေါင်။
သာရထိ = ရထားထိန်း (လှည်းမှူး)။
ရထဂုတ္တိ = ရံတိုင်

စသည်ဖြင့် လှည်း၏အစိတ်အပိုင်းအခေါ်အဝေါ်များကို တွေ့ရှိရသည်။

ထို့ပြင်–
လှည်းဘီး၏အဆုံးသည် နေမိ = အဘွင် (တံကျ)၊
လှည်းဘီး၏အလယ်၌ = ဝန်းဝိုင်းသော၊ သဏ္ဍာန်ရှိသော
အချက်သည် နာဘိ = ပုံတောင်းဟူ၍လည်း

ဝေါဟာရများကို ဖော်ပြရှင်းလင်းထားသည်ကို တွေ့ရှိရပါသည်။ လှည်းရံတိုင်ကို အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အဘိဓာန်ဋီကာ၌ "မြား၊ တုတ်၊ လှံတံ စသောလက်နက်တို့ကို ကာကွယ်ခြင်းငှာ ပြုလုပ်ထားသောကြောင့် ရံတိုင် (ရန်တိုင်)" ဟူ၍ ဖွင့်ဆိုရှင်းလင်းပြထားရာ လှည်းရံတိုင်သည် အဓိပ္ပာယ်ရှိစွာ အသုံးပြုထားကြောင်း သတိပြုမိပါသည်။

## ရထား (လှည်း) နှစ်မျိုး

**အဘိဓာန်ပါဠိတော်၌ပင်** ရထား (လှည်း) အမျိုးအစားနှစ်မျိုးခွဲခြားပြဆိုထားသည်ကို တွေ့ရ၏။ ၎င်းတို့မှာ–

၁။ **သန္ဒနရထ = စစ်ရထား** (စစ်လှည်း) (စစ်ပွဲသုံးလှည်း)၊

၂။ **ဖုဿရထ = မင်္ဂလာရထား** (လှည်း)၊ အပျော်အပါးစီးသည့်ရထား (လှည်း) တို့ဖြစ်သည်။

ထိုနှစ်ပါးတို့တွင် "စစ်ရထား (လှည်း) သည် လေးထောင့်ပုံသဏ္ဍာန်ရှိပြီး နှစ်ယောက်၊ သုံးယောက် စီးသာရုံရှိ၏။ မင်္ဂလာရထား (လှည်း) သည် ကြီးမားပြီး လူဆယ်ယောက်ခန့်ထိုင်သာ၏၊ လျောင်းနိုင်၏၊ အိပ်နိုင်၏။ ထီး၊ သားမြီးယပ်၊ ထန်းရွက်ယပ်ဝန်း စသည်တို့ကို ကိုင်စွဲနိုင်၏" စသည်ဖြင့် မူလပဏ္ဏာသပါဠိတော်၊ စူဠဟတ္ထိပဒေါပမသုတ်တော်တွင် ဖွင့်ဆိုထားပါသည်။

## ဖုတ်သွင်းရထား

ကျွန်ုပ်တို့နားလည်သိရှိနေကြသော "ဖုတ်သွင်းရထား" ဆိုသည်မှာ တခြားမဟုတ်ဘဲ ဖုဿရထ=မင်္ဂလာရထား (လှည်း) ကိုပင် သဒ္ဒါနုသာရီအားဖြင့် ရှေးဆရာတို့ မြန်မာအနက်ပြန်ခဲ့သည်ကို သဘောပေါက်နားလည်မိပါသည်။

(ဖုဿရထန္တိမင်္ဂလရထံ) = ဖုဿရထဟူသည် မင်္ဂလာရထား (လှည်း) ပေတည်း... ဟု အင်္ဂုတ္တရဝဂ္ဂတေဒဂ္ဂ ဋီကာ၊ နိဒါနဝဂ္ဂ ကဿပသံယုတ္တဋီကာများတွင် ထပ်မံဖွင့်ဆိုထားရာ ဖုတ်သွင်းရထားနှင့် ပတ်သက်၍ ကျွန်ုပ်တို့ဝေခွဲမရ စိတ်ဒွိဟဖြစ်နေရန် မလိုတော့ပေ။

မူလတန်းကျောင်းတွင် မြန်မာဖတ်စာကိုသင်ကြားခဲ့ရာ၌ အလောင်းတော်မဟာဇနက္ကမင်းကြီး ပင်လယ်အတွင်းသင်္ဘောပျက်၍ မေ့လျော့နေစဉ် မေခလာနတ်သမီးကယ်မပြီး ကျောက်ဖျာထက်၌ ချထားရာ ဖုတ်သွင်းရထားဆိုက်လာကြောင်း သင်ကြားခဲ့ရ၏။ သို့သော် အဓိပ္ပာယ်ကိုနားမလည်ခဲ့ပါ။ ကျွန်ုပ်တို့မျက်စိဝယ် ထိုအချိန်က ကျောက်မီးသွေးဖြင့်ထုတ်မောင်းနေသည့် မီးရထားကိုသာ မြင်ယောင်နေမိ၏။

ယခုမှ ပါဠိအဘိဓာန်များ၏ကျေးဇူးကြောင့် အပျော်စီးမင်္ဂလာယူသည့်လှည်းကိုပင် ဖုတ်သွင်းရထား (ဖုဿရထ) ခေါ်ကြောင်း သိရှိခဲ့၏။ ပါဠိတော်များကို မြန်မာဘာသာသို့ နိဿယပြန်ဆိုတော်မူခဲ့ကြသော ဆရာတော်၊ သံဃာတော်အရှင်မြတ်တို့၏ ကျေးဇူးပင်။

# ၄။ လှည်းဘီးနှင့် သာသနာ့အထိမ်းအမှတ်

လှည်းဘီး၏အရေးပါပုံနှင့်ပတ်သက်၍ ဆက်လက်ဖော်ပြလိုပါသေးသည်။ လှည်းဘီးကို "စက္က" ဟူ၍ ပါဠိစာပေတွင် သုံးနှုန်းကြောင်း အထက်၌ဖော်ပြပြီး ဖြစ်ပါသည်။ ယင်း– "စက္က"သဒ္ဒါကိုပင် အစွဲပြု၍ (ဝါ)လှည်းဘီးကိုပင် အခြေပြု၍ ဓမ္မစက္က = တရားတည်းဟူသောစက်။ ဓမ္မစက္ကပဝတ္တန = တရား တည်းဟူသောစက်ကိုလည်စေခြင်း။ စက္ကရတန = စကြာရတနာ။ ကုလာလသက္က = အိုးထိန်းစက်။ သံသာရစက္က = သံသရာတည်းဟူသောစက် စသည်ဖြင့် လူတိုင်းကြားဖူးနားဝရှိနေကြသည့် စကားများကို သတိပြုမိကြပါလိမ့်မည်။

လှည်းဘီးသည်နွား မြင်း နောက်သို့တကောက်ကောက်လိုက်ပါ၍ လည်ပတ်နေရသကဲ့သို့၊ ထို့အတူ မည်သည့်အရာဝတ္ထုဖြစ်စေ မရပ်မနားလည်ပတ်နေရခြင်းများကို လှည်းဘီးနှင့်ထပ်တူပြု၍ စက္က ဟူ၍ သုံးနှုန်းထားသည်ကို သတိပြုနိုင်ပါသည်။

ဝန်းဝန်းဝိုင်းဝိုင်း ဓမ္မစကြာပုံများကိုကြည့်ပါက လှည်းဘီး၏အခြေခံကိုယူ၍ ရေးဆွဲထုထားကြောင်း သိသာထင်ရှားလှပါသည်။

ယနေ့တိုင်မရှိုးနိုင်သည့်ဓမ္မစကြာပုံတော် သာသနာ့အထိမ်းအမှတ်တံဆိပ်သည်ပင် လှည်းဘီးကို အခြေတည်၍ပြုလုပ်ထားကြောင်း အခိုင်အမာဆိုနိုင်မည် ဖြစ်ပါသည်။

## လှည်းဘီးသာ မပေါ်ခဲ့ပါက

ထို့ပြင် မော်ဇာကျောက်ကပ်ကုန်းမှရသည့် ပုံအမှတ် (၆၅)၊ ရှေးဟောင်းအုတ်ခွက် ရုပ်ပွား ဆင်းတုတော်များ (ဒုတိယတွဲ) တွင်ပါရှိသည့် စကြာပုံကို လေ့လာပါက၊ လှည်းဘီး၏သရုပ်သဏ္ဍာန်ပို၍ပေါ်လွင်ထင်ရှားနေသည်ကို တွေ့ရပါသည်။

လှည်းဘီးကိုပင်အခြေတည်၍ အိုးလုပ်သည့်စက်၊ ချည်ငင်သည့်စက်၊ ရက္ကန်းစက်၊ မုန့်ကြိတ်စက် စသည်ဖြင့် ဖြစ်လာကြပါသည်။ အရေးပါသည့်စက်ကိရိယာ အစိတ်အပိုင်းများ ဖြစ်ကြသည့် အားထိန်းဘီး၊ ခွေးသွားစိပ်ဘီး၊ စက်မောင်းဘီး စသည်တို့ကို တီထွင်ခဲ့ကြ၏။ ယနေ့ လူတို့အသုံးပြုစားသောက်ဝတ်ဆင်နေကြရသည့် ပစ္စည်းကိရိယာတန်ဆာပလာများသည် လှည်းဘီး မှတစ်ဆင့် တီထွင်ခဲ့ကြသည့် စက်ဝိုင်းဘီး၏လည်ပတ်မှုဖြင့် ပြုလုပ်ထားသောပစ္စည်းများပင် ဖြစ်ပါသည်။

ရထား၊ ကား၊ လေယာဉ်၊ ဂြိုဟ်တု၊ ဒုံးပျံ စသည့် လျှပ်စစ်ပစ္စည်းများသည်လည်း၊ လှည်းဘီးကို အခြေတင်၍ သိပ္ပံနည်းကျကျ စမ်းသပ်တီထွင် အောင်မြင်သည့် ကိရိယာများဖြစ်ကြောင်း သိရှိနိုင်ပါသည်။



အသောကကျောက်စာတိုင်မှ
သာသနာ့အထိမ်းအမှတ်

ဤဘီးသာမပေါ်ခဲ့ပါက ယဉ်ကျေးမှုတစ်ရပ်လုံးသည် ပေါ်ထွန်းမလာနိုင်လောက်အောင်ရှိ၍၊ ဘီးသည် မရှိမဖြစ်သောအရာဖြစ်လာပေသည်။ ဘီးသာမပေါ်ပါက လေယာဉ်များလည်း ပျံနိုင်မည်မဟုတ်ပေ။ စက်ရုံများလည်း လည်ပတ်နိုင်မည်မဟုတ်ပေ။ ဤအရာများသည်ပင် ကမ္ဘာကြီးကိုလည်ပတ်နေစေခြင်း ဖြစ်ပေသည်ဟူ၍ စက်မှုဆိုင်ရာတီထွင်မှုများကို သုံးသပ်ဖော်ပြထားသည့် "တီထွင်မှုသမိုင်းကြောင်း" (စာမျက်နှာ ၈)တွင်စာရေးဆရာ အီဂွန်လာဆင်(ဂျာမနီ)က သုတေသနပြု ရေးသားထားသည်ကို ဖတ်ရှုရပါသည်။အနောက်နိုင်ငံများကပင်လက်ခံအတည်ပြုရသော "လှည်းဘီး"၏ အကျိုးကျေးဇူးပင် ဖြစ်ပါသည်။

## အရေးပါသည့်လှည်းဘီး

လှည်း၏ အရေးပါဆုံးလှည်းဘီးနှင့်ပတ်သက်၍ ဗုဒ္ဓစာပေများတွင် အသုံးပြုခဲ့ပုံတို့မှာ များလှပါသည်။ စက်၏အစိတ်အပိုင်းများတွင် "ဘီး" ကိုတွင်ကျယ်စွာ အသုံးပြုကြသကဲ့သို့ ဗုဒ္ဓစာပေများတွင်လည်း "စက္က = လှည်းဘီး" ကဲ့သို့ဝန်းဝိုင်းသောအရာကို မြောက်မြားစွာသုံးစွဲထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ဗုဒ္ဓစာပေကို အခြေပြု၍ ရေးဖွဲ့ထားသော ပျို့ကဗျာလင်္ကာများ၌လည်း "ခိုက်ကြွဝိပါက်၊ သံသာစက်၌"ဟူ၍လည်းကောင်း၊ "ရှေ့စက်နင်းနိပ်၊ ရာတံဆိပ်ဖြင့်၊ မြန်ထိပ်ခတ်တပ်၊ ရှင်တော်ကွပ်သား" ဟူ၍လည်းကောင်း၊ "မာရဇိဘဂဝါ၊ ထွင့်သကျာ၏၊ သာသနာရောင်စက်၊ ပြောင်ပြောင်လက်၍"ဟူ၍လည်းကောင်း အမျိုးမျိုးတွေ့ရှိရပါသည်။ ခြုံ၍ဆိုရလျှင် စက္က = လှည်းဘီး ဟူသောဝေါဟာရသာ မပေါ်ပေါက်ခဲ့ပါက သံသရာလည်ပုံ၊ အာဏာစက်၊ ဓမ္မစက်လည်ပုံနှင့် ယန္တရားလည်ပတ်ပုံ စသည်တို့၌ အဓိပ္ပာယ်ပေါ်လွင်အောင် ထိထိရောက်ရောက် ဖော်ပြနိုင်မည်မဟုတ်ပါချေ။

ထို့ကြောင့် လှည်းသည်နေရာတိုင်းတွင် အရေးပါအရာရောက်ခဲ့သည့် ပစ္စည်းတစ်ခုဖြစ်ကြောင်း ထင်ရှားလှပါသည်။

## မြတ်ဗုဒ္ဓ၏ ၁၀၈ ကွက် စက်လက္ခဏာတော်

ဗုဒ္ဓဘာသာဝင်တိုင်းလိုပင် မြတ်စွာဘုရား၏ "ခြေတော်ရာ (ဝါ) စက်တော်ရာ" ကိုဖူးမြင်ဖူးကြပါသည်။ မင်းဘူး – စက်တော်ရာသို့ အဖူးအမြော်ရောက်ဖူးကြပါသည်။ မြတ်စွာဘုရားရှင်၏ စက်တော်ရာပုံ(ပန်းတမော့)ကို သေချာစွာ လေ့လာစူးစမ်းကြည့်ပါလျှင် ၁၀၈ ကွက်စက်လက္ခဏာတော်ကို ထူးခြားဆန်းကြယ်စွာဖူးတွေ့နိုင်ပါသည်။

ရှင်မဟာရဋ္ဌသာရ၏ စက်တော်ရာဘုရားရှိခိုးတွင် "ရတနာထွန်းလင်း၊ အဆင်းသန့်သန့်၊ အကန့်တစ်ထောင်၊ ရွှေရောင်ခြယ်သ၊ တစ်ရာ့ရှစ်ကွက်၊ ခြေတော်စက်ကို"ဟူ၍ ပါရှိသည်ကို သတိပြုမိပါလိမ့်မည်။

၁၀၈ ကွက်၊ စက်လက္ခဏာတော်ဆိုသည်မှာ လက်ယာအထက်ထောင့်ရှိ "လုံ" ပုံတော်မှစ၍ လက်ဝဲဘက်သို့ လှည်ကာအတွင်းသို့ တဖြည်းဖြည်းရစ်၍ ရေတွက်သွားလျှင် ၁၀၈ ကွက်စက်လက္ခဏာတော်ကိုဖူးတွေ့ရမည်ဖြစ်ပါသည်။

ထိုစက်လက္ခဏာတော် ၁၀၈ ကွက်ကို သတိပြုကြည့်ပါက လှည်းဘီးကဲ့သို့အဝန်းအဝိုင်း (ဝါ) စက်ဝိုင်းပုံအတွင်း ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။

"အကန့်တစ်ထောင်" ကို ဖော်ပြရာ၌ စက်ဝိုင်းကိုလှည်းဘီးသဏ္ဍာန်ပြု၍ (ပါဠိတော်များက ညွှန်ပြထားသည့်အတိုင်း)ပန်းတမော့ပညာရှင်များက ထွင်းထုထားသည်ကို တွေ့ရှိကြမည်ဖြစ်ပါသည်။

အလျဉ်းသင့်၍ ဖော်ပြရပါလျှင် ၁၀၈ ကွက် စက်လက္ခဏာတော်နှင့် တသီးတခြားဖြစ်သည့် **"စက်တော်"**သည် မြတ်စွာဘုရားခြေတော်ရာ(ခြေဖဝါး)ကို လေးဖို့တစ်ဖို့ပြု၍ တတိယအဖို့ဖြစ်သော **ဖမျက်တော်**၏ တည်ရာအလယ်တစ်ဖို့တွင် တည်ရှိပါသည်။ "အကန့်တစ်ထောင်" သရုပ်ဖော်ထုလုပ်ထားသည့် ပန်းတမော့လက်ရာရှိ လှည်းဘီးပုံစက်ဝိုင်း(အကန့်တစ်ထောင်)နေရာကို ဆိုလိုပါသည်။

မြတ်စွာဘုရား၏ စက်တော်ရာကိုပြဆိုရာ၌"လှည်းဘီး"ကိုအခြေခံ၍ ပုံဖော်ပြသထားခြင်းမှာလည်း "စက္က = လှည်းဘီး"၏အခြေခံသဘောတရားပါရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ထိုပါဠိစာပေများတွင် လှည်းနှင့်ပတ်သက်၍ အခိုင်အမာဖွင့်ဆိုထားသည်များကို သိနိုင်လောက်ပြီဖြစ်ပါသည်။ ယင်းသို့ သိရှိထားမှသာ ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်လက်ထက်မှစ၍ အမြတ်တနိုးသုံးစွဲလာခဲ့ကြသည့် မြန်မာ့လှည်း၏ ယဉ်ကျေးမှုအခန်းကဏ္ဍကို အမြတ်တနိုးတန်ဖိုးထားရမှန်းသိရှိလာကြမည်ဖြစ်ပါသည်။

# ၅။ ဘုရားရှင်လှည်းမှူး (ဝါ) ခေါင်းဆောင်မှုအတတ်ပညာ

“ရှေ့ဆောင်နွားလား
အကောက်သွားက
နောက်နွားတစ်သိုက်
အကောက်လိုက်၏”

ဟူ၍ (မဃဒေဝ၊ ပိုဒ်ရေ ၂၇၈)ဆိုထားသကဲ့သို့ရှေ့ဆောင်ဦးစီးအကြီးအမှူး ပြုလုပ်သူသည် နောက်လိုက်ငယ်သားများ၏အားထားရာအစစ်ဖြစ်ပါသည်။ရှေ့ဆောင်လမ်းပြသူက လမ်းမှားလမ်းကောက်ကိုလျှောက်မိပါကနောက်လိုက်ငယ်သားများမှာလည်းဒုက္ခရောက်ကြမည်သာ ဖြစ်ပါသည်။

ထိုနည်းတူပင် လှည်းကောင်းတစ်ခုဖြစ်ရုံမျှဖြင့် မပြီးသေး။ လှည်းဦးစီး (ဝါ) လှည်းမှူးလုပ်မည့်သူသည် အရေးပါ၏။ နွားကိုမောင်းတတ်ရုံဖြင့် လှည်းဦးစီးလုပ်ချင်၍ မရ။ သွားရမည့်ခရီး၊ ရောက်နိုင်မည့်အချိန်၊ လမ်းခရီး၌ တွေ့ရမည့်အခက်အခဲနှင့် လျှပ်တစ်ပြက် တွေ့ကြုံရတတ်သည့်ကိစ္စအဝဝကို တာဝန်ယူဆုံးဖြတ်တတ်ဖို့လို၏။

ထို့ကြောင့် တောင်သူဦးကြီးများသည် မနက်စောစောထ၍ လှည်းဖြင့်ခရီးထွက်ကြသည့်အခါ၌ လှည်းနှင့်ပတ်သက်၍ လိမ္မာပါးနပ်ကျွမ်းကျင်သည့်ပုဂ္ဂိုလ်ကို ရှေ့ဆုံးမှဆရာတင်ပြီး မောင်းနှင် ကြရ၏။ ယင်းရှေ့ဆောင်လှည်းဦးစီးပြောသမျှကိုနာခံကြရ၏။ သတိပေးသည့်အတိုင်း လိုက်နာကြရ၏။

ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်များနှုတ်တွင် အမြဲရွတ်ဆိုနေကြဖြစ်သော မြတ်စွာဘုရားရှင်၏ ဂုဏ်တော် ၉ ပါးတွင် ခြောက်ခုမြောက်ဖြစ်သောဂုဏ်တော်သည် “အနုတ္တရောပုရိသ ဓမ္မသာရထိ” ဖြစ်ပါသည်။

ထိုဂုဏ်တော်၏ အဓိပ္ပာယ်မှာ–

“မယဉ်ကျေးသော လူနတ်ဗြဟ္မာသတ္တဝါတို့ကို ယဉ်ကျေးအောင် နည်းအမျိုးမျိုးတို့ဖြင့် ဆုံးမသွန်သင်တော်မူတတ်သော မြတ်စွာဘုရား” ဟူ၍ဖြစ်၏။ ထိုအဓိပ္ပာယ်ကိုပင် လိုရင်းအနက်ဖွင့်ပါက၊ “မြတ်စွာဘုရားရှင်သည် လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ရှေ့ဆောင်လှည်းဦးစီး (ဝါ) ရှေ့ဆောင်လှည်းမှူးကြီး”ဟုဆိုလိုပါသည်။

ဤအချက်သည်ပင် လှည်းသည်သာမည မဟုတ်ဘဲ လောကလူသားများအားလုံး အလေးဂရုပြုစရာဖြစ်ကြောင်း သိသာထင်ရှားလှပေ၏။ တိုင်းပြည်တစ်ပြည်တွင် ခေါင်းဆောင်ပုဂ္ဂိုလ်အရေးကြီးသကဲ့သို့ လှည်း၌လည်း လှည်းမှူးသည် အရေးပါလှ၏။

မြတ်စွာဘုရားရှင်သည် ရှေ့ဆောင်လှည်းမှူးဖြစ်ကြောင်း ပြဆိုထားသည်ကို ထောက်ဆသောအားဖြင့် ဘုရားရှင်ပွင့်တော်မူစဉ်အခါက လှည်းကိုတွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပြီဖြစ်ကြောင်းကိုလည်း ကျွန်ုပ်တို့နားလည်သိရှိနိုင်လောက်ပေပြီ။

ခုဒ္ဒကနိကာယ် ငါးရာ့ငါးဆယ်ဇာတ်တော်ကြီး၌ လှည်းနှင့်ပတ်သက်သည့်ဇာတ်တော်များ ပါရှိပါသည်။ထိုဇာတ်တော်များသည် လှည်းဦးစီး (ဝါ) လှည်းမှူး၏ အရေးပါပုံများကို ပြဆိုထားခြင်းဖြစ်၍ ဤနေရာ၌အကျဉ်းမျှထုတ်နုတ်တင်ပြပါဦးမည်။

## သဲကန္တာရထဲမှ လှည်းသားငါးရာ

မြတ်စွာဘုရားအလောင်းတော်သည် ကာသိတိုင်း ဗာရာဏသီပြည်၌ လှည်းကုန်သည်တို့၏ အကြီးအမှူး လှည်းဦးစီးခေါင်းဆောင် ဘဝဖြစ်ခဲ့စဉ်က အဖြစ်အပျက်တစ်ခုဖြစ်ပါသည်။

ဘုရားအလောင်းလှည်းမှူးဦးဆောင်၍ လှည်းသားငါးရာတို့သည် ကုန်ပစ္စည်းအမျိုးမျိုးကို တင်ဆောင်ကာ အနယ်နယ်အရပ်ရပ်သို့ ကုန်ရောင်းထွက်ခဲ့ကြသည်။ တစ်နေ့တွင် လှည်းသားငါးရာမှာ မျက်စိလည်လမ်းမှားပြီး သဲကန္တာရကြီးတစ်ခုကို ဖြတ်ကျော်နေရသည်။ ကမ်းမမြင်လမ်းမမြင်နိုင်အောင်ဖြစ်နေကြ၏။

လမ်းခရီး၌သုံးဆောင်ရန်အတွက် ယူဆောင်ခဲ့ကြသောအစာရေစာမှာလည်း ကုန်ခန်းသွား၏။ အထူးသဖြင့် နွားများလည်း အစာရေစာငတ်မွတ်သဖြင့် မရုန်းကန်နိုင်ကြတော့ပေ။ အထူးသဖြင့် ရေအငတ်ဘေးဆိုက်ရောက်နေကြ၏။ သောက်သုံးရေပြတ်လပ်သွားသဖြင့် လူရောနွားပါ အားအင်ချည်နဲ့ကုန်၏။ လှည်းသားငါးရာတို့အဖို့ ရေမှတစ်ပါး အခြားမရှိပြီ။

လှည်းဦးစီးမှူးဖြစ်သည့် ဘုရားအလောင်း၏စိတ်ထဲ၌ ရေရရှိရေးအတွက် မည်သို့ပြုလုပ်ရမည်ကိုသာကြံဆနေ၏။ သဲကန္တာရအတွင်း ရေတွင်းတူးရမည်ဖြစ်၍ လှည်းသားငါးရာတို့ကို ခိုင်းစေရန် မလွယ်ကူလှချေ။ သို့သော်လည်း ခရီးဆက်ရန်အတွက် ရေမှတစ်ပါးအခြားမရှိပြီဖြစ်ရာ ဘုရားလောင်းလှည်းမှူးသည် လှည်းသားငါးရာတို့အား ဖျောင်းဖျပြောဆို၍ ရေတွင်းတူးစေ၏။

လှည်းသားငါးရာတို့လည်း ဘုရားလောင်းလှည်းမှူးပြောဆိုသည့်အတိုင်း တစ်ယောက်တစ်လှည့်ဖြင့် သဲကန္တာရအတွင်း ရေတွင်းတူးဖော်ကြသည်။ အတောင်ပေါင်းများစွာနက်အောင် တူးနေစဉ်မှာပင် ကျောက်ဖျာကြီးတစ်ခုကို စမ်းသပ်တွေ့ရှိလိုက်ရသဖြင့် လှည်းသားငါးရာမှာ တစ်ဦးမျက်နှာတစ်ဦးကြည့်လျက် အားငယ်စိတ်များ ဖြစ်ပွားလျက်ရှိ၏။ ထိုင်သူထိုင်မှိုင်သူမှိုင်ဖြစ်သွား၏။

ဘုရားလောင်းလှည်းမှူးက လှည်းသားငါးရာတို့အား ခေတ္တအနားယူစေပြီး ရေတွင်းထဲဆင်းသက်ကာ ကျောက်ဖျာထက်တွင် နားဖြင့်ကပ်လျက် လေ့လာစူးစမ်း၏။ ထိုအခါ ကျောက်ဖျာအောက်မှ ရေစီးဆင်းသကဲ့သို့သောအသံများကို ကြားရ၏။

ဘုရားလောင်းလှည်းမှူးသည် ခွန်အားဗလတောင့်တင်းကြံ့ခိုင်သည့် လှည်းသားတစ်ဦးအား ရှာဖွေပြီး တူတစ်လက်ကို ပေးအပ်ကာ–

"အမောင်–––ဤတူဖြင့် ကျောက်ဖျာကိုထုခွဲနိုင်ခဲ့လျှင် လူနှင့်နွားများအားလုံး အသက်ဘေးမှ ချမ်းသာရအံ့။ လက်လျှော့အရှုံးပေးခဲ့သော် လူနှင့်နွားများအားလုံး ဤသဲကန္တာရထဲ၌ အသက်ဆုံးရှုံးရအံ့။ ထို့ကြောင့် အမောင်ကြိုးစားပြီး ခွန်အားစိုက်ထုတ်ကာ ကျောက်ဖျာကြီးကို ထုခွဲပေးပါလော့"ဟု တိုက်တွန်းပြောဆို၏။

ထိုအခါ ခွန်အားဗလတောင့်တင်းခိုင်မာသည့် လှည်းသားတစ်ဦးသည် ကျောက်ဖျာကြီးကို ခွန်အားစိုက်ထုတ်ရိုက်လိုက်ရာ ပြင်းထန်သည့်တူချက်ကြောင့် ကျောက်ဖျာကြီးမှာ အစိတ်စိတ်အမြွှာမြွှာကွဲထွက်သွားပြီး ရေများဒလဟော အပေါ်သို့ပန်းထွက်လာ၏။ ရေတွင်းဘေးတွင် မှိုင်တွေနေကြသည့် လှည်းသားများလည်း လက်ပမ်းပေါက်ခတ် ဝမ်းသာကြည်နူးရွှင်မြူးကြ၏။

ထိုရေကိုသောက်သုံး၍ ရေချိုးသန့်စင်ကြပြီး ရေကိုပြည့်စုံအောင်သိုမှီးလျက် ခရီးဆက်ထွက်ခဲ့ကြရာ သဲကန္တာရကို လွန်မြောက်ခဲ့ကြ၏။ မိမိတို့သွားလိုရာခရီးအသီးသီးသို့ အောင်မြင်စွာ ရောက်ရှိနိုင်ခဲ့ကြ၏။

(၅၅၀ ဇာတ်ဝတ္ထု၊ ဝဏ္ဏုပထဇာတ်)

## အာရှတိုက်မှစတင်ခြင်းဖြစ်နိုင်

ဤကား လှည်းနှင့်ပတ်သက်သည့် အရေးကြီးသောလှည်းဦးစီး(လှည်းမှူး)၏ အရေးပါပုံဖြစ်ပါသည်။ ဤဇာတ်တော်ကို ထောက်ဆ၍ ကျွန်ုပ်တို့သိရှိနိုင်သည့်အချက်မှာ ဘုရားလောင်းနှစ်ဦး ဘဝကပင် လှည်းကို အသုံးပြုခဲ့မှုရှိကြောင်းပင် ဖြစ်သည်။ အစတွင်ဆိုခဲ့သည့် ဆွစ်ဇာလန်၊ ဂျာမနီနှင့် မက်ဆိုပိုတေးမီးယား နိုင်ငံတို့မှ လှည်းကိုစတင်၍အသုံးပြုကြကြောင်း မျက်မြင်အထောက်အထားအရ သုတေသီတို့ကယူဆထားကြသော်လည်း အထက်ပါဇာတ်တော်ကို လေ့လာပါက လှည်းသည်အာရှတိုက်သားများထံမှ စတင်ခဲ့ခြင်းဖြစ်တန်ရာ၏ဟု ဆိုချင်ပါသည်။ ဆိုလည်း ဆိုနိုင်ပါသည်။

## အောင်မြင်စေသည့် နည်းကောင်းပြသ

ဤဇာတ်တော်တွင် လှည်းဦးစီးအရေးပါအရာရောက်သကဲ့သို့ နိုင်ငံအုပ်ချုပ်ရာ၌လည်း ခေါင်းဆောင်ပုဂ္ဂိုလ်သည် အရေးကြီးပုံကို ညွှန်ပြထား၏။ ပညာရှိ ဘုရားလောင်းလှည်းဦးစီးမှူးက ဉာဏ်ပညာနှင့် စဉ်းစားနိုင်းချိန်မှုရှိသော်လည်း ကူညီဆောင်ရွက်တတ်သည့် အောက်လက်ငယ်သားများရှိဖို့ အထူးလိုအပ်ပြန်ကြောင်း လမ်းညွှန်ပြထား၏။ ခေါင်းဆောင်ပုဂ္ဂိုလ်က ညွှန်ကြားသည့်အတိုင်း ငယ်သားများက လုံ့လရှိရှိ ခွန်အားစိုက်ထုတ်တတ်ပါမှ ချမ်းသာသုခကိုရရှိခံစားနိုင်ကြမည်ဖြစ်ကြောင်း ဤ ဇာတ်တော်က ညွှန်ပြထားခြင်းဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် လှည်းကိုအကြောင်းပြု၍ ဖြစ်ပေါ်ခဲ့သောအောင်မြင်ရေးအတွေးအခေါ် ဇာတ်လမ်းတစ်ခုပင်ဖြစ်ပါသည်။

## တွေးခေါ်ပညာရှင်လှည်းမှူး

ရှေးပဝေသဏီကာလက ကာသိတိုင်း၊ ဗာရာဏသီပြည်တွင် ဘုရားအလောင်းသည် လှည်းသားငါးရာတို့ကို ကြီးမှူးအုပ်ချုပ်လျက် အမြို့မြို့အရွာရွာသို့ ကုန်ပစ္စည်းများရောင်းဝယ်ဖောက်ကား၍နေ၏။ ဒေဝဒတ်အလောင်းသည်လည်း ဘုရားလောင်းနည်းတူ လှည်းသားငါးရာတို့၏ အကြီးအမှူးဖြစ်လျက် ကုန်ပစ္စည်းများ တင်ပို့ရောင်းချ၍နေ၏။

တစ်နေ့တွင် ခေါင်းဆောင်လှည်းမှူးနှစ်ဦးသည် ကုန်စည်အပြည့်ဖြင့် တစ်လမ်းတည်းသောအရပ်ဒေသသို့ အရောင်းအဝယ်သွားကြရန် စီမံဆောင်ရွက်လျက်ရှိ၏။ ဘုရားအလောင်းလှည်းမှူးက ကြိုတင်စဉ်းစားမိသည်မှာ–

"တစ်လမ်းတစ်ခရီးတည်း လှည်းပေါင်းတစ်ထောင်တို့ဖြင့် ခရီးထွက်ရလျှင် လူနှင့် နွားများ အစာရေစာကြောင့် ဒုက္ခမျိုးစုံတွေ့ကြုံနိုင်၏ " ဟု စဉ်းစားမိသည်။ သို့ဖြစ်၍ ဒေဝဒတ်အလောင်းထံ သွားရောက်၍ အကျိုးအကြောင်းရှင်းလင်းပြောကြားရာ ဒေဝဒတ်အလောင်းမှာ စဉ်းလဲကောက်ကျစ်သူပီပီ ခရီးထွက်ရန် ကြိုတင်စီစဉ်ထားပြီးဖြစ်၍ ရှေ့မှအလျင်သွားလိုကြောင်း ပြန်ကြားလိုက်၏။

အမှန်စင်စစ် ဒေဝဒတ်အလောင်းသည် ရှေးဦးစွာ ရှေ့မှသွားလိုသည့်အကြောင်းမှာ လမ်းခရီးမပျက်မစီးမီ အခက်အခဲမရှိ သွားလို၍ဖြစ်သည်။ ၎င်းပြင် အစာရေစာနှင့် သောက်ရေသုံးရေများ ကြည်ကြည်လင်လင်ရရှိလိမ့်မည်ဟု မျှော်လင့်ချက်ထားပြီးဖြစ်၏။

သို့ဖြင့် ဒေဝဒတ်အလောင်းသည့် လှည်းသားငါးရာကို ကြီးမှူးအုပ်ချုပ်လျက် အောင်နိုင်သူ စစ်သူကြီးအသွင်ဖြင့် ကုန်ပစ္စည်းများတင်ဆောင်ကာ အလျင်ဦးစွာ ခရီးထွက်ခဲ့သည်။ တဖြည်းဖြည်းဖြင့် သဲကန္တာရအတွင်းသို့ရောက်ခဲ့၏။

ထိုအချိန်၌ မျက်နှာတူရူမှ မောင်းနှင်လာသည့် လှည်းတစ်စီးကိုတွေ့ကြရ၏။ လှည်းပေါ်မှ လူများသည် ကြာရိုးကြာစွယ်များကို ချိုမြိန်စဖွယ်စားသောက်နေကြ၏။ အချို့လူများ၏ ကိုယ်ပေါ်တွင်ရွှံ့နွံများပေကျံလျက်ရှိ၏။ အဝတ်အစားများမှာလည်း ရေစိုရွှဲလျက်ရှိသည်ကိုမြင်ရ၏။ လှပသည့်ကြာပန်းများကို တစ်ပွေ့တစ်ပိုက်ကြီး သယ်ဆောင်လာကြ၏။ လှည်းပေါ်မှလူများက–

"အို မိတ်ဆွေတို့၊ ရှေ့မှာကြာပန်းများပွင့်နေသည့် သာယာဖွယ်ရေကန်ကြီးကို ရောက်ပါတော့မယ်။ အဲဒီကန်မှာ ကြိုက်သလိုသောက်သုံးနိုင်ပါတယ်။ လှည်းပေါ်မှာပါလာတဲ့ ရေတွေကို သွန်ပစ်လိုက်ကြ၊ အလကားနွားလေးနေမယ်" ဟုပြောကြားရာ ဒေဝဒတ်အလောင်း လှည်းမှူးသည် ယုံကြည်ပြီးပါလာသည့်ရေများကိုသွန်ပစ်ခိုင်း၏။

သို့သော်အချိန်သာကုန်သွားသော်လည်း ကြာရိုးကြာစွယ်တို့ဖြင့် တင့်တယ်လှပသည့်ရေကန်၏ အရိပ်အရောင်ပင်မမြင်ရသေး။ လူရော နွားများပါ ပင်ပန်းနုံးချည့်နေ၏။ တဖြည်းဖြည်းနှင့် နွားများသည် အစာရေစာငတ်မွတ်ကာ ဗိုင်းဗိုင်းလဲသေကုန်၏။ လူယောင်ဆောင်လာသည့် ဘီလူးတို့သည် လှည်းသားငါးရာတို့အား အလိုရှိသလို ဖမ်းယူစားသောက်ကုန်၏။ ကုန်ပစ္စည်းများမှာ ဖရိုဖရဲလွင့်ကြဲလျက် သဲကန္တာရအတွင်းဝယ် ပိုင်ရှင်မဲ့အဖြစ်သို့ ရောက်ရှိကုန်၏။

ကာလအတန်ကြာမှ ဘုရားလောင်းလှည်းမှူးဦးဆောင်သည့် လှည်းပေါင်းငါးရာတို့ ခရီးထွက်လာကြ၏။ သဲကန္တာရအတွင်းသို့ရောက်ချိန်တွင် ကန္တာရဘီလူးတို့သည် ရှေးနည်းအတိုင်း ပြုလုပ်ပြောဆိုကြပြန်၏။ ထိုအခါ ဘုရားအလောင်းလှည်းမှူးက–

"အမောင်တို့... သတိထားကြကုန်၊ ဤသူတို့ပြောစကားနားထောင်ပြီးပါလာသည့်ရေကို မသွန်ပစ်ကြနှင့်၊ သူတို့၏မျက်စိသည် နီမြန်းပြီးကြောက်ရွံ့သည့်အခြင်းအရာများ မရှိ၍ ဘီလူးဖြစ်တန်ရာ၏" ဟုသတိပေးစကားပြောကြား၏။ လှည်းသားတို့လည်း ဘုရားအလောင်း ပြောပြသည့် စကားကို တစ်သဝေမတိမ်း လိုက်နာကြကုန်၏။

ဘီလူးတို့သည် လှည့်ဖျားပြောဆို၍ မရသည့်အတွက် အဝေးသို့ရှောင်ခွာထွက်ပြေးကုန်၏။

ဘုရားအလောင်းဦးဆောင်သည့် လှည်းသားငါးရာတို့သည် ခရီးဆက်လက်ထွက်ခဲ့ကြရာ ဒေဝဒတ်ဦးဆောင်သည့် လှည်းသားငါးရာတို့၏အရိုးစုများကိုတွေ့ကြရတော့သည်။ ဘုရားလောင်း လှည်းမှူးသည် ညဥ့်သုံးယံပတ်လုံး ငယ်သားများအား ဘေးရန်ကင်းစေရန် စောင့်ရှောက်ပေး၏။ နံနက်ချိန်ရောက်သည့်အခါ၌ ပိုင်ရှင်မဲ့ဖြစ်နေသည့် လှည်းပေါင်းငါးရာတို့မှာ ကောင်းနိုးရာရာ ပစ္စည်းများကို ယူငင်တင်ဆောင်လျက် ခရီးဆက်ခဲ့ကြ၏။

ကန္တာရကို လွန်မြောက်၍ မြို့ရွာများသို့ရောက်ချိန်၌ ကုန်ပစ္စည်းများကို ရောင်းချရာ အမြတ်အစွန်းများစွာရရှိကြ၏။

ထို့နောက် ဘုရားလောင်းလှည်းမှူးဦးဆောင်သည့် လှည်းသားငါးရာတို့သည် စိတ်နှလုံး ချမ်းမြေ့စွာဖြင့် နေရင်းဒေသသို့ ပြန်လည်ရောက်ရှိကြကုန်၏။

(၅၅၀– ဇာတ်ဝတ္ထု အပဏ္ဏကဇာတ်)

**ခေါင်းဆောင်ကောင်း၍ ချမ်းသာကြရ**

ဤဇာတ်တော်ကို လေ့လာကြည့်ပါက လှည်းမှူး (ဝါ) ဦးစီးခေါင်းဆောင်ပုဂ္ဂိုလ်၏ တတ်သိထိုးထွင်းမြော်မြင်ဉာဏ်ပြည့်စုံမှုကြောင့် လူရောနွားများပါ **ချမ်းသာသုခရရှိပုံကို** သိမြင်နိုင်၏။ တဒင်္ဂချမ်းသာမှုအရိပ်အရောင်ကို နားမထောင်ဘဲ အရှည်မျှော်တွေးခေါ်မှုနှင့် ပြည့်စုံသည့်အတွက် ချမ်းသာသုခပြည့်စုံကြပုံကို သိရှိနိုင်၏။

ဖြတ်ထိုးဉာဏ်ကောင်းမှု၊ တွေးခေါ်ဉာဏ်ရင့်သန်အားကောင်းမှုနှင့် **ခေါင်းဆောင်ပုဂ္ဂိုလ်၏** စကားကို တစ်သဝေမတိမ်းနာခံလိုက်နာမှုတို့ကြောင့် ချမ်းသာကြီးပွားနိုင်ကြောင်း **ဤဇာတ်တော်က** ညွှန်ပြထားပါသည်။

**အဆိပ်ဘေးမှ ငြိမ်အေးချမ်းသာလှည်းများစွာ**

ကာသိတိုင်းဗာရာဏသီပြည်၌ပင် ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားအလောင်းတော်သည် လှည်းငါးရာတို့ကို ဦးစီးဦးဆောင်ပြုလုပ်၍ လှည်းမှူးကြီးအဖြစ် အရှေ့ဘက်မှ အနောက်ဘက်သို့ ခရီးထွက်ကြစဉ်ဖြစ်၏။

လှည်းသားငါးရာတို့သည် တဖြည်းဖြည်းဖြင့် တောနက်ကြီး၏အဝသို့ရောက်ရှိကြ၏။ ထိုအခါ ဘုရားအလောင်းက နောက်လိုက်ငယ်သားများအား စည်းဝေးစေပြီး တောခရီးအတွင်း မိမိတို့ မသုံးဆောင်ဖူးသော သစ်သီးစသည်ကို မစားသုံးရန်မိန့်ကြား၏။ အကယ်၍ စားသုံးလိုပါက သူ (ဘုရားလောင်း) အားပန်ကြားပြီးမှ စားသုံးကြရန် အထူးမှာကြားထား၏။

ယင်းသို့ဘုရားအလောင်း မှာကြားထားသော်လည်း သရက်သီးနှင့်တူသည့် အဆင်းအနံ့အရသာရှိ သစ်သီးတစ်မျိုးကိုတွေ့သည့်အခါ၌ အချို့သောလှည်းသားများကစားမိကြ၏။ အချို့သောလှည်းသား များက မစားသေးဘဲ ဘုရားအလောင်းလှည်းမှူးအားမေးမြန်းကြ၏။ အချို့ကမမေးမြန်းတော့ဘဲ ယူဆောင်ထားကြ၏။

ဘုရားလောင်းလှည်းမှူးက အသီးကိုသေချာစွာစစ်ဆေးကြည့်သည့်အခါတွင် သရက်သီးနှင့် သဏ္ဌာန်တူသော်လည်း အဆိပ်သီးဖြစ်မှန်းသိလိုက်၏။ သို့ဖြစ်၍ စားသူများအား အော့အန်စေသည့် ဆေးဝါးများကိုတိုက်ကျွေးပေး၏။ မစားဘဲယူဆောင်ထားသူများ၏အဆိပ်သီးများကို စွန့်ပစ်စေ၏။

သို့သော်လည်းရှေးဦးစားသူများမှာ သေဆုံးကုန်၏။ ထိုအခါကျမှ လှည်းသားများသည် ဘုရားလောင်းလှည်းမှူး၏အဆုံးအမသြဝါဒအဖိုးတန်သည်ကို နားလည်သွားကြ၏။

ဘုရားလောင်းလှည်းမှူးသည် ကျန်လှည်းသားများနှင့် ကုန်ပစ္စည်းများရောင်းဝယ်ပြီးနောက် နေရပ်သို့ပြန်ခါ အလှူဒါနပြုကြသဖြင့် ကောင်းရာသုဂတိသို့ရောက်ကြရ၏။

**(၅၅၀– ဇာတ်ဝတ္ထု၊ ကိံ ပက္ကဇာတ်)**

ဤကား နိပါတ်တော်လာလှည်းဦးစီးမှူး (ဝါ) ခေါင်းဆောင်မှု အတတ်ပညာ၏အရေးပါ ပုံဝတ္ထု ကြောင်းများဖြစ်ပါသည်။ လှည်းနှင့်စပ်၍သိမှတ်ကြမည့်အဖိုးတန်ဇာတ်ဝတ္ထုတော်များဖြစ်ပါသည်။

# ၆။ လှည်းနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများ

လှည်းအသုံးဝင်ပုံနှင့် ပတ်သက်၍ ပြောရမည်ဆိုလျှင် ကုန်နိုင်ဖွယ်မရှိ။ လှည်းတန်ဖိုးမှာ အခြားသော ဓိမ်ခံပစ္စည်းများနှင့် နှိုင်းစာလျှင် တန်ဖိုးမမြင့်လှသော်လည်း လေယာဉ်ပျံ၊ မော်တော်ကား၊ မီးရထားစသည့်အဖိုးတန်ယာဉ်ကြီးများမစွမ်းဆောင်နိုင်သည့်နေရာများတွင် လှည်းကိုသာ အသုံးပြုနေရပေသည်။

လှည်းသည် တောင်သူလယ်သမားဦးကြီးများ၏အသက်သခင်ကျွေးရှုရှင်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းနွယ်ဖွားညီအစ်ကိုမောင်နှမများ၏ အသက်သွေးကြောတစ်ခုဆိုလျှင် လည်းမမှားပေ။ လက်မှုလယ်ယာမှစက်မှုလယ်ယာခေတ်သို့တိုးတက်ပြောင်းလဲနေသော်လည်း မြန်မာ့လှည်းတို့၏ အခန်းကဏ္ဍသည် ယုတ်လျော့သွားသည်မရှိချေ။

ရှေးမြန်မာလူမျိုးတို့၏ လမ်းပမ်းဆက်သွယ်ရေးတွင် အရေးပါသည့် ယာဉ်တစ်ခုဖြစ်ခဲ့၏။ ဘုရားတည်ကျောင်းဆောက်စသည့် ဘာသာရေးနှင့် ဆက်နွယ်သည့် လုပ်ငန်းကိစ္စများ၌လည်း အသုံးပြုခဲ့ရ၏။ လယ်ယာလုပ်ငန်းများ၌လည်း မရှိမဖြစ်ချေ။

မျက်မှောက်ခေတ်၌လည်း လှည်းကိုပစ်ပယ်၍မရသေး၊ အသုံးဝင်မြဲဝင်လျက်ရှိ၏။ တောင်သူဦးကြီးများအနေဖြင့် လှည်းကိုသာအသုံးမပြုနိုင်ပါက ကျွန်ုပ်တို့နေ့စဉ် စားသောက်သုံးဆောင်နေကြသည့် ဆန်စပါး၊ ပဲ၊ နှမ်း စသည်တို့၏ဈေးမှာ ခေါင်ခိုက်နေပေလိမ့်မည်။

ဆန်စပါး၊ ပဲ၊ နှမ်း စသည်များ မြို့ပေါ်သို့ရောက်ရှိလာမှ အလုပ်သမားခနှင့်ကားခ ဈေးကြီး၍ဟု ဆိုကာ ကုန်သည်ကြီးများက အဆမတန်ဈေးနှုန်းမြှင့်တင်ကြ၏။ တောင်သူဦးကြီးတို့ကား ကျွဲ၊ နွားများအား ဆေးဝါးကုသရခြင်း၊ နေ့စဉ်ထိန်းကျောင်းကြရခြင်း၊ အစာရေစာမပြတ်မလပ် ကျွေးမွေးရခြင်း၊ ဆန်စပါးအထွက်တိုးအောင်စိုက်ပျိုးရခြင်းနှင့် အရေးပါသည့် လှည်းကောင်းတစ်စီး ရရှိအောင် ကြိုးပမ်းဆောင်ရွက်ထားရခြင်း စသည့် ဝန်ထုပ်ဝန်ပိုးများ အဆမတန် ထမ်းဆောင်နေကြရသည်ကို မြို့ပေါ်ရောက်မှဈေးကစားကြသည့် စီးပွားရေးသမားများ ကိုယ်ချင်းစာနာဖို့ သင့်၏။

တောင်သူဦးကြီးတို့၏ အသည်းကြားဝယ် လှည်းနှင့်နွားသာနေရာပေးရန်ရှိ၏။ လှည်းနှင့်နွားသာလျှင် တောင်သူဦးကြီးတို့၏ အရှင်သခင်ဖြစ်၏။ ထို့အတွက်ကြောင့်ပင် မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့ကြသည့်မင်း(အစိုးရ) အဆက်ဆက်တို့သည် တောင်သူဦးကြီးများအား စိုက်ပျိုးစားရိတ် (အမတော်ကြေးငွေ) ကိုတင်ထုတ်ပေးပြီး၊ လယ်ယာလုပ်ငန်းခွင်ဝင်နိုင်ရန်အတွက် လှည်းနှင့်နွား အဆင်သင့်ဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။ (၁၉၉၁–၉၂ ခုနှစ်အတွက် မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ လှည်းတစ်စီးအတွက် ကျပ်၅၀၀၀(ငါးထောင်)နှုန်း ငွေထုတ်ချေးပေးသည်ကို သိရှိရပါသည်။)

လှည်းသာမရှိခဲ့လျှင် လယ်ယာလုပ်သားတောင်သူဦးကြီးများအဖို့ အတောင်ကျိုးသည့် ကြိုးကြာငှက်ကဲ့သို့ အဘက်ဘက်ကအားနည်းချတ်ယွင်းချက်များ ဖြစ်ပေါ်နေမည် မလွဲပါ။

တောင်သူဦးကြီးများ အသုံးပြုရန်အတွက်သာမက မြန်မာပြည်အတွင်းတည်ဆောက်ရေး လုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌လည်း လှည်းသည်အရေးပါသည့်ယာဉ်တစ်ခု

ဖြစ်ပါသည်။ တစ်ပြည်နှင့်တစ်ပြည်၊ တစ်မြို့နှင့်တစ်မြို့၊ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာရာ၌လည်း လှည်းကိုပင် အသုံးချခဲ့ကြသည်။ စစ်ကြို စစ်ပြီး ခေတ်အသီးသီးတွင်လည်း လှည်းမှာ ရပ်နားချိန်မရ။

ဥတုသုံးလီ ရာသီ–၁၂–လ မည်သည့်အခါမှ ရပ်နားရသည်ဟူ၍ မရှိချေ။

သို့သော်လှည်း၏တန်ဖိုးကို သိနားလည်သူမှာ အနည်းငယ်မျှသာ ရှိပါသည်။ ထို့ကြောင့် လှည်း၏အသုံးဝင်ပုံ၊ အကျိုးပြုပုံနှင့် ခေတ်အဆက်ဆက် အသုံးပြုခဲ့ကြပုံများကို လေ့လာတင်ပြလိုပါသည်။

## (က) ပုဂံခေတ် လှည်း

မြန်မာ့လှည်းနှင့်ပတ်သက်၍ ပုဂံခေတ်ထိုး ကျောက်စာများတွင် တွေ့ရှိရပါသည်။ သက္ကရာဇ် ၅၉၈–ခုနှစ်၊ အမတ်အသဝတ်ဓမ္မာမယားကျောက်စာ (စောလုဝန်းဘုရားကျောက်စာ) ကျောဘက် ကြောင်းရေ၁၅–တွင်

"လှည်းခပိယ်သော ငုယ် ၁၀"

(လှည်းခပေးသော ငွေတစ်ဆယ်ကျပ်) ဟူ၍လည်းကောင်း၊ ကြောင်းရေ၂၃ တွင်–

"လှည်းခကာ ၂၂ ကျ္ယပ်"

(လှည်းခကား နှစ်ဆယ့်နှစ်ကျပ်) ဟူ၍လည်းကောင်း၊ ကြောင်းရေ၂၃–၂၄ တွင်–

"စကြီ သို့ဝင်သောလှည်ခငွေ ၆ ကျ္ယပ်"ဟူ၍လည်းကောင်း၊ ကြောင်းရေ၂၆–၂၇ တွင်လည်း–

"လှည်းခ ခွက် ၁–ချပ်သောငွေနှစ်ကျပ်" ဟူ၍လည်းကောင်း ရေးထိုးထားသည်ကို တွေ့ရှိရပါသည်။

ဖော်ပြပါအထောက်အထားများကို ကြည့်ရှုပါက ပုဂံခေတ်ကဘုရားသည် ကျောင်းဆောက်ဂူတည်စသည့် ဘာသာရေးကိစ္စများတွင် မြန်မာ့လှည်းသည်အသုံးဝင်ပစ္စည်းတစ်ခု ဖြစ်နေပြီဟု မှန်းဆသိမြင်နိုင်ပါသည်။ ၎င်းပြင် ပုဂံခေတ်ထိုးကျောက်စာအတော်များများတွင်လည်း လယ်ယာမြေအလှူအကြောင်း မြောက်မြားစွာပါဝင်လျက်ရှိသည်ကို သုတေသီများသိရှိကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းလယ်မြေ၌ မြန်မာ့လှည်းကိုအသုံးပြုခဲ့သည်မှာ ယုံမှားဖွယ်မရှိပါချေ။

အနော်ရထာမင်းတရားကြီးသည် လယ်ယာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆည်မြောင်းတာတမံများကို စွမ်းစွမ်းတမံဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့သဖြင့် မြန်မာ့အင်ပါယာနိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့ကြောင်း မြန်မာ့ရာဇဝင်များတွင် အထင်အရှားတွေ့ရှိရပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ မြန်မာ့လှည်းသည် အရေးပါသည့်ဝန်တင်ပစ္စည်းများကို တစ်ဖက်တစ်လမ်းမှ စွမ်းဆောင်နိုင်ခဲ့ကြောင်း မျှော်မှန်းသိရှိနိုင်ပါသည်။

အင်္ဂလိပ်အစိုးရလက်ထက်တွင်လည်း ကောဇာ ၁၂၈၇ ခုနှစ်က မိတ္ထီလာကန်တော်ကြီးကို ပြန်လည်မွမ်းမံပြုပြင်ခဲ့ရာ၌ နွားလှည်း ၁၀၀ ကျော်၏လုပ်အားပါဝင်ကြောင်း သမိုင်းထင်ရှားရှိပါသည်။

## လှည်းခြောက်စီးတိုက်ငွေနှင့် တည်သည့်မနူဟာဘုရား

အနော်ရထာမင်းကြီးသည် အရည်းကြီးများကိုသုတ်သင်ပြီးနောက် သာသနာစည်ပင်ပြန့်ပွားစေရန်အတွက် သထုံပြည် မနူဟာမင်းထံ ပိဋကတ်တော်များကို တမန်စေ၍ သွားရောက်ပင့်ဆောင်ခိုင်း၏။ မနူဟာမင်းသည် မချေမငံပြောဆိုဆက်ဆံခဲ့သဖြင့် သက္ကရာဇ် ၄၀၀ တွင် ချီတက်တိုက်ခိုက်တော်မူရာ အောင်တော်မူ၏။

မနူဟာမင်းကိုဖမ်းယူပြီး ပိဋကတ်တော်များကို ဆင်ဖြူဖြင့်ပင့်ဆောင်၍ နေပြည်တော်သို့ပြန်ခဲ့၏။ မနူဟာမင်းကို အကျယ်ချုပ်ချထား၏။ မနူဟာမင်းသည် စကားပြောလျှင် ပါးစပ်မှ စက်ရောင်ပြောင်ပြောင်ထွက်၏။ တစ်နေ့တွင်စားတော်ပွဲကို ဘုရားမှာတင်စေပြီးမှ မနူဟာမင်းအားကျွေးစေရာ ခံတွင်းမှစက်ရောင်သည် ပျောက်ကွယ်သည်ဆို၏။

ထိုအခါ မနူဟာမင်းသည် "ငါကြံစည်သော်လည်း ဖြစ်နိုင်" ဟု စိတ်နှလုံးချတော်မူပြီး မနောမယပတ္တမြားလက်စွပ်ကို မြင်းကပါသူဌေးအားရောင်းရာ ငွေတော်လှည်းခြောက်စီးတိုက်ရသောဟူ၏။ ထိုငွေများဖြင့် သက္ကရာဇ် ၄၁၉ ခုနှစ်၊ တပေါင်းလဆန်း ဖြရက်နေ့တွင် စေတီတည်ထားကိုးကွယ်ခဲ့ရာ ယနေ့ပုဂံတွင် ဖူးတွေ့နေရသော "မနူဟာဘုရား"ပင်ဖြစ်၏။ အနော်ရထာစိုးစံသည့်အချိန် (ပုဂံခေတ်)က လှည်းကို တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြောင်း အဆိုပါသမိုင်းက ပြဆိုလျက် ရှိသည်။



ပုဂံခေတ်မှ မကာရီးလှည်း

## အာနန္ဒာဘုရားကပြောသော မြန်မာ့လှည်း

ပုဂံမြို့တော်သည် မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာတို့၏ စုဝေးရာ ဖြစ်ပါသည်။ ပုဂံခေတ် မြန်မာလူမျိုးတို့၏လူနေမှုစနစ်နှင့်ဘဝသရုပ်ဖော်ပန်းချီများကို ပုဂံမြို့ရှိ အာနန္ဒာဘုရားနှင့် အခြားသော စေတီပုထိုးဂူကျောင်းများတွင် တွေ့မြင်နိုင်ကြပါသည်။

'လှည်းဝင်ရိုးသံ တည့်ည့်၊ ပုဂံဘုရားပေါင်း' ဟူသောလင်္ကာအရ ပုဂံခေတ်က ဘုရားသာရေအတွက်ကိုသိရှိရသကဲ့သို့ ပုဂံခေတ်တွင် မြန်မာ့လှည်းဝင်ရိုးသံများ တည့်ည့်ဖြင့် ဘုရားကျောင်းကန်စေတီပုထိုးအမျိုးမျိုးတို့ကို တည်ထားခဲ့သည်ဆိုသည့် အကြောင်းများကိုလည်း သတိပြုမိပါသည်။

ကျောက်ဆစ်ပန်းတမော့လက်ရာဖြင့် အာနန္ဒာစေတီတော်အတွင်း ထုလုပ်ထားသည့် ဗုဒ္ဓဝင်ဇာတ်တော်တွင် ဘုရားလောင်း- (သိဒ္ဓတ္ထမင်းသား) ဥယျာဉ်အတွင်း လှည့်လည်စဉ် သူအို၊ သူနာ၊ သူသေ၊ ရဟန်း (နိမိတ်ကြီးလေးပါး) ကိုမြင်တွေ့ပုံ ထွင်းထုထားသည့်ပုံကိုတွေ့ရှိရပါသည်။

ထိုပုံ၌ ဘုရားလောင်းသည် မကာရီးလှည်းဖြင့် လှည့်လည်ကြည့်ရှုပုံဖြစ်ပါသည်။ မြင်းနှစ်ကောင်က ရထား (လှည်း) မျိုးဖြစ်ပါသည်။

ထူးခြားချက်မှာ ရထား(လှည်း) ဘီးဖြစ်ပါသည်။ လှည်းဘီးသည် ချပ်ဘီး၊ စပ်ဘီးလှည်းမျိုး မဟုတ်ဘဲ အနုပညာလက်ရာမြောက်စွာ ထွင်းထုထားသည်ကိုတွေ့ရှိရခြင်းဖြစ်ပါသည်။

ပုဂံခေတ်သည် ယနေ့မှစ၍ရေတွက်လျှင် လွန်ခဲ့သောနှစ်ပေါင်း (၈၀၀) ကျော် အချိန်ကာလဖြစ်ပါသည်။ ထိုအချိန်ကပင် ဤလှည်းဘီးမျိုးနှင့် မကာရံလှည်း (ကိုယ်ထည်) အသွင်သဏ္ဍာန်မျိုးဖြင့် သရုပ်ဖော်ထုလုပ်နိုင်ခြင်းမှာ ရှေးမြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု အနုပညာနယ်ပယ်မည်မျှကျယ်ပြန့်နေပြီဖြစ်ကြောင်းကို အာနန္ဒာဘုရားကပြောပြနေသယောင် ခံစားမိပါသည်။




အင်းဝခေတ်
ဥမ္မာဒန္တီဇာတ် သရုပ်ဖော်ပန်းချီ
(စစ်ကိုင်းတောင်ရိုး၊ တိလောကဂုရုလိုဏ်ဂူ)

ပုဂံခေတ်ဘုရားလောင်းဥယျာဉ်တော်လှည့်လည်ခန်းသရုပ်ဖော် ကျောက်ဆစ်ပန်းတမော့ လက်ရာကို ကြည့်ရှု၍ ဘိုးဘွားများအမွေပေးခဲ့သော မြန်မာ့ယဉ်ကျေးမှုနှင့် အမျိုးသားရေးစိတ်ဓာတ် များကို ဆထက်ထမ်းပိုးအားကြိုးမာန်တက်ဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း မြန်မာ တိုင်းရင်းသားများအားလုံးနားလည်သဘောပေါက်သင့်ကြပေသည်။


## (ခ) အင်းဝခေတ်လှည်း

အင်းဝခေတ် (ဒုတိယ အင်းဝခေတ်၊ ၁၆ ရာစုမှ ၁၇ ရာစုအတွင်း) တွင် ရေးဆွဲထားသည့် နံရံပန်းချီ များတွင် မြန်မာ့လှည်း၏အသွင်အပြင်အဆင်းတန်ဆာအချို့ကို တွေ့မြင်ရ [illegible] ဖြင့် စစ်ကိုင်းတောင်ရိုး တိလောကဂုရုလိုဏ်ဂူတွင် ရေးဆွဲထားသည့် ဥမ္မာဒန္တီ ဇာတ်သရုပ်ဖော်ပန်းချီ ကားကို ညွှန်ပြလိုပါသည်။

ထိုပုံတွင်-လှည်းဘီး ၄ ဘီးတပ်မြင်းဖြင့် ကသော လှည်းပုံကို တွေ့မြင်ရ [illegible] ဦးတွင် ကန့်ရာရုပ်ပါရှိ၏။ မြင်းနှစ်ကောင်ကသောလှည်းဖြစ်၍ ရှင်ဘုရင် (သို့မဟုတ် [illegible]) စီးနင်းလေ့ရှိသည့်ယာဉ်ဖြစ်ကြောင်းသိနိုင်၏။ ထီးဖြူတပ်မှုမှ အလံတော [illegible]



အင်းဝခေတ် ဆင်နှစ်ကောင် ဆွဲ မြန်မာ ဘုရင်မင်းမြတ်၏
နိုင်ငံတော် ရထားပုံ



အင်းဝခေတ် နိုင်ငံတော်ရထားပုံ

နန်းတွင်းအမှုအယာဟန်များ အပြည့်အဝပါရှိ၏။ အင်းဝခေတ် မျက်မှောက်လူနေမှုဆိုင်ရာ လှုပ်ရှားသွားလာမှုများကို သရုပ်ဖော်ထားခြင်းဖြစ်၏။ သိဝိမင်းကြီး ရထားစီး၍ တိုင်းခန်းလှည့်လည်စဉ် ဥမ္မာဒန္တီမင်းသမီးသည် ကိုယ်ဟန်ပြကာ အိမ်မှထုတ်၍ ပန်းကြဲနေပုံကို သရုပ်ဖော်ရေးဆွဲချက်ဖြစ်၏

သို့သော် ပန်းချီဆရာသည် မျက်မှောက်ခေတ်ကိုကိုယ်စားပြု ရေးဆွဲလေ့ရှိသည့်အတိုင်း အင်းဝခေတ်ကိုကိုယ်စားပြု၍ရေးဆွဲထားချက်ဖြစ်၏။ ဤပန်းချီပုံသည် ခေတ်ကာလကို ကိုယ်စားပြုသည့် ပန်းချီပုံဖြစ်၍ အင်းဝခေတ်တွင် အသုံးပြုသည့် မင်းစီးရထား (မြင်းလှည်း) ပုံကို ကျွန်ုပ်တို့ တွေ့မြင်နိုင်ခြင်းဖြစ်၍ လက်ရာရှင်ကို ကျေးဇူးတင်ရပေမည်။

ဤပုံကိုကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့မြန်မာလူမျိုးများသည် ယဉ်ကျေးမှုအဆင့်အတန်း မည်မျှမြင့်မားခဲ့ပုံကိုခန့်မှန်းသိရှိနိုင်၏။ မည်သည့်နိုင်ငံ မည်သည့်လူမျိုးများတွင်မှ မရှိနိုင်၊ အသုံးမပြုနိုင်ခဲ့သော ယဉ်ကျေးမှုပစ္စည်းများ မြန်မာနိုင်ငံတွင် ခေတ်ကာလအထိအကျဖြင့် ထွန်းကား ပြန့်ပွားခဲ့သည်ကို ဂုဏ်ယူကြရမည်ဖြစ်ပါသည်။

သို့မှသာလျှင် အမိမြန်မာနိုင်ငံတော်ကိုချစ်မြတ်နိုးစိတ်နှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံး ညီညွတ်မှုကို ရယူနိုင်ပေလိမ့်မည်။ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံ များကို ထိန်းသိမ်းစောင့်ရှောက် ကာကွယ်နိုင်ပေမည်။ အမျိုးသားရေးအမြင်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်နိုင်မှသာလျှင် ကမ္ဘာပေါ်တွင် "မြန်မာ" ဟူသော အမည်နာမသည် ဂုဏ်သတင်း ပျံ့သင်းကြိုင်လှိုင်လျက်ရှိနေမည် ဖြစ်ပေသည်။

## အင်းဝခေတ်ကပြောသော မြန်မာ့လှည်း၏ တန်ဖိုး

အင်းဝခေတ် မြန်မာ့လှည်းယဉ်ကျေးမှုနှင့် အနုပညာအကြောင်း ပြောရမည်ဆိုပါက သိန်းပေါင်း ရာချီကျော်တန် နိုင်ငံတော်ရထား(လှည်း)အကြောင်း မတင်ပြလျှင် ပြည့်စုံလိမ့်မည် မဟုတ်ချေ။

ခေတ်ကာလရွေ့လျောလာခဲ့သည်နှင့်အမျှ မြန်မာတို့၏ရိုးရာယဉ်ကျေးမှုနှင့် အနုပညာရပ်များ သည် တဖြည်းဖြည်းဆိတ်သုဉ်းပျောက်ကွယ်ခဲ့ရ၏။ ကိုယ့်မင်းကိုယ့်ချင်းဖြင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲခြင်းမရှိခဲ့သဖြင့် မြန်မာ့သယံဇာတနှင့် ယဉ်ကျေးမှုအမွေအနှစ်များပပျောက်ခဲ့ရ၏။ တိုင်းတစ်ပါးကိုအထင်ကြီးအားကိုးစိတ်နှင့် သူကျွန်မခံလိုသူတို့၏ နိုင်ငံရေးပယောဂများကြောင့် အမျိုး၊ ဘာသာ၊ သာသနာနှင့်ပတ်သက်သည့် အမျိုးသားရေးစိတ်ဓာတ်တို့ မှေးမှိန်ခဲ့ရ၏။ မီးခဲပြာဖုံး ဖြစ်ခဲ့ရ၏။

ကျွန်ုပ်တို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ယဉ်ကျေးမှုအနုပညာဆိုင်ရာ ပစ္စည်းများကို တိုင်းတစ်ပါး၌ သွားရောက်ကြည့်ရှုကြရ၏။ လေ့လာကြရ၏။ မြန်မာတို့၏လက်ဝယ် အိုးပုတ်၊ ချိုးရုပ် မျှသာ ကျန်ရစ်ခဲ့၏။ ပစ္စည်းသခင်ရ၊ လူသခင်ရဟူ၍သာ အချို့ကဖြေဆည်တတ်ကြ၏။ သို့သော် မြန်မာ ပြည်ဖွားတိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကိုမူ သတိမူကြရပေလိမ့်မည်။ သို့မဟုတ် လျှင် ကျွန်ုပ်တို့ယနေ့တိုင် တိုင်းတစ်ပါးသားများကို အရှင်သခင်ဟု မှတ်ထင်မိကြပေလိမ့် ဦးမည်။

ဗုဒ္ဓစာပေ(မဂဓစာပေ)များတွင် ဆင်ယာဉ်၊ မြင်းယာဉ် စသည်ဖြင့် အသုံးအနှုန်းများကိုတွေ့ရ၏။ မြန်မာနိုင်ငံတွင်မူ မြင်းရထား၊ နွားလှည်းမှုကိုသာ မြင်တွေ့ဖူးကြသဖြင့် ဆင်ဖြင့်ဆွဲသောရထား ရှိသည်ဟုဆိုလျှင် အံ့ဩကြပေလိမ့်မည်။ မြန်မာဘုရင်များ အုပ်စိုးစံတော်မူစဉ်က "ဆင်ဖြူရှင်" ဘွဲ့နာမည်ခံခဲ့ကြသည့် မင်းအများအပြား ပေါ်ပေါက်ခဲ့သည်ကို ကျွန်ုပ်တို့ မမေ့ပျောက်သင့်ချေ။

ထို့ကြောင့် အင်းဝခေတ် မြန်မာဘုရင်မင်းမြတ်၏ နိုင်ငံတော်ရထား(လှည်း)အကြောင်းကို ဖော်ပြ လိုပါသည်။

ထိုနိုင်ငံတော်ရထား(လှည်း)နှင့် ပတ်သက်၍ ရှေးဦးစွာလေ့လာသိရှိသူမှာ သန်လျင်-မြဦး (အငြိမ်းစား)ဖြစ်ပါသည်။ ပန်တျာသုတေသနအရာရှိ ဆရာဦးမြဦးသည် ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလအတွင်းက အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ရောက်ရှိစဉ် "မြန်မာဘုရင်၏ နိုင်ငံတော်ရထား" အကြောင်းများပါရှိသည့် THE EVERY DAY BOOK စာအုပ်မှ ဖြတ်တောက်နုတ်ယူထားသည့် စာရွက်များကို ရရှိခဲ့သည်။ မြန်မာပရိတ်သတ်များသိရှိနိုင်ရန် "အင်းဝမင်း၏ရထား" အမည်ဖြင့် ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင်လည်း ဆရာဦးမြဦးသည် ဆောင်းပါး ရေးသားခဲ့သည်။

ထို့နောက် ၁၉၇၀ ခုနှစ်တွင် ဆရာဦးမင်းနိုင်(အငြိမ်းစား)သည် ရန်ကုန်သတင်းစာ အယ်ဒီတာ ဦးစိန်သင်(အငြိမ်းစား)ထံမှတစ်ဆင့် နိုင်ငံတော်ရထား၏ပုံတူ ပန်းချီကားတစ်ခုကို လက်ခံရရှိခဲ့ပြန်သည်။ ၎င်းပုံကို ရန်ကုန်သတင်းစာတိုက်ပိုင်ရှင်နှင့် အယ်ဒီတာချုပ်ဖြစ်သူ ဦးအောင်မြင့်က ဥရောပတိုက်သားတစ်ဦးထံမှ ၁၉၅၉ ခုနှစ်က ရရှိခဲ့ခြင်းဖြစ်သည်ဆို၏။

ပန်းချီကား၏အောက်ခြေ၌ "မြန်မာဘုရင်မင်းမြတ်၏ နိုင်ငံတော်ရထား" ဝင်ကြေး (၁)သျှီလင်၊ ပစ်ဒကလီအရပ်၊ အီဂျစ်ခန်းမဆောင်တွင် ပြသထားသည်ဟု ပါရှိသည်။

## နိုင်ငံခြားသားနှင့် မြန်မာ့ယဉ်ကျေးမှု

၁၈၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် သောကြာနေ့တွင် နိုင်ငံတော်ရထားကို သတင်းစာဆရာများအား ဖိတ်ကြားပြသရာ၌ THE EVERY DAY BOOK မှ အယ်ဒီတာ လည်းဖိတ်ကြားခံရသည်။ အယ်ဒီတာက ပန်းချီဆရာတစ်ဦးကိုပါခေါ်ယူပြီး ပုံတူရေးဆွဲ စေခဲ့သည်။ ပန်းချီဆရာက အသေးစိတ်ရေးဆွဲခြယ်မှုန်း ခဲ့သဖြင့် တိုင်းတစ်ပါးရောက် မြန်မာ့ရထားတော်ပုံကို ကျွန်ုပ်တို့မြင်တွေ့ကြရသည်။ ပန်းချီပုံကိုမြင်တွေ့ရ သည်မှာ ဝမ်းနည်းဝမ်းသာနှစ်ဖြာဒွန်တွဲ၍ ခံစားလိုက်ရသည်။

မြန်မာဘုရင် မင်းမြတ်၏ နိုင်ငံတော်ရထားနှင့်ပတ်သက်၍ TIMES မဂ္ဂဇင်းအယ်ဒီတာက "မြန်မာနိုင်ငံအနုပညာသည်တို့သည် လက်ရာပြောင်မြောက်စွာ အံ့ဩဘနန်းပြိုင်ဘက်ကင်းလှပေသည်" ဟု မှတ်ချက်ချထား၏။

The British Press ကမူ မြန်မာဘုရင်၏ရထားကို ဝေဖန်ချီးကျူး၍ အသေးစိတ်မှတ်တမ်းတင်ခဲ့ရာ၌-

"ရထားကိုယ်ထည်၏အရှည် ၁၃ ပေနှင့် ၇'လက်မ၊ အစွန်ဆုံးထိပ်မှတိုင်းလျှင် ၂၈ ပေနှင့် ၅ လက်မ၊ အကျယ် ၁၆ ပေနှင့် ၉ လက်မ၊ ထီးတော်ထိပ်အထိအမြင့် ၁၉ ပေနှင့် ၂ လက်မ၊ အတွင်းကိုယ်ထည် ၅ ပေနှင့် ၇ လက်မ ရှည်၍ ၄ ပေနှင့် ၆ လက်မကျယ်သည်။ သစ်သားမှာ နိုင်မာတောင့်တင်းသည်။ အနံ့မှာသင်းပျံ့လျက်ရှိသည်။ ရထားကိုယ်ထည်ကို နဂါးရုပ်ကြီးများပါသည်

တိုင် ၄ လုံးဖြင့်စိုက်ထူထားရာ ခန့်ညားထယ်ဝါပြီး အချိုးအစားကျနသေသပ်သည့် ဤထုလုပ်ပုံကို ကျွန်ုပ်တို့ဥရောပ ပန်းပုဆရာကြီးများ အတုယူဖို့ကောင်းလှသည်။ စေတီသဏ္ဍာန်ရထားပြာသာဒ်တော်မှာ အလှဆုံးသောအစိတ်အပိုင်းဖြစ်သည်။ ရထား၏နောက်တွင် အရုပ်နှစ်ရုပ်ပါရှိသည်။ ယင်းတို့၏ပေါင်တွင် ထိုးကွင်းများပါရှိသည်။

ရထားတွင်းရှိ ရာဇပလင်ကို ရွှေ့ပြောင်းထုတ်ယူနိုင်သည့် ခြင်္သေ့ခုံပွ င်ဖြစ်သည်။ ခြင်္သေ့၏ ကိုယ်ကိုရွှေချထားပြီး နီလာ၊ မြ၊ စိန်၊ ပတ္တမြား စသောရတနာများ စီခြယ်ထားသည်။ ခြင်္သေ့မျက်လုံးများကို အရောင်သုံးရောင်တောက်ပသောနီလာဖြင့် တပ်ဆင်ထားသည်။ ဘုရင်မင်းမြတ်အား ရှိခိုးနေဟန် ရွှေရုပ်တု ၆-ခုကိုပွ င်၏ဘေးနှစ်ဘက်တွင်ထုလုပ်ထားပြီး မျက်လုံးများမှာ ပတ္တမြားတပ်ဆင်ထားသည်။ ၄င်းတို့၏နားဆွဲမှာ မဟူရာကျောက်ဖြစ်သည်။ ဆံပင်တို့မှာ ဒေါင်းတို့၏ အမွေးနများဖြင့် ပြုလုပ်ထားသည်။

"ရထားကို သုံးနှစ်သုံးမိုး ဆောက်လုပ်ခဲ့ရပြီး လက်ခငွေ ၂၅၀၀၀၊ ပေါင် (၃၁၂၅)ဖြစ်၍ ရထား၌ တပ်ဆင်အသုံးပြုထားသည့် ကျောက်မျက်ရတနာမှာ လုံးရေ နှစ်သောင်းထက်မနည်းရှိသည်။ ထားဝယ်မှ တန်ဖိုးနှင့်တွက်လျှင် ကျောက်မျက်ရတနာတန်ဖိုး တစ်သိန်းခန့် (၁၂၅၀၀)ပေါင်ခန့် တန်သည်" စသည်ဖြင့် ရထား၏လှပခန့်ညားထည်ဝါပုံ၊ အနုပညာပြောင်မြောက်ပုံ၊ အသေးစိတ်မွမ်းမံထားပုံနှင့် တန်ဖိုးကြီးမားပုံ စသည်တို့ကို သုံးသပ်ဖော်ပြထားပါသည်။

ထို့ပြင် "ရထားကိုတပ်၍ဆွဲသော ဆင်တို့၏ကကြိုးတန်ဆာပလာများမှာ ရထား၌ဆင်ယင်ထားသကဲ့သို့ လှပစွာရှိမည်မှာ ယုံမှားဖွယ်မရှိချေ" ဟူ၍ပင် အယ်ဒီတာက မှန်းဆဖော်ပြထားသည်။

ဆရာဦးမင်းနိုင် (အငြိမ်းစား)က "ဆင်ဖြင့်ဆွဲသောရထားကိုစီးသည်ဟူသောအထောက်အထားအဆိုအမိန့်မတွေ့ရသေးကြောင်း မှတ်ချက်ချထားသည်ကို ဖတ်ရှုရ၏။ သို့သော် မြန်မာဘုရင်၏ နိုင်ငံတော်ရထားကိုကြည့်ရှု၍ နိုင်ငံခြားသားများမှတ်တမ်းတင်ခဲ့သည်ကို ကျွန်ုပ်တို့အထောက်အထားအခိုင်အမာမပြနိုင်ဘဲ မျက်စိမှိတ်ငြင်းဆို၍ မဖြစ်နိုင်သေးချေ။

မည်သို့ဆိုစေကာမူ သိန်းရာကျော်တန်နိုင်ငံတော်ရထား မြန်မာနိုင်ငံ၌ရှိခဲ့ကြောင်းကိုကား သမိုင်းသုတေသီတို့ အကြွင်းမဲ့လက်ခံယုံကြည်နိုင်ကြပေလိမ့်မည်။

## လမ်းစပျောက် နိုင်ငံတော်ရထား

နိုင်ငံတော်ရထားကို ၁၈၂၄ ခုနှစ်၊ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် မြန်မာများ ရှုံးနိမ့်သဖြင့် မြန်မာဘုရင်ထံမှ အင်္ဂလိပ်တို့သိမ်းယူသွားသော ရထားမဖြစ်နိုင်ကြောင်း၊ ၁၇၅၁-ခုနှစ်တွင် အင်းဝကို မွန်တို့သိမ်းယူစဉ်က ဤရထားပါသွားပြီး အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်သည့်အခါတွင်မှ မွန်တို့လက်မှ တစ်ဆင့်အင်္ဂလိပ်တို့ သိမ်းယူသွားဟန်တူကြောင်း ဆရာဦးမြဦး (သန်လျင်) ၏ တင်ပြချက်ကိုလည်း တွေ့ရပါသည်။

၁၉၆၈-ခုနှစ်က ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ မြူးနစ်မြို့သို့ ဆရာဦးမင်းနိုင်ရောက်ရှိခဲ့ရာ၌ မြူးနစ်အနုပညာပြတိုက်ကြီး၌ပြသထားရှိသည့် မြင်းလေးကောင်ကသည့် မင်းသုံးရထားတော်ကို မြင်ခဲ့ရသည်ဆို၏။ ထိုရထားမှာ မြန်မာမင်း၏ နိုင်ငံတော်ရထားတော်နှင့် နှိုင်းယှဉ်လိုက်လျှင် တတိယတန်းအဆင့်လောက်မျှသာရှိသည်ဆို၏။

၁၈၂၄–ခုနှစ်ခန့်က နိုင်ငံခြားတိုင်းတစ်ပါးသို့ပါသွားသည့် သိန်းရာကျော်တန် မြန်မာမင်း၏ နိုင်ငံတော်ရထားကြီးသည် နှစ်ပေါင်း ၁၆၀ ကျော်အတွင်း လမ်းစပျောက်ဖြစ်ခဲ့ရခြင်းအတွက် မြန်မာလူမျိုးများအဖို့ ကြေကွဲဝမ်းနည်းစရာကောင်းလှပါသည်။

ဤကဲ့သို့ယဉ်ကျေးမှုအမွေအနှစ်များမဆုံးရှုံးမပျက်စီးစေရန်အတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်ကြရန်မှာ မြန်မာတိုင်းရင်းသားအားလုံး၏ လက်ဆင့်ကမ်း ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။ တိုင်းရင်းသားအားလုံးစည်းလုံး ညီညွတ်စွာဖြင့် ပြည်ထောင်စုကြီး မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ဆထက်ထမ်းပိုးကြိုးစား ဆောင်ရွက်ကြရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း နားလည်သဘောပေါက်သင့်ကြပြီဖြစ်ပေသတည်း။ ။

" မင်္ဂလာရငြား၊ ရွှေရထားကို၊
ရှေးဖျားအစ၊ ပြစ်ဓာင်ရ၏၊
ရွှေလရောင်နွယ်၊ ဆင်စွယ်ရက်ဝန်း၊
အဆန်းဆန်းတည်း၊ ငွေနန်းချည်လိမ်၊
စိန်အတန်တန်၊ ဖာလ်မှန်သလင်း၊
ပယင်းရိုးရဲ၊ ပုလဲဂေါမုတ်၊
ဥဿဖရား၊ ပတ္တမြား နီလာ၊
နီခြယ်မြာ၍၊ မြူးကြာကွန့်ကွန့်၊
တုရင်ညွန့်လည်း၊ မလွန့်မဖျံ၊
အလျှံဝင်းဝင်း၊ မှန်ကင်းရောင်ခြူး၊
ရွှေသားလူးလျက်"......။


မုံရွေးဆရာတော် (၁၁၂၈–၁၁၉၆)
(နာရဒပျို့၊ စာ–၁၃၀၊ ပိုဒ်–၁၁၈၊ ကြောင်းရေ–၅မှ)

## အင်းဝခေတ် ဝန်တင်လှည်း


အင်းဝခေတ် ထီးသုံးနန်းသုံးမြန်မာ့လှည်း (ရထား) များကို မြင်တွေ့ကြရပြီးဖြစ်ပါသည်။ ယခုတစ်ဖန် အင်းဝခေတ်ဝန်တင်လှည်းအကြောင်းတင်ပြလိုပါသည်။

ဝန်တင်လှည်းနှင့် ပတ်သတ်၍ လှည်းတစ်စီးတွင် ကုန်ပစ္စည်းများ မည်ရွေ့မည်မျှ တင်ဆောင်ကြသည်ကို လေ့လာဖို့လိုပါသည်။ လှည်းတစ်စီးတိုက်လျှင် အချိန်မည်မျှရှိသည်ကို (အဘိဓာန်ပါဠိကျော်များနှင့် အညီ) ရှေးလူကြီးများ ခေါ်ဝေါ်သုံးစွဲခဲ့ပုံများကို ထုတ်ပြပါဦးမည်။

| | |
|---|---|
| စပါးစေ့လေးလုံးသည် | တစ်ချင်ရွေး၊ |
| နှစ်ချင်ရွေးသည် | တစ်မာသက၊ |
| ၁၀ မာသကာသည် | တစ်အက္ခ၊ |
| ၈ အက္ခသည် | တစ်ဓာရဏ၊ (ဖွေး–၄၀)။ |



အင်းဝခေတ် မြန်မာ့ဝန်တင်လှည်းတစ်စီး၏ ပုံကြမ်း



အင်းဝခေတ် တစ်ပြူးတစ်လံ၏ အစတည်ရာ ညောင်ကန်လှည်း

| | | |
|---|---|---|
| ၅ ဓာရဏ (ရွေး ၂၀၀) သည် | | တစ်သုဝဏ်၊ |
| ၅ သုဝဏ် (ရွေး ၁၀၀၀) သည် | | တစ်နိက္ခ၊ |
| ၁၀ ဓာရဏ (ရွေး ၄၀၀) သည် | | တပိုလ် (၄ ကျပ်သား)။ |
| ပိုလ်တစ်ရာသည် | | တစ်ချိန်၊ |
| ၂၀ ချိန်သည် | | တစ်ဘာရ (တစ်ယောက်လမ်းဝန်) |
| တစ်လက်ဖက်၊ တစ်လက်ဆွမ်းသည် | | တစ်ကရျ၊ |
| ၄ ကရျသည် | | တစ်စလယ်၊ |
| ၄ စလယ်သည် | တစ်ပြည်၊ | လှည်းကိုအကြောင်းပြု၍ |
| ၄ ပြည်သည် | တစ်စိတ်၊ | ဖြစ်ပေါ်လာသော |
| ၄ စိတ်သည် | တစ်တင်း၊ | အချိန်အတွယ်ဝေါဟာရများ |
| ၄ တင်းသည် | တစ်တို့၊ | |
| ၂၀ တို့သည် | တစ်ဝါဟ (တစ်လှည်းတိုက်) | |

စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲခဲ့ကြပါသည်။ (မဟာဝဂ္ဂ၊ စမ္မက္ခန္ဓကဋ္ဌကထာ နှစ်လှည်းတိုက်ကို တစ်ဝါဟဟုရှိ၏။)

အထက်ပါနည်းအရ တစ်လှည်းတိုက် (တစ်ဝါဟ) သည် တင်းပေါင်း ၈၀ နှင့်ညီမျှနေပါသည်။ စပါးတင်း ၈၀ ကို နှစ်တင်းဝင်အိတ်ဖြည့်ထည့်လျှင် အိတ်ပေါင်း ၄၀ ရပါသည်။ တင်းပေါင်း ၈၀ ကို တင်နိုင်သည့် လှည်း၏ ကြံ့ခိုင်မှုနှင့် နွား၏သန်မာထွားကြိုင်းမှုများကို ကျွန်ုပ်တို့ မျှော်မှန်းကြည့်နိုင်ပါသည်။

အင်းဝခေတ်လက်ရာဖြစ်သော စစ်ကိုင်းတောင်ရိုး တိလောကဂုရုနံရံပန်းချီတွင်ဝန်တင်လှည်းပုံကို တွေ့ရှိရပါသည်။ အင်းဝခေတ် မြားရေးဆိုင်ရာအတတ်ပညာများကို ပြဆိုထားသည့်ပန်းချီဖြစ်ပါသည်။ ဝန်အပြည့်တင်ဆောင်ထားသည့်လှည်းကို မြားဖြင့်ဖောက်ထွင်းနိုင်အောင် မြားအတတ်ပညာရပ်များကို ပြသထားခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့သုတေသီများအဖို့ အင်းဝခေတ်ကဝန်တင်လှည်းတို့၏ အနေအထား၊ တည်ဆောက်ပုံနှင့် အသုံးပြုပုံများကိုသိမြင်ခံစားရပါသည်။ ချပ်ဝိုင်းလှည်းဘီးများဖြင့် တည်ဆောက်ထားပုံများမှာ သရုပ်ပေါ်လွင်လှပါသည်။

**အထူးမှတ်သားရန်**

လှည်းနှင့်ပတ်သက်၍ အထူးတင်ပြလိုသည်မှာ ထီးသုံး၊ နန်းသုံး၊ မင်းခမ်းဝင်မင်္ဂလာရှိသည့်နေရာဌာနများ၌ သုံးစွဲရာတွင် "ရထား" ဟုသုံးစွဲသည်ကိုတွေ့ရပြီး ဝန်တင်ခြင်း၊ ကုန်ပစ္စည်းပို့ဆောင်ခြင်းများနှင့် ပြည်သူများစီးနင်းလေ့ရှိသည့်လှည်းကို "လှည်း"ဟူ၍သာ သုံးစွဲခေါ်ဝေါ်ကြသည်ကို တွေ့နိုင်ပါသည်။

ရှေးစာပေများတွင်လည်း မင်းအသုံးအဆောင်များကို "ရထား"၊ ပြည်သူ့အသုံးအဆောင်များကိုမူ "လှည်း"ဟူ၍ သုံးစွဲခဲ့ကြပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် ပဒေသရာဇ်၊ ကေရာဇ်တို့၏ ပြည်သူတို့နှင့် အဆင့်အတန်းခွဲခြားမှု၊ သတ်မှတ်မှုမျိုး ဖြစ်နိုင်စရာရှိပါသည်။

Scanned by CamScanner



မည်သို့ဆိုစေကာမူ "လှည်း"သည် ကျွန်ုပ်တို့မြန်မာလူမျိုးတို့၏ ရိုးရာအမွေအနှစ်ယဉ်ကျေးမှု ပစ္စည်းတစ်ခုဖြစ်ခဲ့သည်မှာ မြေကြီးလက်ခတ်မလွဲပေ။

ထို့ကြောင့် ဤစာအုပ်တွင် "မြန်မာ့"လှည်းဟုဆိုသော်လည်း လှည်းနှင့်ပတ်သက်သည့် အကြောင်းအရာများတွင် ပါဝင်သည့် ရထား၊ လှည်း၊ မြင်းလှည်း၊ နွားလှည်းမှစ၍ လံချားလှည်းပါမကျန် ပြည့်စုံနိုင် သမျှ ပြည့်စုံအောင် ဖော်ထုတ်တင်ပြသွားမည် ဖြစ်ပါသည်။

သို့မှသာ မြန်မာတိုင်းရင်းသားများ၏ အသက်သွေးကြောပမာတည်ရှိနေသော "မြန်မာ့လှည်း" နှင့်ပတ်သက်၍ အကွက်စေ့စေ့၊ နှိုက်နှိုက်ချွတ်ချွတ်လေ့လာမှတ်တမ်းတင်နိုင်ကြမည် ဖြစ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကောမပပျောက်စေရေးအတွက် မြန်မာနိုင်ငံသားတိုင်း တာဝန်ရှိနေကြောင်း သဘောပေါက်နားလည်ကြမည် ဖြစ်ပါသည်။

"မြန်မာ့လှည်းယာဉ်"အကြောင်းကိုသာ သီးခြားရေးဖွဲ့တင်ပြထားပါက လှည်းယာဉ်အကြောင်း လောက်ကိုသာ စိတ်ပါဝင်စားပြီး တောင်သူဦးကြီးများနှင့် မြန်မာတိုင်းရင်းသားအများစုအကျိုးပြုသည့် "မြန်မာ့လှည်း" များမှာတိမ်မြုပ်နေမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာ့လှည်းနှင့်ပတ်သက်၍ ပြည့်စုံနိုင်သမျှပြည့်စုံစေရန် တင်ပြသွားမည် ဖြစ်ပါသည်။

## မြန်မာ့လှည်းမှရသော ဂဏန်းသင်္ကေတ

မြန်မာ့လှည်းနှင့်ပတ်သက်၍ ထီးသုံးနန်းသုံးနှင့် တောင်သူလယ်သမားဦးကြီးများသာမက အင်းဝခေတ် မြန်မာ့ကလေးသူငယ်များမှစ၍ ယနေ့တိုင် သုံးစွဲခေါ်ဝေါ်လျက်ရှိသည့် ဂဏန်းသင်္ကေတ တစ်ခုရှိပါသေးသည်။

တစ်မှစ၍ ၁၀ အရေအတွက်အထိ စုံတွဲများကို ကလေးသူငယ်များ နားလည်သဘောပေါက် စေခဲ့သည့် မြန်မာ့လှည်းမှရသောဂဏန်းသင်္ကေတများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| | | |
|---|---|---|
| – တစ်ပြူး | = | ၁ ၏ သင်္ကေတ။ |
| – တစ်လံ | = | ၄ ၏ သင်္ကေတ။ |
| – ညောင်ကန် | = | ၆ ၏ သင်္ကေတ။ |
| – ထပ်ပိုး (ထမ်းပိုး) | = | ၈ ၏ သင်္ကေတ။ |
| – အချိုး (ချိုး) | = | ၁၀ ၏ သင်္ကေတ။ |

အထက်ပါ သင်္ကေတအခေါ်အဝေါ်ဖြစ်လာပုံမှာ **စိတ်ဝင်စားစရာလည်း** ကောင်း၊ ဗဟုသုတ လည်း ဖြစ်စေပါသည်။

တောင်သူဦးကြီးတို့၏ သားသမီးရတနာလေးများသည် တောခြုံကြီးပြင်းရသဖြင့် လှည်း၊ စပါး၊ နွားမှလွဲ၍ မသိနိုင်ကြသေးပေ။ ဖခင်၏လုပ်ငန်းခွင်သို့ မကြာခဏလိုက်ပါနေရသဖြင့် လှည်း၊ နွား၊ စပါးများကိုမူ မျက်စိအမြင်ကျွင့်သားရနေ၏။ ဖခင်ဖြစ်သူကလည်း ကလေးငယ်ကို သိစေ၊ မြင်စေ၊ တတ်စေလို၏။ လယ်ယာလုပ်ငန်းခွင်ကိုပြု၍ သားသမီးများကို ပညာအမွေပေးဝေလို၏။

ထို့ကြောင့် နွားနှစ်ကောင်ကို ထမ်းပိုး၌တပ်ထားသည်ကိုပြ၍ ကလေးငယ်များအား "တစ်ပြူး" ဟူသော ဝေါဟာရကို သင်ပေး၏။ လှည်းဘီးနှစ်ဘီးဖြင့် နွားကိုအသုံးပြုနေရသည်ကိုပြ၍ တစ်ပြူးဟု သိစေ၊ မြင်စေ၏။ လှည်းဘီးတစ်စုံ (နှစ်ခု) ပူးနေသည်ကို တစ်ပြူးခေါ်ကြောင်း ကလေးငယ်၏ မှတ်ဉာဏ်၌ထင်သွား၏။ ကလေးငယ်သည် အရာဝတ္ထု (သက်ရှိ၊ သက်မဲ့) နှစ်ခုမြင်တိုင်း တစ်ပြူး (၂ ခု)ခေါ်ကြောင်း သိမြင်လာ၏။

တောမှအပြန် ဖခင်သည် ထင်းများကိုအိမ်နံဘေးတွင် လပုံထိုးသည်။ ထင်းများကိုစနစ်တကျ စုပုံသည်။ ပုံပြီးလျှင် လက် ၂ ဖက်ကိုဘေးသို့ဆန့်ပြီး "တစ်လံ"ဟုဆိုလိုက်ရာ ရင်သွေးငယ်ဖြစ်သူက စူးစမ်းလေ့လာသောအကြည့်ဖြင့် ကြည့်သည်။ နေ့စဉ်တွေ့ဖန်များလာသည့်အခါ၌ လက်ကိုဆန့်လျှင် တစ်လျားတစ်လံရှိကြောင်း သိမြင်လာသည်။ လက်မောင်းလေးချောင်း (အတောင်အားဖြင့် ၄ တောင်) ရှိကြောင်း သိရှိသွားသည်။ ကြာသော် တစ်လံဆိုသည်မှာ ၄ ဂဏန်းကိုဆိုလိုကြောင်း သိလာတော့သည်။

တစ်နေ့တွင် ရွာနံဘေးမှဖြတ်မောင်းသွားသည့်လှည်းယဉ်လေးကို ဖခင်ဖြစ်သူက ရင်သွေးငယ်အား လက်ညှိုးထိုးပြလိုက်သည်။ လှည်းပေါ်တွင် သိင်္ကာနှင့်ပြည့်စုံသည့် ရဟန်းတော်တစ်ပါး ဣန္ဒြေရစွာလိုက်ပါသွားသည်။ ထိုလှည်းယဉ်သည် ရင်သွေးငယ်တွေ့မြင်နေကျလှည်းမျိုးနှင့် မတူချေ။ လှည်းအမြီးပိုင်းသည် အထက်သို့ကော့ထောင်နေပြီး ခြူသံတလွင်လွင်ဖြင့် အလွန်လှပသည့် လှည်းယဉ်ငယ်လေးဖြစ်သည်။ ခြောက်စထောင်လှည်းမျိုးဖြစ်သည်။

ထိုလှည်းယဉ်မျိုးသည် ညောင်ကန်အရပ်မှစတင်ပေါ်ပေါက်သောကြောင့် "ညောင်ကန်လှည်း" ဟုလည်း ခေါ်ကြသည်။ ထို့ကြောင့် ကလေး၏မှတ်ဉာဏ်၌ ညောင်ကန်ဟူသောဝေါဟာရသည် ၆ ဂဏန်းကို ဆိုလိုကြောင်း သဘောပေါက်သွားတော့၏။

နွားနှစ်ကောင်ကိုဆွဲ၍ ဖခင်ဖြစ်သူသည် လှည်းထမ်းပိုးလုံး၌တပ်သည်။ ထမ်းပိုးအောက်၌ တပ်ထားသည့် နွားနှစ်ကောင်၏ခြေထောက်အရေအတွက်များသည် ၈ ခုရှိသည်။ ဖခင်ဖြစ်သူက "ထမ်းပိုး"ဟုဆို၍ ၈ ဂဏန်း၏သင်္ကေတကို ကလေးငယ်အား သင်ကြားပေးခဲ့သည်။

သို့မဟုတ် နွားတစ်ကောင်လျှင် ခြေ ၄ ချောင်း (တစ်လံ) ရှိသည်ကို ကလေးငယ်ကသိနေပြီး ဖြစ်၏။ ယခုတစ်ဖန် နွားနှစ်ကောင်ကိုထမ်းပိုးကုံး၌တပ်နေချိန်တွင် တစ်လံ (နွားတစ်ကောင်၏ ခြေထောက် ၄ ချောင်း) ထပ်ပိုးနေသည်ကို မြင်ရပြန်၏။ ဖခင်ဖြစ်သူက တစ်လံ + တစ်လံ (၄ + ၄) 'ထပ်ပိုး'လိုက်သည်ကို ၈ ဟုခေါ်ကြောင်း ရှင်းပြ၏။

တစ်နည်းအားဖြင့် 'ထပ်ပိုး' ဟူသောသင်္ကေတမှာ နံနက်တိုင်းအိမ်သို့ဆွမ်းခံလာသည့် ဘုန်းတော်ကြီး၏တပည့် ကျောင်းသားများ ဗျပ်ဆိုင်းကြိုးများဖြင့် ထမ်းပိုးတွင်တပ်၍ ထမ်းလာကြ သည်ကို ဖခင်ဖြစ်သူက ကလေးငယ်အားပြသ၏။ ဆွမ်းခံဗျပ်ဆိုင်းသည် ၂ ခုရှိ၏။ တစ်ခုတစ်ခုတွင် ကြိုး ၄ ချောင်းတပ်ထား (ချည်ထား) ရ၏။ (အချို့ဒေသတွင် ဝါးတုတ်ဖြင့် စွပ်ထားလေ့ရှိပါသည်)။ ကြိုး ၄ ချောင်း (သို့မဟုတ်) တုတ် ၄ ချောင်းသည် တစ်လံဖြစ်ကြောင်း ကလေးငယ်သိပြီးဖြစ်၏။ ယခုမြင်တွေ့ရသည့် ဆွမ်းခံဗျပ်ဆိုင်းသည် နှစ်ဆိုင်းဖြစ်နေ၍ တစ်လံအပေါ်တစ်လံထပ်ပိုးလိုက်လျှင် ၈ ဂဏန်းဖြစ်သည်ကို ကလေးငယ်သဘောပေါက်လာ၏။ ကျောင်းသားများဆွမ်းခံထမ်းပိုးကိုကြည့်ပြီး ၈ ဂဏန်းဆိုသည်ကို နားလည်သွားတော့၏။

4B

ဖခင်ဖြစ်သူက တလင်းထဲမှစပါးများကို အိမ်သို့လှည်းဖြင့်တိုက်ခဲ့၏။ အိမ်ရောက်လျှင် မိခင်ဖြစ်သူက နှီးခြမ်းတစ်ခုကိုယူ၍မှတ်၏။ ၁ တင်းမှစ၍ ၉ တင်းအထိ ပုံမှန်အတိုင်းစပါးကို စတုတ်ချိုးတိုက်၍ တင်းမှန်တောင်းမှန်ဖြင့် ကျီထဲသွင်း၏။ ၁၀ တင်းပြည့်ချိန်တွင် ဖခင်ဖြစ်သူက ၁၀ တင်းဟုမအော်တော့ဘဲ 'ချိုး'ဟုအော်ပြော၏။ ထိုအခါ မိခင်ဖြစ်သူက နှီးခြမ်းကိုချိုး၍ ၁၀ တင်းပြည့်ကြောင်း သင်္ကေတပြလိုက်၏။ ကလေးငယ်၏စိတ်ဝယ် ၁၀ ဂဏန်းကို 'ချိုး'ဟု ဆိုလိုကြောင်း သဘောပေါက်သွားတော့၏။

(မှတ်ချက်) ယနေ့တိုင် ကျီ၊ စပါး ဒိုင်များသို့ စပါးများသွင်းချိန်၌ တစ်တင်းမှ ကိုးတင်းအထိ ဂဏန်းစဉ်အတိုင်းအော်ပြီး ၁၀ တင်းပြည့်လျှင် ချိုး(အချိုးဗျို့)ဟု အော်ကြသည်ကို လေ့လာမှတ်သားမိပါသည်။

ဤဂဏန်းသင်္ကေတများမှာ တောင်သူဦးကြီးတို့၏ကလေးငယ်များအား လယ်တော၊ ယာတောမှ အမှတ်သင်္ကေတပေးလိုက်သော ဂဏန်းသင်္ကေတများပင်ဖြစ်ပါသည်။ ပုဂံခေတ်အကုန် အင်းဝခေတ် အစ အချိန်ကာလမှစ၍ ယနေ့တိုင် မရိုးနိုင်မအီနိုင်သေးသော မြန်မာ့လှည်းမှရသည့် ဂဏန်းသင်္ကေတလေးများ ဖြစ်ပါတည်း။ ။

## လှည်းထမ်းပိုးနှင့် မြန်မာ့ ပဟိုရ်နာရီ

မြန်မာ့လှည်းသည် ဂဏန်းသင်္ကေတများအား မည်သို့မည်ပုံ အကျိုးပြုခဲ့ကြောင်းဆိုပြီး ဖြစ်ပါသည်။ ယခုတစ်ဖန် မြန်မာ့လှည်းထမ်းပိုးက မြန်မာ့ဗဟိုရ်နာရီကို အကျိုးသက်ရောက်ပုံကို ပြဆိုပါဦးမည်။

မြန်မာဘုရင်များလက်ထက်တော်အခါက ဗဟိုရ်စည်ဖြင့် နာရီအမှတ်အသားပြု၍ နာရီတော်စောင့် သွေးသောက်ကြီးက ဗဟိုရ်စည်တီးသူတို့အား ကြိုတင်အသိပေးပြီး တီးခတ်စေခဲ့ပါသည်။ (ဗဟိုရ်စည်တီးခတ်သည့် စနစ်ကိုဖော်ပြလိုသော်လည်း ဤနေရာ၌ အကျုံးမဝင်သဖြင့် ချန်လှပ်ခဲ့ပါသည်။)

ယင်းသို့တီးခတ်ရာ၌ တစ်နှစ်တာကာလ (၁၂ လရာသီ) အတွင်း နေ့နာရီ၊ ညဉ့်နာရီ မည်မျှရှိသည်ကို ရှေးလူကြီးပညာရှိစာဆိုတို့က လင်္ကာဖြင့် အမှတ်အသားပြုခဲ့ကြပါသည်။ ထိုလင်္ကာမှာ–

"ပတ်–သံ–ကာ–ရှည်၊
တီး–သံ–မည်၊
လက်–စီ–ကံ–စာ–ရေး။
တစ် ဆယ် တိုး၊
ထမ်း ပိုး တင်၊
ညဉ့်လျှင် အကြွေးဆေး" ဟူ၍ ဖြစ်ပါသည်။

ဤလင်္ကာသွားအရ အဓိပ္ပာယ်ပြုရလျှင်–

တန်ခူးလမှစ၍ တပေါင်းလအထိ ၁၂ လရှိရာ တန်ခူးလ၏ သင်္ကေတ လင်္ကာဖြစ်သော "ပတ်" ကို ၅ ဂဏန်းအဖြစ်ယူပါ။ "တစ်ဆယ်တိုး" ဟုဆိုသဖြင့် ၅+၁၀ = ၁၅ ဖြစ်သည်။ "ထမ်းပိုးတင်"

ဟုဆိုပြန်သဖြင့် တစ်ပြူး တစ်လဲ ညောင်ကန် ထမ်းပိုး ဆိုခဲ့သည့်အတိုင်း နောက်တစ်ခု ထမ်းပိုး (ဝါ) ထပ်ပိုးလျှင် ၁၅+၁၅ = ၃၀ ဖြစ်သည်။ ဤနာရီ ၃၀ သည် နေ့နာရီဖြစ်၏။ တစ်ရက်လျှင် နာရီပေါင်း ၆၀ ရှိရာ ၆၀−၃၀=၃၀ ဖြစ်၏။ ထို့ကြောင့် ကျန်နာရီ ၃၀ သည် ညဉ့်နာရီဖြစ်ကြောင်းသိရပါသည်။

အထက်ပါလင်္ကာမှာ နေ့နာရီကို ပြဆိုထားခြင်းဖြစ်၍ ညဉ့်နာရီကိုသိလိုက "အကြွင်းဆေး" ဆိုသည့်အတိုင်း နာရီပေါင်း ၆၀ မှ နေ့နာရီကို နုတ်ရုံသာဖြစ်ပါသည်။ အမှတ်တမဲ့ဆိုပါက ဤလင်္ကာမှာ သာမညဟုထင်ရသော်လည်း နေ့နာရီ၊ ညဉ့်နာရီမည်မျှရှိကြောင်း တစ်နှစ်တာကာလအတွက် ကွန်ပျူတာတွက်ချက်နည်းဖြင့် စီစဉ်ညွှန်ပြထားကြောင်း သိရှိနိုင်ပါသည်။ "တစ်ဆယ်တိုးလို့ ထမ်းပိုးတင်" ဆိုသည့်စကားမှာလည်း ရှေးလူကြီးစာဆိုရှင်၏အသိဉာဏ်၌ လူထုနှင့်အနီးစပ်ဆုံး (တစ်နည်း) ကလေးလူငယ်တို့ အသိလွယ်ဆုံး (သို့မဟုတ်) တောသူတောင်သားများအသိအများဆုံး ဝေါဟာရတစ်ခုဖြစ်သည့် "လှည်းထမ်းပိုး" ကို ရည်ညွှန်းဖွဲ့ဆိုသွားကြောင်း သိမြင်နိုင်ပါသည်။ ဤအချက်သည်ပင် မြန်မာ့လှည်းသည် နေရာတိုင်းနှင့် ဆက်သွယ်ပေါင်းကူးမှုရှိပြီး တိုင်းရင်းသား ပြည်သူလူထုအပေါင်းနှင့် အထိတွေ့ဆုံးယာဉ်တစ်ခုဖြစ်ကြောင်း ပေါ်လွင်လှပါသည်။

ဖော်ပြပါလင်္ကာအရ အလွယ်တကူသိရှိလေ့လာနိုင်ရန် ဇယားဖြင့် ဖော်ပြလိုက်ပါသည်။

| စဉ် | ၁၂ ရာသီ | လအမည် | နေ့နာရီ | ညဉ့်နာရီ | ရက် နာရီ |
|---|---|---|---|---|---|
| ၁ | မိဿ | တန်ခူး | ၃၀ (ပတ်) | ၃၀ | ၆၀ |
| ၂ | ပြိဿ | ကဆုန် | ၃၂ (သံ) | ၂၈ | ၆၀ |
| ၃ | မေထုန် | နယုန် | ၃၄ (တာ) | ၂၆ | ၆၀ |
| ၄ | ကရကဋ် | ဝါဆို | ၃၆* (ရှည်) | ၂၄ | ၆၀ |
| ၅ | သိဟ် | ဝါခေါင် | ၃၄ (တီး) | ၂၆ | ၆၀ |
| ၆ | ကန် | တော်သလင်း | ၃၂ (သံ) | ၂၈ | ၆၀ |
| ၇ | တူ | သီတင်းကျွတ် | ၃၀ (မြည်) | ၃၀ | ၆၀ |
| ၈ | ဗြိစ္ဆာ | တန်ဆောင်မုန်း | ၂၈ (လက်) | ၃၂ | ၆၀ |
| ၉ | ဓနု | နတ်တော် | ၂၆ (စီ) | ၃၄ | ၆၀ |
| ၁၀ | မကာရ | ပြာသို | ၂၄ (ကံ) | ၃၆ | ၆၀ |
| ၁၁ | ကုံ | တပို့တွဲ | ၂၆ (စာ) | ၃၄ | ၆၀ |
| ၁၂ | မိန် | တပေါင်း | ၂၈+ (ရေး) | ၃၂ | ၆၀ |

* ရှည် ၏သင်္ကေတကို ၈ ဂဏန်းယူပါ။
+ ရေး ၏ သင်္ကေတကို ၄ ဂဏန်းယူပါ။

ထို့ပြင် "ပတ်သံတာရှည်၊ တီးသံမြည်၊ လက်ဆီကံစာရေး။ တစ်ဆယ်လောင်းမည်၊ ထမ်းပိုးရှည်၊ ရှင်းသည်နာရီပေး။ ဆယ့်နှစ်လလည်၊ နေ့ဘို့ရည်၊ ညဉ့်သည်အကြွင်းသေး"ဟုလည်း (မှုကွဲ) တွေ့ရပါသေးသည်။ အဓိပ္ပာယ်မှာ အတူတူပင်ဖြစ်သည်။

## (ဂ) ကုန်းဘောင်ခေတ် မြန်မာ့လှည်းများ

ပုဂံခေတ်၊ အင်းဝခေတ် မြန်မာ့လှည်း (ရထား) ဆိုင်ရာအကြောင်းအရာများမှာ အတန်အသင့် ပြည့်စုံလောက်ပြီ ထင်ပါသည်။ ပုဂံခေတ်နှင့်အင်းဝခေတ်သည် စာပေ၊ ပန်းချီယဉ်ကျေးမှုအနုပညာရပ်များနှင့်ပတ်သက်၍ အနုက်ရှိုင်းဆုံး၊ အကျယ်ပြန့်ဆုံး၊ ဖွံ့ဖြိုးမှုအရှိန်အဟုန် အမြင့်မားဆုံးကာလများ ဖြစ်ခဲ့သဖြင့် တွေ့ရှိရသမျှအားလုံးကိုသာ လေ့လာမှတ်တမ်းတင်ရမည်ဆိုလျှင် ကုန်နိုင်စရာပင် မရှိတော့ချေ။

သို့ဖြစ်၍ အဓိကဦးတည်ချက်ဖြစ်သည့် မြန်မာ့လှည်း၏ယဉ်ကျေးမှု သုတေသနနယ်ပယ်မှ တိုင်းရင်းသားမျိုးနွယ်စုအားလုံးသို့ အကျိုးသက်ရောက်ပုံနှင့် ကျေးဇူးပြုပုံများကိုသာ တင်ပြခဲ့ပါသည်။

ဆက်လက်၍ သမိုင်းကြောင်းကိုတင်ပြရလျှင် အင်းဝခေတ်နှင့်ကုန်းဘောင်ခေတ်အကြား၊ ကြားကာလများ၌လည်း မြန်မာ့လှည်း၏ အခန်းကဏ္ဍမှာ ယုတ်လျော့သွားဖွယ်ရာမရှိချေ။ သို့သော်လည်း ကုန်းဘောင်ခေတ်သို့ရောက်လာချိန်တွင် မြန်မာ့လှည်း၏အဆင်တန်ဆာများသည် ပို၍ထူးခြားလာ၏။ မြူးကြွ လာ၏။ သွက်လက်လာ၏။

ရွှေနန်းလက်သုံး ပုရပိုက်ဖြူများတွင် လှည်း (ရထား) ပုံအမျိုးမျိုးတွေ့ရှိရ၏။ ပုံစံအားဖြင့် သရက်ကိုင်းရှာစား ဆက်ရထား (လှည်း) ပုံကို ညွှန်ပြလိုပါသည်။ ထိုပုံတွင် လှည်းဘီးလေးဘီး ပါဝင်၏။ ရှေ့ဘီးအသေး၊ နောက်ဘီးအကြီးပုံဖြစ်၏။ ပြာသာဒ်ရထားပုံ တည်ဆောက်ထား၏။ ပုရပိုက်တွင် လူဆွဲနေပုံ ဖော်ပြထား၏။ ကုလားလူမျိုးများဆွဲလေ့ရှိသည့် လွန်ချားလှည်းကဲ့သို့ မဟုတ်ချေ။ ဤပုံကို ကြည့်ခြင်းအားဖြင့် မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်း မည်မျှမြင့်မားနေသည်ကို ဖော်ပြလျက်ရှိပါသည်။



သရက်ကိုင်း ရှာစားဆက်ရထား

ထို့အတူ လှည်းနှစ်ဘီးတပ် လူဆွဲသည့်ထီးဖြူဆောက်ရထား (လှည်း) ကိုလည်း ရှေးနန်း လက်သုံး ပုရပိုက်ဖြူတွင် တွေ့ရှိရ၏။ ရထား (လှည်း)၏ ဖွဲ့စည်းတည်ဆောက်ပုံမှာ အဆင့်အတန်း မြင့်မားလှ၏။ ရိုးရိုးယဉ်ယဉ်ပုံအသွင်ဆောင်သော်လည်း တည်ဆောက်ထားပုံ အချိုးအစားကျနသေသပ်မှုများက မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်းကို ညွှန်ပြနေ၏။


ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ မြန်မာကို ကမ္ဘာကသိလာ၏။ မြန်မာတို့၏ ဇာတိသွေးဇာတိမာန်သည် ကမ္ဘာတစ်ဝန်းလုံးသို့ ဩဇာသက်ရောက်ပျံ့နှံ့မည်ကို နယ်ချဲ့တို့ရိပ်စားမိလာ၏။ နိုင်ငံခြားမှ ဘာသာအမျိုးမျိုးနှင့် ယဉ်ကျေးမှုအမျိုးမျိုးတို့ဖြင့် မြန်မာနိုင်ငံအား အစားထိုးပြောင်းလဲစေခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ချေ။

ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုများ ဆိတ်သုဉ်းပျောက်ကွယ်စေရန် နည်းအမျိုးမျိုးဖြင့် ထိုးစစ်ဆင်လာ၏။ မြန်မာပြည် ထီးကျိုးစည်ပေါက် သူ့ကျွန်ဘဝသို့ရောက်ရှိစေရန် ပရိယာယ်အမျိုးမျိုးဖန်တီးပြီး ယုတ်မာပက်စက်လာ၏။ မြန်မာပြည်၌ ခြေကုပ်အမျိုးမျိုးရယူကာ ယဉ်ကျေးမှုဓလေ့ထုံးစံများအား ဖျက်ဆီးသွား၏။ ကုန်းဘောင်ရာဇဝင်ကို ကျေမွပျက်သုဉ်းသွားအောင် ကြံစည်ခဲ့ကြ၏။ မြန်မာလူမျိုးများကို မြန်မာ (သို့မဟုတ်) “ဗမာ” ဟု လွယ်လွယ်ကူကူ BAMA ဟုရေးလျှင် ပြီးနိုင်ပါလျက် ဘီအေအမ်အေဘွဲ့ရသူ လူမျိုးများဟု ထင်မည်စိုး၍လားမသိ BURMA ဟု စာလုံးပေါင်းသွား၏။ မြန်မာလူမျိုးဆိုတာ “ဘယ်မှာလဲ” ဟုပင် မေးရလောက်အောင် ကြံစီပြုမူသွားခြင်းမျိုး ဖြစ်လေမည်လားဟုပင် ထင်မိ၏။ သို့သော် ဤအချက်များမှာ ဘာသာဗေဒနှင့် သက်ဆိုင်နေ၍ ဖော်မပြလိုတော့ပါ။

ကုန်းဘောင်ခေတ်ရထား (လှည်း) နှင့်ပတ်သက်၍ ဆက်လက်ဖော်ပြလိုသည်မှာ နန်းတွင်းပန်းချီတော် ဦးကြာညွှန့်၏ နေမိဇာတ်တော် သရုပ်ဖော် ပုရပိုက်ဖြူ၌ ပါရှိသည့်ပန်းချီပုံ ဖြစ်ပါသည်။ နေမိမင်းကြီးအား မာတလိနတ်သားက ပန်ရထားဖြင့် နတ်ပြည်သို့ပင့်ဆောင်ပုံ ပုရပိုက်ပန်းချီပုံဖြစ်ပါသည်။ ထိုပုံကိုကြည့်ပါက သရက်ကိုင်းရှာစား ဆက်ရထားပုံနှင့် ဖွဲ့စည်းပုံခြင်းတူညီနေမှုကို သတိမူနိုင်ပါသည်။

သူ့ခေတ်နှင့်သူ့အခါ ရေးဖွဲ့မှတ်တမ်းပြုခဲ့ကြသည့် စာပေ ပန်းချီ ဂီတများသည် သူ့မျက်မှောက် ခေတ်ကို ရည်ညွှန်းနေမည်ဖြစ်ပါသည်။

ထို့ပြင် မောင်းမမိဿံ ခြွေရံသင်းပင်းများဖြင့် ထွက်တော်မူပုံ ပန်းချီပုရပိုက်တွင် ရေးဆွဲထားသည့် ရထား (လှည်း) ပုံသည်လည်း ပြာသာဒ်ရထားမျိုး ဖြစ်ပါသည်။ မြန်မာ့လှည်းယဉ်ဖြစ်ပေါ်လာမည့် အစကနဦးကာလကို ညွှန်ပြနေသည်နှင့် တူပါသည်။ မြင်းကွန်းမြင်းခုံတိုင် ညီနောင်တို့ မင်းတုန်းမင်းကြီးကို ပုန်ကန်ခြားနားမှုဖြစ်ပေါ်ပြီး ၃ နှစ်ခန့်အကြာတွင် ဤပုရပိုက်



ကုန်းဘောင်ခေတ်
ထီးဖြူဆောက် (ဆောင်း) ရထားပုံ
(ပုရပိုက် ပန်းချီ)

ပန်းချီကို ရေးဆွဲခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်းများစွာကာလကပင် ကျွန်ုပ်တို့ မြန်မာမင်းဆက်များ အသုံးပြုခဲ့သော လှည်း(ရထား)များ၏ အဆင့်အတန်းကို ခန့်မှန်းနိုင်ပေပြီ။

ဗုဒ္ဓဘာသာပီပီ ရိုးသားသိမ်မွေ့စွာ နေထိုင်လေ့ရှိကြသည်ကို အခွင့်ကောင်းယူ၍ ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားစေရန်အတွက်ဟု ဆိုကာ တိုင်းတစ်ပါးမှလာရောက်၍ ကျွန်ဇာတ်သွင်းခဲ့ပုံများ ကိုကျွန်ုပ်တို့မမေ့အပ်သေးချေ။ ယဉ်ကျေးမှုစိတ်ဓာတ်နှင့် အနုပညာအမွေအနှစ်များ ဆက်လက်ရှာဖွေ သုတေသနပြု၍ သိမ်းဆည်းရှာဖွေကြဖို့ လိုသေးသည်။

ဆက်လက်၍ နာမည်ကျော်ကြားလှသည့် မင်းတုန်းမင်းကြီးထွက်တော်မူပန်းချီကားကို တင်ပြလိုပါသည်။ ထွက်တော်မူခန်း ပုရပိုက်ဖြူ ပန်းချီသည် ၁၅ မျက်နှာ၌ ဆေးခြယ်ထား သော်လည်း ဖြန့်လိုက်လျှင် ရှခင်းတစ်ဆက် တည်း ဖြစ်၏။ ယင်းပန်းချီကား၏ ပထမ စာကြောင်းတွင် "မင်းတုန်းမင်းကြီးသည် သက္ကရာဇ် ၁၂၂၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့တွင် ပတ္တမြားတောင် စကျင်တောင် တော်များကပင့်ရောက်သည့် ကျောက်တော်ကြီး ဘုရားသို့ အထုအလုပ်မျက်နှာတော်ဖွင့် အဖူး အမြော်ထွက်တော်မူစဉ် နမန္တာဘက်၊ ဓာတ်ဘက် စစ်အင်္ဂါလေးပါး၊ ရှေ့ခြောက်ထပ်၊ နောက် ခြောက်ထပ်၊ ခမ်းနားကြီးကျယ်စွာ ထွက်တော်မူ ရာ ခင်းကျင်းသည့် စာတမ်း စာရင်းပုံများမှ ကူးယူရေးဆွဲထားသည့် ပုံဖြစ်ကြောင်း" ရေးထိုးထား၏။

မြန်မာ့လှည်း(ရထား)၏ ထည်ဝါခံ့ညားမှု၊ လှပဆန်းသစ်မှုနှင့် ဖျတ်လတ်သွက်လက်ပေါ့ပါး သည့် အသွင်သဏ္ဌာန်ကို တွေ့မြင်နိုင်ပါသည်။ ပုရပိုက်ပန်းချီကို ရေးဆွဲသူ၏အမည် မပါရှိသော်လည်း မြန်မာ ပန်းချီတော်တစ်ဦးဦး၏ပုံဖြစ်မည်ဟု ခန့်မှန်းရပါသည်။



ကုန်းတောင်ခေတ်ဦး ( ၁၈ – ရာစု )

နေမိမင်းသားအား နတ်ပြည်သို့ ပင့်ဆောင်ခန်း နံရံပန်းချီ။

( ချောင်းဦးမြို့နယ် ခင်မွန်ရွာ အောင်မြေလောက ဘုရား) မှ

ထိုပြင် သက္ကရာဇ် ၁၁၁၈ ခုနှစ်တွင် ရေးဆွဲခဲ့သည့် ကုန်းဘောင်ခေတ်ဦးပန်းချီပုံကိုလည်း ဖော်ပြလိုပါသည်။ ထိုပုံကို စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ခင်မွန်ရွာရှိ လောကအောင်မြေဘုရား နံရံပန်းချီအဖြစ် ရေးဆွဲထားပါသည်။

ထိုတွင် နေမိမင်းသားအား ရထားယာဉ် (လှည်းယဉ်) ဖြင့် နတ်ပြည်သို့ ပင့်ဆောင်ဟန် နေမိဇာတ်တော်သရုပ်ဖော်ပြကွက်တွင်ရထား(လှည်း)ကိုကသည့်မြင်းကိုးကောင်မှာအသက်ဝင်လှပါသည်။ တံခွန်အလံများဖြင့် ပြာသာဒ်ရထား(လှည်း)ပုံမှာ အားမာန်တက်ကြွဖွယ်ရာ ဖွဲ့စည်းတည်ဆောက် ထားပုံမျိုးဖြစ်ပါသည်။ ဇာတ်တော်ကို သရုပ်ဖော်ရေးဆွဲထားသည့်ပုံဖြစ်သော်လည်း ကုန်းဘောင် ခေတ်ဦး ထီးသုံး နန်းသုံး မင်းခမ်းမင်းနား အသွင်အပြင်များကို ဦးစားပေးရေးဆွဲထားကြောင်း သိမြင် နိုင်ပါသည်။

မြန်မာနိုင်ငံတော်ကြီးအား တိုင်းတစ်ပါးတို့၏ ရန်စွယ်အန္တရာယ်များကြားမှ ကာကွယ်စောင့်ရှောက်နေရသည့်ကြားမှ မြန်မာ့ရိုးရာပန်းချီအနုပညာရပ်များနှင့်တကွ ယဉ်ကျေးမှုအမွေများ မပျက်စီးစေရန် ဆောင်ရွက်ခဲ့ပုံများကို ကျွန်ုပ်တို့ သင်ခန်းစာယူကြရမည်ဖြစ်ပါသည်။

ကုန်းဘောင်ခေတ် မြန်မာ့လှည်း(ရထား)နှင့်ပတ်သက်၍တင်ပြလျှင် ကုန်နိုင်ဖွယ်ပင် မရှိပါချေ။ ရှင်ပင်ပွင့်လန်းစေတီ နံရံရေးပန်းချီ၌လည်း ပန်းရထားမျိုးကို အခြေခံယူ၍ တည်ဆောက်ထားသော မင်္ဂလာရထားတစ်မျိုးပုံလည်း ရှိပါသေးသည်။ ပန်းချီတော် ဦးကြာညွန့်၏ မင်းတုန်းမင်းကြီးကန့်တော့ ခံဝင်ပုံ ပုရပိုက်ပန်းချီတွင်လည်း ဗီရိုလှည်း (ရထား) ပုံစံဖြင့် တွေ့ရသေး၏။

သို့သော် ဤမျှပြဆိုခြင်းဖြင့် ကုန်းဘောင်ခေတ်ဦးနှင့် ကုန်းဘောင်ခေတ်နှောင်းပိုင်းတို့တွင် မြန်မာ့ လှည်း၏ တည်ဆောက်ပုံ၊ ဖွဲ့စည်းပုံနှင့် အသုံးပြုခဲ့ပုံများကို သိနိုင်လောက်ပြီဖြစ်ပါသည်။

ဖော်ပြပါပုံများကို ကြည့်ခြင်းအားဖြင့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို သိမြင်နိုင်ကြပါသည်။ ပန်းချီပညာနှင့် လှည်းအတတ်ပညာဆိုင်ရာ ပန်းပု၊ ပန်းပဲ၊ လက်သမားအတတ်ပညာရပ်များကို မည်မျှကျွမ်းကျင်တတ်မြောက်ကြသူများဖြစ်ကြောင်း သိနိုင်လောက်ပေပြီ။ မြန်မာ့လက်မှုပညာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများအား တိုင်းပြည်အတွက် မည်သို့မည်ပုံ အသုံးချခဲ့ကြသည်များကို လေ့လာနိုင်ကြပါသည်။

ဤအကြောင်းအချက်များသည်ပင် ကျွန်ုပ်တို့အား ကုန်းဘောင်ခေတ် မြန်မာ့လှည်း ရရှိနိုင်သော ရိုးရာယဉ်ကျေးမှုများပင် ဖြစ်ပါသည်။

## လှည်းဦးကင်းကဲ့သို့ စစ်ဆင်ပုံ

သေနင်္ဂဗျူဟာ စစ်ဆင်နည်း လေးမျိုးတွင် ပါဝင်သည့် လှည်းနှင့် ပတ်သက်သည့် စစ်ဆင်နည်း သုံးမျိုးတို့မှာ ၁။ သကဋဗျူဟာ၊ ၂။ စက္ကဗျူဟာနှင့် ၃။ ရထဗျူဟာ တို့ ဖြစ်ပါသည်။ (ပဒုမဗျူဟာမှာ ဤနေရာ၌ အကျုံးမဝင်၍ ချန်လှပ်ခဲ့ပါသည်။)

ကုန်းဘောင်ခေတ် ပထမပိုင်းတွင် (ပထမပိုင်း ) တွင် ထူးထူးခြားခြား လှည်းနှင့်ပတ်သက်သည့် စစ်ဆင်နည်းသေနင်္ဂဗျူဟာများကို အသုံးပြုခဲ့ကြောင်း တွေ့ရပ်သည်။

လက်ဝဲသုန္ဒရအမတ် (ငယ်မည်-ဦးမြတ်စံ) သည် သေနင်္ဂဗျူဟာပျို့ ပိုဒ်ရေ ၁၀ တွင်-

" စစ်မက်ဆင်ရာ၊ တစ်နည်းဖြာပိမ့်၊

ဗိုလ်ပါသိမ်းကျုံး၊ တစ်တပ်လုံးကို၊

ရှေ့ရုံးနောက်ကျယ်၊ ညာ၊ ယ်ကန့်ကျဉ်း၊

လှည်းဦးသွင်သို့၊ ပုံပြင်တမျှ၊
တပ်တော်ချမူ၊ သကဋဗျူဟာ...” စသည်ဖြင့် ဖွဲ့ဆိုခဲ့ပါသည်။

သကဋဗျူဟာ (လှည်းဦးကင်းကဲ့သို့ စစ်ခံခြင်း)ဆိုသည်မှာ ညံ့သောစစ်သည်တို့ကို အလယ်တွင်ထား၍ အစွမ်းကောင်းသော သူရဲတို့ကို ဘေးမှရံစေပြီး စစ်ခံခြင်းမျိုးဖြစ်သည်။ ပုံစံအားဖြင့် ဝက်ခေါင်းထိုးသဏ္ဌာန်နှင့်ဆင်တူပါသည်။

ဤအချက်ကိုကြည့်ခြင်းအားဖြင့် မြန်မာ့လှည်း၏ အစိတ်အပိုင်း(ရှေ့ပိုင်း)ဖြစ်သော လှည်းဦးကင်းကို အကြောင်းပြု၍ မြန်မာ့စစ်သည်များ သေနင်္ဂဗျူဟာတစ်ခု ရရှိခဲ့ခြင်းဖြစ်ပါသည်။

သေနင်္ဂဗျူဟာပျို့ ပိုဒ်ရေ ၆ ၌လည်း–
“ထိုမှဗိုလ်လူ၊ ညံ့သသူအား၊
ရွေးယူသင်းပင်း၊ အလယ်သွင်းမှ၊
ရန်ခွင်းကိုယ်ယုံ၊ ရဲစုပုံကို၊
ယုက်ဆုံအင်အား၊ လှည့်လည်ထား၍၊
တပ်များတပ်ဝန်း၊ တစ်နေ့ချွန်းဖြင့်၊
တင့်ရှန်းဘွယ်ပင်၊ ဤစစ်ဆင်မူ၊
ပုံပြင်မယွင်း၊ လှည်းဦးကင်းတည့်”
ဟု ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။

မြန်မာ့လှည်းဦး (ရှေ့ပိုင်း) အခြေခံကိုယူ၍ ရှေးမြန်မာစစ်သည်တော်များ၊ စစ်ဗျူဟာခင်းကျင်းခဲ့ပုံမှာ မှတ်သားနည်းယူဖွယ်ကောင်းလှပါသည်။ ဖွဲ့စည်းပုံ၊ တည်ဆောက်ပုံ ကျစ်လျစ်ခိုင်မာလှသည့် မြန်မာ့လှည်းအိမ်ပိုင်းဘက်ကို စစ်ခံ (နောက်ရံတပ်) ထားပြီး၊ စစ်ဦးစီးမှူးများက ရှေ့ပိုင်း (စစ်ဖျားစင်လျှင်) ဘက်မှ တာဝန်ယူကာ အတွေ့အကြုံနုနယ်သည့် စစ်သားများအား အလယ်သို့သွင်း၍ ဗျူဟာဆင်ခဲ့ပုံကို တွေ့ရှိနိုင်ပါသည်။

ဤအချက်သည်ပင် မြန်မာ့လှည်းမှရရှိသော စစ်သေနင်္ဂဗျူဟာတစ်ခုဖြစ်ကြောင်း ကျွန်ုပ်တို့ ရဲရဲဝံ့ဝံ့ ဂုဏ်ယူနိုင်ကြမည်ဖြစ်ပါသည်။

## လှည်းဘီး (စက်ဝန်း) ကဲ့သို့ စစ်ဆင်ပုံ

ထို့ပြင် စက္ကဗျူဟာစစ်ဆင်နည်းမှာ စက်ဝန်း၊ စက်ဝိုင်း၊ လချမ်း၊ ပစောက်ပုံသဏ္ဌာန်ဖြင့် စစ်ဆင်နည်းဖြစ်ပါသည်။ လှည်းဘီး (တစ်နည်း) လှည်းဘီးသဏ္ဌာန်စက်ဝိုင်းပုံကို အခြေခံ၍ ပြုလုပ်ထားသော စစ်ဆင်နည်းတစ်နည်းပင်ဖြစ်ပါသည်။

သေနင်္ဂဗျူဟာပျို့ ပိုဒ်ရေ (၁၀) ၌–
“ ခေါင်းချာသနင်း၊ မင်း၏သဘင်
အလယ်တွင်၌၊ ဝန်းကျင်ရှေ့ရှု
စံတော်မူ၍၊ ဗိုလ်လူအပြည့်
စက်သွားလှည့်သို့၊ မည်သည့်တပ်နေ
မခြားစေဟု၊ အသေအချာ
စစ်မျက်နှာကို၊ ဆီးကာပြသ
ဤသို့ချမူ၊ စက္ကဗျူဟာ ---” ဟူ၍ ဖွဲ့ဆိုထားသည်ကို တွေ့ရှိရပါသည်။

## ရထား (လှည်း) ကဲ့သို့ စစ်ဆင်ပုံ

ပါဠိတော်ကြီးများတွင် နှစ်ဘီးတပ်ဖြစ်စေ၊ လေးဘီးတပ်ဖြစ်စေ နေရာဌာနသို့လိုက်၍ ရထ (ရထား) ဟူ၍ သုံးစွဲထားသည်ကို တွေ့ရပါသည်။ သို့သော်လည်း ယင်း " ရထ " သဒ္ဒါသည်ပင် " လှည်း" ဝေါဟာရနှင့် ထပ်တူဖြစ်ပုံများကို ကျွန်ုပ်တို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

ရထဗျူဟာနှင့်ပတ်သက်၍ သေနင်္ဂဗျူဟာပျို့၊ အပိုဒ်ရေ (၁၀)၌ ရထား (လှည်း) လေးဘီးတပ် ယာဉ်ကို အခြေခံပုံသဏ္ဍာန်ယူ၍ စစ်ဆင်နည်းတစ်ရပ်အဖြစ်ဖြင့်–

" လေးဖြာလေးရပ်
စစ်လေးရပ်သို့
လေးထပ်ညီမျှ
ဤသို့ချမူ
ရထဗျူဟာ---" ဟူ၍ ဖွဲ့ဆိုထားသည်ကို တွေ့ရှိရပါသည်။

ရှေးခေတ် မြန်မာ့စစ်သည်တော်များသည် တောင်သူလယ်သမားနှင့် ၎င်းတို့၏ သားသမီးများသာ ဖြစ်ကြပါသည်။ ထို့ကြောင့် စစ်ဆင်စစ်တက် စသောနည်းဗျူဟာများကို အသုံးပြုရာ၌ တောင်သူ လယ်သမားကြီးများ နားရည်ဝပြီးဖြစ်သည့် လှည်း (ရထား) ကို အခြေခံ၍ စစ်ဦးစီးမှူးတို့က လိမ္မာ ပါးနပ်စွာ အသုံးပြုခဲ့ဟန်တူပါသည်။

ထို့ကြောင့်လည်း ရှေးမြန်မာတို့၏ စစ်ပရိယာယ်ကြွယ်ဝမှုကို မြန်မာ့သမိုင်းများတွင် အထင်အရှား တွေ့မြင်ကြရခြင်းဖြစ်ပါသည်။

ထို့ပြင် ဝိနည်းပါဠိတော် လာရှိသည့်အတိုင်း မြန်မာတို့၏ ရှေးခေတ်တပ်စု (ကြည်းတပ်) တွင် ၁။ ဟတ္ထိ= ဆင်တပ်၊ ၂။ အဿ= မြင်းတပ်၊ ၃။ ရထ=ရထား (လှည်း) တပ်၊ ၄။ ပတ္တိက= ခြေသည်တပ် ဟူ၍ စစ်အင်္ဂါလေးပါးရှိကြောင်း သိရပါသည်။ စစ်အင်္ဂါလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ခဲ့သည့် မြန်မာ့လှည်း (ရထား) သည် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးနှင့် မြန်မာ့ယဉ်ကျေးမှုအတွက် အဘယ်မျှ အရေးပါ အရာရောက်ခဲ့ကြောင်း မှန်းဆရုံဖြင့်ပင် သိရှိနိုင်လောက်ပြီဖြစ်ပါသည်။


## (ဃ) အမရပူရခေတ်လှည်း

၁၉ ရာစု အမရပူရခေတ်တွင် ပုဂံမင်းကောင်းမှုတော်ဖြစ်သည့် တောင်သမန်ကျောက်တော်ကြီး ဘုရား၊ နံရံပန်းချီများတွင် မြန်မာ့လှည်းပုံတစ်မျိုးကို တွေ့ရှိရပါသည်။


လှည်းပုံမှာ မင်းသုံးလှည်းမျိုးမဟုတ်ပါ။ အရပ်သုံးလှည်းဖြစ်ပါသည်။ လှည်းဘီးမှာ ချပ်ဘီးလှည်း အမျိုးအစားဖြစ်ပါသည်။ ထူးခြားချက်တစ်ခုမှာ ပိတ်ဖြင့်ပြုလုပ်ထားဟန်ရှိသည့် လှည်းပေါင်းမိုး ဖြစ်ပါသည်။

လှည်းပုံစံကိုကြည့်ခြင်းအားဖြင့် မိမိတို့ အရှင်သခင် (ဘုရင်) အတွက်သဝလျှင် အဖိုးထိုက် အဖိုးတန် အဆင်တန်ဆာအမွမ်းအမံများဖြင့်ပြုလုပ်ခဲ့ကြသော်လည်း တိုင်းရင်းသားပြည်သူအများမှာမူ ရိုးရိုးယဉ်ယဉ် အသွင်သဏ္ဍာန်ဖြင့်သာ သွားလာခဲ့ကြပုံကို သိမြင်နိုင်၏။ မိမိတို့အရှင်သခင်ကို ချစ်ကြောက်ရိုသေစွာဖြင့် အဆင့်အတန်းအလျောက် ကျိုးနွံစွာ နေထိုင်ခဲ့ကြကြောင်း ဤလှည်းပုံက ဖော်ပြလျက်ရှိပါသည်။

ဤလှည်းပုံပန်းချီကားသည် အမရပူရခေတ်၏ လူနေမှုစံနစ်ရိုးသားပွင့်လင်းမှု သရုပ်ဖော်တစ်စိတ်တစ်ဒေသ ဖြစ်၏။ ဘုရားဖူးများရှခင်းဆိုသော်လည်း ဘုရားပွဲတော်ကျင်းပချိန် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးများ၏ ရှုခင်းဆိုလျှင် ပို၍သင့်မည်ထင်ပါသည်။



အမရပူရခေတ် ဝန်ကတော်တစ်ဦး၏ လှည်းယှဉ်



အမရပူရခေတ် ပဲခူးလှည်းပုံ

၄င်းပြင် ၁၉ ရာစု အလယ်ခန့် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ခန့်က ဝန်ကတော်၏ လှည်းယဉ်ပုံကိုလည်း ဦးညိုမြ၏ ကုန်းဘောင်ရှာပုံတော် စာအုပ်ကြီးတွင် တွေ့ရှိရပါသည်။

ဝန်ကတော်၏ လှည်းယဉ်ဆိုသည့်အတိုင်း ရာထူး၊ အဆင့်အတန်း အလျောက်သုံးစွဲရသည့် လှည်းယာဉ်ပုံမျိုးဖြစ်၏။ ဘုရင့်လှည်းပုံစံမျိုးကဲ့သို့ ခမ်းနားသစ်လွင်သော အဆင်တန်ဆာများ မပါရှိချေ။ ဝန်ကတော်နှင့် လိုက်ဖက်သည့် အသွင်အပြင် အဆင်တန်ဆာမျှသာ ပါရှိသည်ကို တွေ့ရပါသည်။

လှည်းဘီးမှာ (ထိုအချိန်က) ခေတ်မီသော လှည်းဒေါက်ပုံစံများ တွင်ကျယ်နေပြီဖြစ်သော်လည်း မိမိနှစ်သက်သလို သုံးစွဲသည့် သဘာဝပေါ်လွင်လျက်ရှိ၏။ အမိုးပြာသာဒ်မှာလည်း ဝန်ကတော် အသုံးအဆောင်အတွက် စီမံထားသည့် အသွင်ရှိ၏။ အနုပညာရှုထောင့်မှကြည့်လျှင် ယဉ်ကျေး၍ မြတ်နိုးဖွယ် အသွင်ဆောင်လျက်ရှိပါသည်။

ထို့အပြင် အမရပူရခေတ် ၁၉ ရာစုနှစ်လယ်ခန့်တွင် ပဲခူးလှည်းခေါ် မြန်မာ့လှည်းယာဉ်ပုံကိုလည်း တွေ့ရှိရ၏။ လှည်းယဉ်တွင် အဆင်တန်ဆာများ အထူးတလည်မပါရှိဘဲ ရိုးရိုးပြည်သူများ သုံးစွဲဟန်တူသည့် လှည်းယဉ်ပုံဖြစ်ပါသည်။ လှည်းဘီးမှာ ထိုအချိန်က သုံးစွဲမည့်သူ၏ စိတ်ကြိုက် ပြုလုပ်ထားဟန်ရှိပါသည်။

ကျွန်ုပ်တို့သိရှိနိုင်သည့်အချက်မှာ မြန်မာ့လှည်းယဉ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြု၍ ခရီးသွားလာမှုရှိနေပြီဖြစ်ကြောင်းနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့နေပြီဖြစ်ကြောင်း ပင်ဖြစ်ပါသည်။


မြန်မာလူမျိုးတို့သည် ရိုးရိုးယဉ်ယဉ်ဖြင့် သိမ်မွေ့သောသူများဖြစ်ရာ လှည်းယဉ်ကလေးများကို နှစ်နှစ်ခြိုက်ခြိုက် သုံးစွဲခဲ့ကြသည်မှာ ထင်ရှား၏။ လှည်းယဉ်ပေါ်၌ လိုက်ပါသွားရသည်ကိုပင် ဂုဏ်ယူဝင့်ကြွားသည့် အရိပ်လက္ခဏာများ ပေါ်လွင်လျက်ရှိ၏။ မြန်မာ့လှည်းယဉ်များအား ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်ကြောင်းမှာလည်း ထင်ရှား၏။ မြန်မာ့လှည်းများ အဆင့်အတန်းမြင့်မြင့် ဖြစ်လာစေရန် ကြိုးပမ်းတီထွင်မှုများ မလွဲမသွေရှိခဲ့မည်ဖြစ်ကြောင်းကိုလည်း ရိပ်စားမိနိုင်ပါသည်။

၄င်းအပြင် အညာလှည်းဟုအမည်ပေးထားသည့် တောင်သူဦးကြီးများသုံး မြန်မာ့လှည်းပုံတစ်မျိုးကိုလည်း တွေ့ရှိရ၏။

လှည်းဘီးမှာ ချပ်ဘီးလှည်းအမျိုးအစားများဖြစ်သည်။ လှည်းဦးငှက်ပုံကိုလည်း လှည်းဦးတွင် ပန်းပုရုပ်အဖြစ် တပ်ဆင်ထားသည်ကို တွေ့ရသည်။ လှည်းပုံမှာ ထီးသုံးနန်းသုံးလှည်းယဉ်ပုံမျိုးမဟုတ်သော်လည်း ယဉ်ကျေးမှုအနုပညာကို မြတ်နိုးတတ်သော မြန်မာပြည်သားများပီပီ လှည်းယဉ်၏ အသွင်အပြင်ကို ယူ၍ တည်ဆောက်ထားပုံရပါသည်။

ချပ်ဘီးလှည်းအကြောင်းနှင့်စပ်လျဉ်း၍ လှည်းအမျိုးအစားများကို ဖော်ပြသည့် ကဏ္ဍတွင် စာရေးသူမလေးလာမိသမျှ တင်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။ ဤလှည်းပုံမှာ အညာလှည်းဟု ဆိုသော်လည်း ခေတ်ကာလကို မဖော်ပြထားသဖြင့် အမရပူရခေတ်လယ်ခန့်ဟုပင် ယူဆနိုင်ပါသည်။

အကြမ်းခံအမာခံ တောင်သူဦးကြီးများ အသုံးပြုနိုင်ရန်အတွက် ချပ်ဘီးလှည်းများကို ထွင်းထုအသုံးပြုခဲ့ဟန်ရှိပါသည်။ ဆောင်ပန်းအိမ်နေရာ၌ ရိုးရိုးရှင်းရှင်း ပြုလုပ်ထားသည်မှာလည်း တစ်မျိုးတစ်ဖုံ ကြည့်ရှု၍ကောင်းပါသည်။




အမရပူရခေတ် အညာလှည်း၏ အသွင်သဏ္ဌာန်

ဆက်လက် တင်ပြလိုသည်မှာ အမရပူရ ခေတ်နှောင်းပိုင်းဖြစ်ဟန်ရှိသည့် မြန်မာ့လှည်းယဉ်ပုံ ဖြစ်ပါသည်။

ထိုလှည်းယဉ်မှာ ခြောက်စထောင် လှည်းမျိုးဖြစ်ပြီး လှည်းဘီးသည် ခေတ်မီ၍ လှပဆန်းသစ်လှပါသည်။ လှည်းဒေါက် ၁၆ ချောင်းပါရှိပြီး လှည်း၏အင်္ဂါ အပြည့်စုံဆုံးဟု ဆိုနိုင်ပါသည်။

လှည်းဦးတွင် သူငယ်တော်ရုပ်ထုတစ်ခု ပါရှိနေသည်မှာ လှည်းယဉ်ကို ပို၍မြူးကြွ အသက်ဝင်စေပါသည်။ မြန်မာ့လှည်းယဉ်၏ ဖွဲ့စည်းပုံ ရာနှုန်းပြည့်ပါဝင်သည်ဟု ဆိုချင်ပါသည်။ လှည်းအစန္တာအဆုံး လှည်းအသွင် တစ်ခုလုံး ယဉ်ကျေးသိမ်မွေ့သည့် သဏ္ဌာန် ပေါ်လွင်နေပါသည်။



ပေါင်းမိုးဖြင့် ကျေးရွာ လှည်းယာဉ်

လုည်းယဉ်တစ်စီးတွင် လူငါးယောက်နှင့် ခြောက်ယောက်ထက် အပိုတင်၍မရကြောင်းကိုလည်း ဤပုံတွင်ကြည့်၍ သိရှိနိုင်ပါသည်။ မြန်မာ့လုည်းယဉ်များသည် ခေတ်ကာလသို့လိုက်၍ အသွင်သဏ္ဌာန်ပြောင်းလဲလာသော်လည်း မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို အခြေခံသော တီထွင်ဆန်းသစ်မှုများကိုသာ လက်ခံကျင့်သုံးလေ့ရှိသည်ကို သမိုင်းကြောင်းမှ သက်သေထူလျက်ရှိနေမည်ဖြစ်ပါသည်။

'ကျေးရွာလုည်းယဉ်' ဟုအမည်ပေးထားသည့်ပုံမှာလည်း တစ်မူထူးခြားဖြစ်ပါသည်။ လုည်းယဉ်ပေါ်တွင် ပေါင်းမိုးတင်ထားသည်မှာ ထူးခြားချက်တစ်ခုဖြစ်ပါသည်။ ဤပုံလည်း အမရပူရခေတ်နှောင်းပိုင်းသုံး လုည်းယဉ်တစ်မျိုးပင်ဖြစ်နိုင်ပါသည်။

ဤပေါင်းမိုးလုည်းယဉ်များကိုကြည့်၍ ကျွန်ုပ်တို့ငယ်စဉ်က လုည်းကြမ်းကြီးပေါ်တွင်ဖျာကြမ်းကို ပေါင်းမိုးလုပ်ပြီး ခရီးသွားရပုံကို အောက်မေ့ဖွယ်ရာ ခံစားမိပါသည်။

ရာသီဥတုဒဏ်ခံနိုင်စေရန် စိတ်ကူးဉာဏ် အမျိုးမျိုးကို အသုံးချ၍ လူနေမှုစနစ်နှင့် လျော်ညီအောင် ဖန်တီးတည်ဆောက်တတ်သည့် ဓလေ့ထုံးစံများမှာ မြန်မာပြည်သားများတွင် အံ့ပြည့်အဝရှိကြောင်း ဤလုည်းပုံက ဖော်ပြနေပါသည်။

မြန်မာ့လုည်း၊ မြန်မာ့ယဉ်ကျေးမှု အဆင်တန်ဆာများမှာ ဟောင်းလေသစ်လေဆိုသကဲ့သို့ မျက်စိဖြင့်ကြည့်၍ မရိုး၊ နားဖြင့်ကြား၍ အားမရနိုင်အောင်ပင် ဆန်းသစ်လှပါသည်။ ရှေးလူကြီးများဆိုဆုံးမခဲ့သည့် 'အမျိုးကိုချစ်ပါ' ဆိုသော စကားမှာ အလွန်နက်နဲပြီး ထိရောက်လှသည့် ဩဝါဒတစ်ခုဖြစ်ကြောင်း သိမြင်ခံစားမိပါသည်။

# ၇။ လှည်းအမျိုးမျိုး

မြန်မာနိုင်ငံတွင် အသုံးတွင်ကျယ် လူသိများလှသည့် နွားလှည်းသာမက၊ လှည်းအမျိုးမျိုး ရှိပါသေးသည်။ ထိုလှည်းအမျိုးမျိုးတို့ကိုလည်း နွားဆွဲသောလှည်း၊ လူဆွဲသောလှည်း၊ မြင်းဆွဲသော လှည်း စသည်လောက်ကိုသာဖော်ပြပါက မြန်မာ့ယဉ်ကျေးမှုနယ်ပယ် ဘောင်ကျဉ်းနေမည် ဖြစ်ပါ သည်။

ထို့ကြောင့် ထောင့်စုံဘက်စုံ လေ့လာနိုင်ကြစေရန် မြန်မာ့လှည်းအုပ်စုဝင်များအား ဖော်ပြလိုပါသည်။ ၎င်းတို့မှာ –

၁။ နွားလှည်း၊
၂။ ကျွဲလှည်း၊
၃။ မြင်းလှည်း၊
၄။ ဆင်လှည်း၊
၅။ ဗီရိုလှည်း၊
၆။ ဘာဂီလှည်း၊
၇။ လှည်းယဉ်၊
၈။ လက်တွန်းလှည်း၊
၉။ ရေစည်လှည်း၊
၁၀။ ချယ်ကာရီလှည်း နှင့်
၁၁။ လန်ချားလှည်း စသည်တို့ဖြစ်ပါသည်။


**နွားလှည်း**

နွားလှည်းဟုဆိုလျှင် မျက်မှောက်ခေတ် လူများ၏မျက်စိ၌ နွားနှစ်ကောင်တပ်ဆွဲသည့်လှည်းကြမ်း ကြီးကို မျက်စိ၌ထင်မြင်လာမည်ဖြစ်သည်။ ကလေးလူကြီးပါမကျန် နွားလှည်းကို မြင်ဖူး၊တွေ့ဖူး စီးဖူး ကြသည်။

နွားလှည်းသည် ဆန်စပါးစသည့် သီးနှံများတင်ဆောင်သည့် လှည်းအိမ်ခေါ် ကက်အိမ်ကြီးနှင့် သစ်ဝါးများ တင်ဆောင်သည့် လှည်းကတုံးပုံစံဖြင့် လှည်းအိမ်တိုဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။

ထိုနှစ်မျိုးတွင် ကက်အိမ်ကြီး (ဝါ) လှည်းအိမ်ကြီးကိုသာ လူသိများကြပါသည်။ လှည်းအိမ်တို (ဝါ) လှည်းကတုံးကို လူသိနည်းလှသည်။ တောနေလူတန်းစားများနှင့် လှည်းကိုအသုံးပြုများပြားသည့် ဒေသများ၌သာ တွေ့မြင်ဖူးကြသည်။ လှည်းငုံးတို့ဟုလည်း အချို့ခေါ်ဝေါ်ကြသည်။

အချို့သောအရပ်ဒေသများတွင် လှည်းအိမ်တိုကို "လှည်းကတုံး" ဟုလည်း ခေါ်ကြသည်။ ယင်းလှည်းကတုံးသည် သစ်၊ ဝါး စသည့်ရှည်လျားပြီး လေးလံသောဝန်များကိုဆွဲရာ၌ လွန်စွာအရေးပါ၏။ လှည်းအိမ်တို (ဝါ) လှည်းကတုံးကို သီခြားပြုလုပ်ထားသည်ကား မဟုတ်ချေ။ လှည်းကက်အိမ်ကြီး (ဝါ) လှည်းရုံတိုင်များပါသည့် လှည်းအိမ်ကြီးကိုချထားပြီး၊ ဘေးမှသစ်သား သို့မဟုတ် ဝါးဖြင့် ရုံတိုင်ပြုလုပ်ကာ အသုံးပြုခြင်း ဖြစ်သည်။



လှည်းကတုံး


ထို့ကြောင့် လှည်းမြီးရှည်ပင်ဖြစ်စေ၊ လှည်းငုံးတို (ဝါ) လှည်းကတုံးပင်ဖြစ်စေ မြန်မာလူမျိုးတို့၏ အသည်းစွဲမြန်မာ့လှည်း အစစ်ပင်ဖြစ်ပါသည်။ အတွေ့အမြင်နည်းပါးသူများအတွက် ရည်ရွယ်၍ လှည်းကတုံးပုံကိုပါ ထည့်သွင်းဖော်ပြ အပ်ပါသည်။

## ကျွဲလှည်း

ကျွဲလှည်းမှာ နွားနေရာတွင် ကျွဲကိုအသုံးပြုရုံသာထူးပါသည်။ နွားဖြင့်ဆွဲလျှင် နွားလှည်းခေါ်၍၊ ကျွဲဖြင့်ဆွဲလျှင် ကျွဲလှည်းဟုခေါ်ကြခြင်း ဖြစ်ပါသည်။

ကျွဲလှည်းမှာလည်း နွားလှည်းနည်းတူပင် လှည်းအိမ်ကြီးဖြင့်တစ်မျိုး၊ လှည်းငုံးတို (ဝါ) လှည်းကတုံးဖြင့်တစ်မျိုး အသုံးပြုလေ့ရှိသည်။ လှည်းငုံးတိုသည် ကျွဲဖြင့်ဆွဲလျှင် ပို၍ထိရောက်သည်။ ကျွဲနှစ်ကောင်၏ သန်မာသောပခုံးများနှင့် လိုက်ဖက်ညီလှသည်။

ထို့ကြောင့် မြန်မာ့လှည်းစာရင်းဝင် ကျွဲလှည်းကိုလည်း လေ့လာမှတ်သားသင့်ပါသည်။



မြန်မာတိုင်းရင်းသားတို့ ကျွဲလှည်းဖြင့် သစ်လုံးများသယ်ယူဟန် ပန်းချီ ပို့စကတ်အဖြစ် ဤ သို့ ရေးခြယ်ခဲ့ကြသည်။ ( ပန်းချီ  သိန်းမြင့်သိန်း )

## မြင်းလှည်း

မြင်းလှည်းသည် လူစီးယာဉ်တစ်မျိုး ဖြစ်၏။ ရှေးအခါက မြင်းနှစ်ကောင်၊ မြင်းလေးကောင် စသည်ဖြင့်ရှိခဲ့သော်လည်း မျက်မှောက်ကာလတွင် မြင်းတစ်ကောင်ကသောလှည်းများသာ တွေ့ရသည်။ မြင်းလှည်းပုံစံများမှာ အရပ်ဒေသကိုလိုက်၍ ကွဲပြားကြသည်။ မန္တလေးမြင်းလှည်း များမှာ လူသိများသကဲ့သို့ လူကြိုက်လည်းများလှသည်။ မြင်းလှည်းအမျိုးအစား များပြားသော်လည်း သိရှိသလောက် တင်ပြရမည်ဆိုလျှင်–

## မေမြို့မြင်းလှည်း

မေမြို့ သို့မဟုတ် ပြင်ဦးလွင်မြို့တွင် "ရထားလုံး" ဟုခေါ် မြင်းလှည်းတစ်မျိုး ရှိသည်။ ရှေ့နှစ်ဘီး၊ နောက်နှစ်ဘီးပုံစံတစ်မျိုးဖြစ်သည်။ မြင်းလှည်းမောင်းသူသည် ရထားလုံးအပြင်ဘက် မြင်း၏နောက်တွင် ကုလားထိုင်ပုံစံ ပြုလုပ်ထားသည့်ထိုင်ခုံ၌ ထိုင်ရသည်။ စီးနင်းသူက ရထားလုံးထဲတွင် ပြတင်းနှစ်ပေါက်ပိတ်၍ စီးနိုင်သည်။ ပြတင်းပေါက်ကို အလှအပမှန်မံတပ်ဆင်ထား တတ်ကြသည်။ တောင်ပေါ်မြို့နှင့် အလွန်လိုက်ဖက်ညီလှသည်။ အပန်းဖြေခရီးထွက်သူများ ကြိုက်နှစ်သက်ကြသည်။ ရှေးမင်းများလက်ထက်က ဗီရိလှည်းကိုအတုယူ၍ ပြုလုပ်ထားခြင်းမျိုး ဖြစ်ဟန်တူသည်။



မြန်မာ့မြင်းလှည်း (ဆီဆေး)
(ပန်းချီ – ရွှေစိုးဟန်)

## မော်လမြိုင်မြင်းလှည်း

"ဘုံပြတ်ဘမောင်" ဇာတ်ကားရုံတင်ပြသသွားသဖြင့် မော်လမြိုင်မြင်းလှည်းကို ဘုံပြတ်ခေါ်ခြင်း သိရှိထားကြသည်။ ထူးခြားသည်မှာ အခြားဒေသများမှ မြင်းလှည်းများကဲ့သို့မဟုတ်ဘဲ ခြေချထိုင်၍ မဖြစ်ချေ။ အိမ်ကြမ်းပြင်ခင်းသကဲ့သို့ ပြုလုပ်ထားသဖြင့် တစ်မျိုးထူးခြားပါသည်။ ဖင်ထိုင်ခုံသီးခြား မတပ်ဘဲ ကြမ်းခင်းသက်သက်ပြုလုပ်ထားခြင်းမျိုး ဖြစ်ပါသည်။

## မန္တလေးမြင်းလှည်း

မန္တလေးမြင်းလှည်းမှာ စာနယ်ဇင်း၊ ရုပ်ရှင်၊ ဗွီဒီယိုနှင့် ပြက္ခဒိန်များ၏ ကျေးဇူးကြောင့် ရိုးရိုးနှင့် ယဉ်သော မြင်းလှည်းဖြစ်ကြောင်း အများသိရှိကြသည်။ ပေါ့ပါးသွက်လက်ပြီး မန္တလေးမြို့၏ ကျက်သရေဆောင်ယဉ်ငယ် တစ်မျိုးလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် စက်ဘီးအစီးဆုံး မြို့တစ်မြို့ဖြစ်သကဲ့သို့ မြင်းလှည်း အပေါများဆုံးမြို့လည်းဖြစ်သည်။ ထီးရိပ်နန်းရိပ် မကင်းခဲ့သော မန္တလေးမြို့တွင် မြင်းလှည်းများကိုကြည့်၍ ရှေးမြန်မာဘုရင်များ ခေတ်ကို အောက်မေ့ဖွယ်ရာပင် ဖြစ်သည်။

## ထားဝယ်မြင်းလှည်း

ထားဝယ်မြင်းလှည်းများ၏ ထူးခြားချက်တစ်ခုမှာ ဝင်ရိုးဖြစ်သည်။ ဝန်ရိုးသည် အဖြောင့် မဟုတ်ဘဲ အင်္ဂလိပ်စာလုံး 'ယူ' ပုံသဏ္ဍာန် အကောက်ဖြစ်သည်။ ခြေတွဲလွဲချ၍ စီးနိုင်သည့် ထိုင်ခုံ သီးခြားပါ လှည်းမျိုးဖြစ်သည်။

## ဆိပ်ဖြူ မြင်းလှည်း

မကွေးတိုင်း ဆိပ်ဖြူမြင်းလှည်းသည် လှည်းအိမ်တည်ဆောက်ပုံ မထူးခြားသော်လည်း မြင်းလှည်းဘီးကို ကားဘီးဖြင့် အသုံးပြုထားသည်မှာ ထူးခြားချက်တစ်ခုဖြစ်သည်။

မြင်းလှည်းကို အရပ်ဒေသသို့လိုက်၍ ပုံစံအမျိုးမျိုးတည်ဆောက်အသုံးပြုခဲ့ကြသည့် မြန်မာလူမျိုးတို့၏ ဆန်းသစ်တီထွင်မှုများမှာ အားရစရာကောင်းလှပါသည်။

## မြင်းလှည်းပြုလုပ်ပုံနှင့် အခေါ်အဝေါ်များ

မြင်းလှည်းတွင်ပါဝင်သည့် အစိတ်အပိုင်းများမှာ–

မြင်းလှည်းအိမ် (ရထားအိမ်)၊ အမိုးကိုင်း၊ ဘီး၊ ပုံတောင်း၊ ပုံတောင်းဆွဲ၊ ဝင်ရိုး၊ ပလွေ၊ လေး၊ လေးအုပ်၊ လက်တံ၊ သံကြပ်၊ ၅ွ.ကာ၊ မှန်ထောင်၊ ကြေးပိုက်တန်း၊ နောက်ခြေနင်း၊ ရှေ့ခြေကန်နှင့် ခြေကန်၊ ခြေချဟူ၍ ပါရှိသည်။

မြန်မာပြည်အရပ်ရပ်၌ မြင်းလှည်းပုံစံအမျိုးမျိုးရှိကြသော်လည်း ပြုလုပ်ပုံအနည်းနှင့် အများကွာခြားမှုသိပ်မရှိလှပါ။ မေမြို့မြင်းလှည်းတစ်ခုသာလျှင် ပုံစံကွဲပြားခြားနားချက်ရှိပါသည်။ အများအားဖြင့် ရထားအိမ်ခေါ် နှစ်ထပ်အိမ်ကို အလျား သုံးတောင် တစ်မိုက်လျော့၊ အကျယ် နှစ်တောင် တစ်မိုက်၊ အမြင့် ဆယ်လက်မ ပြုလုပ်ကြသည်။ ရထားအိမ်အတွင်း ခွင်ကျမှာ နှစ်တောင်တစ်မိုက်ပတ်လည် ဖြစ်ပါသည်။

နှစ်ထပ်အိမ်မှ ထွက်နေသည့်အစွန်းကို ရထားလက်ရုံးခေါ်သည်။ ရထားလက်ရုံးမှာ ၁၄ လက်မ ပတ်လည်၊ အရှည် သုံးတောင်ရှိသည်။

နှစ်ထပ်အိမ်အလယ်၌ ပါရှိသည့် အောက်ဘက်တန်းကို အိမ်တုံးဟုခေါ်သည်။ နှစ်ထပ်အိမ်ကို ရထားလက်ရုံးအထက်နှင့် အိမ်တုံးကြား သစ်သား၊ သံ၊ ကြေးပိုက်လုံးများဖြင့် သုံးလက်မကွာ စီစိုက်ကြသည်။

နှစ်ထပ်အိမ်မှစ၍ သံကိုင်း လေးပိုင်းနှင့် အမိုးကိုင်းခွေသည် အမိုးပြန့် (အကျယ်) သုံးတောင်၊ အလျား သုံးတောင်ဖြစ်သည်။ အမိုးကိုင်း လေးခုရှိရာ၊ ရှေ့ဆုံးအမိုးကိုင်း ဆယ်ပေခွဲ၊ အလယ်နှစ်ခုမှာ ခုနစ်ပေနှင့် ရှစ်လက်မစီ ရှိသည်။ နောက်ဆုံး အမိုးကိုင်းမှာ ရှစ်ပေနှင့် ခြောက်လက်မရှိသည်။

ဘီးအဝန်း ၁၁ ပေ၊ အချင်း ၂၃ တောင်ကို ပိတောက်သားဖြင့် ပြုလုပ်ကြသည်။ တံကူ (၁၇) ခုနစ်ချပ်၊ ဖြက် × ၃ ၁နှံ လက်မရှိသည်။ အရှည် တစ်တောင်နှင့် သုံးလက်မရှိသည်။ ဒေါက် ၁၄ ချောင်း ပါရှိသည်။ ဒေါက်၏ လုံးပတ် ၂ × ၁နှံ လက်မ ပတ်လည်ရှိပြီး၊ အရှည်တစ်တောင် သုံးလက်မရှိသည်။

ဘီးကိုသံလမ်း (သံပတ်) ဖြင့် ပတ်ရသည်။ သံလမ်း ၁၀ ပေရှည်ပြီး အကျယ် နှစ်လက်မရှိသည်။ မြောင်းဖော်ထားကြသည်။ သံလမ်းထဲသို့ ကားတာယာကို လှီး၍ထည့်ရသည်။

တံကူနှင့်ဒေါက်များပါရှိသည့် ပုံတောင်း (ပဒေါင်း) ၏အရှည်ကို ကိုးလက်မပြုလုပ်ရသည်။ လုံးပတ် ခုနစ်လက်မ ရှိသည်။ ပုံတောင်းအပေါ် (အတွင်းဘက်) သံခွေစွပ်ရသည်။ ၄င်းကို နန်းရင်း အပြင်ဘက်မှ စွပ်သည်ကို နန်းဖူးဟုခေါ်သည်။

တစ်ဖက် သုံးချောင်း စုံခြောက်ချောင်း၊ အရှည် ၁၁ လက်မဖြင့် ဘီးနှင့်ဝင်ရိုးကို ဆွဲနှောင်ထား ခြင်းကို "ပုံတောင်ဆွဲ" ဟုခေါ်သည်။

ဝန်ရိုး (ဝင်ရိုး) ကို သံဖြင့်ပြုလုပ်ရသည်။ လုံးပတ်တစ်ကျပ်ခွဲလုံး၊ အရှည် ငါးပေ၊ ခြောက်လက်မ ရှိသည်။ ဝန်ရိုးအတွင်းကျမှာ သုံးပေနှင့် ဆယ်လက်မဖြစ်သည်။

ဝန်ရိုးစွပ်ရန်အတွက် အရှည် ရှစ်လက်မ၊ ထိပ်ဝ တစ်ကျပ်ခွဲလုံးရှိသည့် ပလွေကိုထည့်ရသည်။ (ရှေးခေတ်က အင်္ဂလန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းသည်ဟု သိရ၏။)

လေးမှာ အများအားဖြင့် မှောက်ခုံလေးကိုသုံးကြသည်။ ပက်လက်လေးကို ဗီးကွက်လေးဟုလည်း ခေါ်ကြသည်။ နိုင်ငံခြားမှ 'တိုက်လေး'ခေါ်လေးအစုံလိုက် မရနိုင်ကြတော့ပါ။ လေးမှာ အပေါ် ငါးလွှာ၊ အောက် ငါးလွှာ၊ စုံအချောင်း ၂၀ ဖြစ်သည်။ အရှည်ဆုံး နှစ်တောင့်ထွာ၊ အထူ ငါးမူး၊ ဖြက် တစ်လက်မခွဲ ရှိသည်။ အောက်ဆုံးမှ အပေါ်ဆုံးအထိ ကြီးစဉ်ငယ်လိုက် တိုသွားသည်။ အပေါ်ဆုံးလေးမှာ တစ်ပေရှိသည်။

လေးကိုခိုင်ခံ့စေရန် ဆွဲတုပ်ထားသည့် လေးအုပ်ထည့်ရသည်။ အချို့ဒေသတွင် ပုစွန်တုပ်ဟု ခေါ်ကြသည်။ လေးတစ်ဘက်လျှင် လေးချောင်းထည့်ကြသည်။

ရထားအိမ် (မြင်းလှည်းအိမ်) ဖြင့် မြင်း၌ တပ်ရန်လက်တံ နှစ်ချောင်းထည့်ရသည်။ တစ်ချောင်းလျှင် ခုနစ်တောင်ရှည်သည်။ လုံးပတ် လေးလက်မနှင့် ငါးလက်မခန့်ရှိသည်။

ပလွေနှင့်ဝန်ရိုးကို တွယ်ကပ်၍ ဆွဲထားသည်ကို သံကြပ်ဟုခေပါ်သည်။

ဘီးမှုန့်များမစဉ်နိုင်ရန်အတွက် ရထားဘီးအပေါ် ရထားအိမ်ဘေးမှကပ်၍ 'ရွှံ့ကာ' ကိုတပ်ဆင် ရသည်။ စီးနေသူများ အန္တရာယ်ကင်းရှင်းရန်လည်း ဖြစ်သည်။

မြင်းလှည်းအိမ်နှင့် မြင်းလှည်းအကြား အလျားတစ်တောင့်ထွာ၊ အမြင့်တစ်ပေခန့် ကာထားသည်ကို 'မှန်သောင်' ဟုခေါ်သည်။

မှန်ထောင်အပေါ်တွင် ကြေးပိုက် သုံးခုတန်းထားပြီး ပန်းအိုးငယ်များသည်ကို 'ကြေးပိုက်တန်း' ဟုခေါ်သည်။ ဇက်တင်ဟုလည်း ခေါ်သည်။

ရထားအိမ်မှ သံကိုင်းဖြင့် ဆွဲထားသည့်ခြေနင်းပြားကို အလျား နှစ်ပေ၊ အနံ တစ်ပေခန့်ရှိ သုံးမူးလုံးသံချောင်းများဖြင့် မြင်းလှည်းပေါ်တက်ရန် ပြုလုပ်ထားသည်ကို 'နောက်ခြေနင်း' ခေါ်သည်။

ရထားအိမ်ရှေ့၊ မှန်ထောင်နောက်လက်တံမှ ဆွဲယူတပ်ထားသည့် ခြေနင်းကွင်းကို 'ရှေ့ခြေကန်' ဟုခေါ်သည်။

မြင်းလှည်းအိမ်နှင့် မှန်ထောင်အကြား အလျား နှစ်ပေ၊ ငါးလက်မ၊ အနံ တစ်ပေ၊ အမြင့် တစ်ပေခန့်တွင် 'ခြေကန်၊ ခြေချ' တပ်ကြသည်။

ဤကား မြင်းလှည်းနှင့်ပတ်သက်၍ ပြုလုပ်သုံးစွဲကြပုံ၊ ခေါ်ဝေါ်ပုံ အကျဉ်းချုပ်ဖြစ်ပါသည်။

## ဆင်လှည်း

ဆင်လှည်းကို မွန်ပြည်နယ် တောလမ်းခရီးများနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများတွင် အသုံးပြုကြသည်။ ဆင်သည် အင်အားကြီးမားသော သတ္တဝါဖြစ်၍ လှည်းကို အလှအပ အထူးမပြုလုပ်ကြတော့ဘဲ ခိုင်ခံ့သည့် လှည်းဘီးများတပ်ကာ သစ်သား သို့မဟုတ် ဝါးကြီးများကို အိမ်ပြုလုပ် သုံးစွဲကြသည်။



မွန်ပြည်နယ်တွင် အသုံးပြုလေ့ရှိသည့် ဆင်လှည်း

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ဆင်လှည်းမှာ ကလေးများပျော်ရွှင်မြူးထူးစေရန် ပြုလုပ်ထားသည့် ကစားစရာဆင်လှည်းမျိုးဖြစ်ပါသည်။

## ဗီရိုလှည်း

ဗီရိုလှည်းဟုဆိုလျှင် ပါတော်မူအရှင် (သီပေါမင်းနှင့် စုဖုရားလတ်) များ ဂေါဝိန်ဆိပ်သို့ စီးနင်းလိုက်ပါသွားသည့် လှည်းဖြစ်ကြောင်း သိရှိကြပြီးဖြစ်ပါသည်။

အမှန်စင်စစ် ဗီရိုလှည်းမှာ မင်းသုံးလှည်းတစ်မျိုးဖြစ်သည်။ မြန်မာဘုရင်များဘုန်းမီးနေလတောက်ပစဉ်အချိန်က မြင်းကသောလှည်းဖြင့် စီးလေ့ရှိပါသည်။ သို့သော် မြန်မာပြည်နေဝင်ချိန်ဖြစ်ခဲ့သည့် သီပေါမင်း ပါတော်မူသည့်နေ့တွင်မူ ဂေါဝိန်ဆိပ်သို့စီးနင်းလိုက်ပါသွားရသည့် ဗီရိုလှည်းမှာ "နွားဆွဲသော လှည်း" ဖြစ်ခဲ့ရပါသည်။ ဤအချက်မှာ မြန်မာဘုရင်နှင့် မြန်မာပြည်သူပြည်သားတိုင်းရင်းသားအပေါင်းတို့အား မှိုချိုးမျှစ်ချိုးပြုလုပ်ခဲ့သည့် နယ်ချဲ့တို့၏ အပြုအမူဖြစ်လိမ့်မည်ဟု ယုံကြည်မိပါသည်။

သီပေါမင်းပါတော်မူပန်းချီကားများရေးဆွဲ၍ ဗီရိုလှည်းပုံနှင့် နန်းမြို့တော်ရှိ ပြည်သူပြည်သားတို့၏ ဝမ်းနည်းပက်လက်မျက်ရည်မြိုင်မြိုင်ကျခဲ့ရပုံများကို ရေးဆွဲမှတ်တမ်းတင်နိုင်ခဲ့သည့် မြန်မာ့ပန်းချီကျော်အပေါင်းကိုလည်း ဂါရဝပြုအပ်လှပေသည်။ သမိုင်းဝင်အဖြစ်အပျက်ဆိုးကြီးဖန်တီးခဲ့သည့် မြန်မာဘုရင်သီပေါမင်းပါတော်မူနေ့တွင် အဓိကဇာတ်ဆောင်အဖြစ် ကုန်းဘောင်ခေတ်ဇာတ်သိမ်းခန်း၌ ပါဝင်ခဲ့ရသည့် " ဗီရိုလှည်း" ကိုကျွန်ုပ်တို့ အမျိုးချစ်သူများမမေ့အပ်သင့်ပေ။

## ဘာဂီလှည်း

ဘာဂီလှည်းဆိုသည်မှာ မင်းညီမင်းသားများအသုံးပြုလေ့ရှိသည့် လှည်းတစ်မျိုးဖြစ်ကြောင်းသိရှိရပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ( ပထမတွဲ) တွင် နိဒါန်းရေးသားသည့် မဟာသရေစည်သူ ဦးချမ်းသာ (စာရေးဆရာလက်ဝဲ မင်းညို) (ကွယ်လွန်) ၏ အဆိုအရ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) သည် ဘာဂီလှည်းကို စီးနင်းခွင့် ရကြောင်း ၄င်းရာဇဝင်တော်ကြီးနိဒါန်း၌ ဖတ်ရှုရပါသည်။

ဘာဂီလှည်းဝေါဟာရမှာ အနောက်နိုင်ငံသားများ မြန်မာပြည်ရောက်ရှိလာမှ သုံးစွဲခေါ်ဝေါ်လာပုံရပါသည်။ **'B = ဗာဂီရထား'** ဟု ဆရာတက်တိုး၏ အင်္ဂလိပ်+ မြန်မာ အဘိဓာန်(ပ)တွင် တွေ့ရပါသည်။

ဘာဂီလှည်းပုံကိုမတွေ့ဖူးသဖြင့် ဆရာဦးအေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း) ထံချဉ်းကပ်မေးမြန်းရာ "၄င်းဘာဂီလှည်းကို မြင်ဖူး၊ သိဖူးကြောင်း" ပြောပြပါသည်။

အကယ်၍ ဘာဂီလှည်းပုံသီးခြားဓာတ်ပုံပန်းချီများသိမ်းဆည်းရရှိထားသူများရှိပါက ဖော်ထုတ်ဖြည့်စွက်ပေးကြပါရန် တောင်းပန်အပ်ပါသည်။ ဆရာဦးအေးမြင့် (မြန်မာရိုးရာဒီဇိုင်း) ရေးဆွဲပြသဖြင့် နမူနာအဖြစ် မြင်တွေ့ရသည်မှာ အမရပူရခေတ်လက်ရာမျိုးပင်ဖြစ်ပါသည်။

ထူးခြားချက်တစ်ခုမှာ မင်းသုံးယာဉ်မျိုးကဲ့သို့ ပြာသာဒ်(အမိုး) အပြည့် ပုံစံမျိုးမဟုတ်ချေ။ မြင်းလှည်းမောင်းသူက ရှေ့အမိုးအောက်၌ထိုင်ပြီး နောက်မှစီးနင်းလိုက်ပါသူက နောက်ပြာသာဒ်(အမိုး) တွင် အမိုးသီးခြားစီကဲ့သို့ ပုံစံမျိုးဖြစ်ပါသည်။

ယနေ့ တွေ့မြင်နေရသည့် အမြို့မြို့ အနယ်နယ်မှ မြင်းလှည်းပုံစံများသည် ဘာဂီလှည်းကိုပင် အတုယူ၍ တည်ဆောက်ကြလေသလောဟု ထင်မှတ်ဖွယ်ဖြစ်ပါသည်။

## လှည်းယဉ်

လှည်းယဉ်ဟုဆိုလိုက်လျှင် မြန်မာပြည်တွင် မွေးဖွားကြီးပြင်းသူတိုင်း ကြွကြွရွရွ၊ လှလှပပ၊ မြူးမြူးသွက်သွက်အတောင်ပါသည့် ငှက်ငယ်ပမာ မျက်စိပသာဒစွဲမက်စေသည့် ယာဉ်ငယ်တစ်မျိုးဖြစ်ကြောင်းသိရှိထားကြပြီးဖြစ်သည်။


လှည်းယဉ်သည် မြန်မာဆံလွန်းလှ၏။ မည်သည့်နိုင်ငံ၊ မည်သည့် ယဉ်ကျေးမှုမှ လိုက်မမီနိုင်သေးသော ယဉ်ကျေးမှု အနုပညာပစ္စည်းတစ်ခုလည်းဖြစ်၏။ ခေတ်တွေ မည်သို့ပြောင်းသော်လည်း မဟောင်းနိုင်သေးသော ပစ္စည်းတစ်ခုလည်းဖြစ်၏။ ယဉ်လည်းယဉ်၏။ လွင်လည်းလွင်၏။

တောနယ်ဒေသသို့ အလည်တစ်ခေါက်ရောက်ရှိသူ မြို့ကြီးသားများ လှည်းယဉ်ငယ်ကို စီးရပါက တောရွာမှ ပြန်ချင်စိတ်ပင်မရှိတော့ချေ။ မြို့ကြီးတွင် ကျန်ရစ်ခဲ့သူများကို အလွမ်းပိုအောင် လှည်းယဉ်က စွမ်းဆောင်နိုင်၏။

"နေဝင်ဖျိုးဖျ ---ရွာအဝင် လှည်းယဉ်ကြော့ရယ်နဲ့--- နော့ကာမောင်းလို့ပင်--- လမ်းကြိုရင် ခေါ်ချင်ပါရဲ့--- မြို့သူချောအလှကိုပင်၊ ဖုံထူထူခြေမတင်ရအောင်--- လှည်းယဉ်ကြော့ရယ်နဲ့လိုက်ခဲ့ဖို့ခေါ်မေးချင်---ချင် " ဟူသော ဟသ်ာတထွန်းရင်၏ "လှည်းယဉ်ကြော့" သီချင်း( ပန်တျာချစ်လှိုင်ရေးသည်။) သံကိုသာကြားမိပါက လှည်းယဉ်ကြော့ပေါ်တွင် ပါလာ[illegible]ည့်မြို့ကြီးသားခများ မလွမ်းဘဲမနေနိုင်ရှာတော့ပေ။

လှည်းယဉ်ကို ဘုရားပွဲ၊ အလှူပွဲ၊ မင်္ဂလာပွဲနှင့် ဘုန်းကြီးပျံပွဲများတွင် အများအားဖြင့် အသုံးပြုလေ့ရှိကြသည်။ တစ်ရွာမှတစ်ရွာ၊ ပွဲတော်ရှိ၍ ဘုန်းတော်ကြီးများအားပင့်ဆောင်ရာတွင်လည်း လှည်းယဉ်ကို အသုံးပြုကြသည်။ ရပ်ရွာတွင် ပစ္စည်းဥစ္စာရှိသူ၊ အာဏာပါဝါရှိသူများနှင့် သမီးကညာရတနာရှိသူများ လှည်းယဉ်တစ်စီးရအောင်ကြဆောင်ထားကြမြဲဖြစ်သည်။ မိမိတို့ ကိုးကွယ်ဆည်းကပ်သည့် ဆရာတော်အတွက်လည်း ကျေးလက်ဒေသများတွင် လှည်းယဉ်ကြော့တစ်စီးကို လှူဒါန်းထားကြလေ့ရှိသည်။

မြန်မာ့လှည်းယဉ်ကြော့ (မန္တလေးမြို့ မြင်ဟောဝန် ဥယျာဉ်အတွင်း)



လှည်းယဉ်သည် အလှစီးယာဉ်သက်သက်ဖြစ်သည်။ လူ ၅ ဦး (မောင်းသူအပါအဝင်) ထိုင်သာရုံရှိသည်။ မင်္ဂလာဆောင်မည့်သတို့သားနှင့် သတို့သမီးကို လှည်းယဉ်ပေါ်တွင် မြင်ရသည်မှာ ကျက်သရေမင်္ဂလာရှိလှသည်။ ရှင်လောင်းလှည့်ရာတွင် ရှင်လောင်းများအား လှည်းယဉ်ပေါ်တင်၍ လှည့်ကြရာ မြင်သူတိုင်း မျက်စိပသာဒဖြစ်ရသည်။

သို့သော် လှည်းယဉ်၌ ကရသော "နွား" ကြောင့် မြန်မာ့ လှည်းယဉ်များတစစ တိမ်မြုပ်သွားကြလေပြီ။ အချို့ဒေသများတွင် ပျောက်ကွယ်လျက်ရှိချေပြီ။ မနေ့က အဖြစ်အပျက်နှင့် ယနေ့အဖြစ်အပျက် ကွာခြားပြောင်းလဲလျက်ရှိချေပြီ။

လှည်းယဉ်သည် ပုဂံခေတ်၊ အင်းဝခေတ်၊ ပင်းယခေတ်၊ ကုန်းဘောင်ခေတ် စသည်ဖြင့် ခေတ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် တည်ရှိခဲ့သည်၊ အသုံးပြုခဲ့ကြသည်။

မျက်မှောက်ကာလတွင်လည်း ထီးနန်းပုံစံမဟုတ်သော်လည်း တော့ဓလေ့သဘာဝနှင့် လိုက်လျောညီထွေမှုရှိစေရန် ပြုပြင်တည်ဆောက်ခဲ့ကြရာ ယနေ့တိုင်အောင်ဖြစ်သည်။ လှည်းယဉ်ကို တွေ့ဖူး၊ မြင်ဖူးကြသော်လည်း လုပ်ကိုင်ရာတွင် မည်မျှခက်ခဲသည်ကို လက်တွေ့လေ့လာကြည့်မှ သိနိုင်ပါသည်။

လှည်းယဉ်လုပ်ငန်းဖြင့် မိရိုးဖလာလုပ်ကိုင်ကြသည့် ကျေးရွာများမှာ စစ်ကိုင်းတိုင်းအတွင်းမှ မန်ကျည်းစင်၊ သလွန်ဖြူ၊ ကြွယ်လူး၊ အိုးဘို၊ အုန်းတောနှင့် ရွာထောင်တို့သည် နာမည်ကြီးပြီး၊ လူသိများလှပါသည်။

ဝန်တင်လှည်း၊ လူစီးလှည်းနှင့် အလှစီးလှည်းယဉ်များမှာ ပုံစံအားဖြင့် မတူညီသကဲ့သို့ ပြုလုပ်ပုံမှာလည်း မတူညီကြချေ။ သို့သော်လည်းလှည်းပြုလုပ်ပုံ တစ်ခုဖြင့် ပုံစံထိုးပြပါက မျက်စိအမြင်ရှင်း၍ သိလွယ်နိုင်ပါမည်။ သို့ဖြစ်၍ လှည်းပြုလုပ်ပုံအဆင့်ဆင့်ကို တင်ပြပါဦးမည်။

# ၈။ မြန်မာ့လှည်း ပြုလုပ်ပုံအဆင့်ဆင့်

လှည်းသည် ပန်းပု၊ ပန်းပဲ၊ ပန်းပွတ်၊ ပန်းတော့နှင့် လက်သမားအတတ်ပညာရပ်များ တတ်မြောက်ကျွမ်းကျင်မှသာ လှည်းကောင်းတစ်စီး ရရှိနိုင်ပါသည်။ သစ်ကောင်း၊ ဝါးကောင်းများဖြင့် အပြစ်အနာအဆာမရှိအောင် သေသေသပ်သပ်ပြုလုပ်မည်ဆိုလျှင် ၁ နှစ်ခန့်ပင်ကြာတတ်ပါသည်။

လှည်းယဉ်လုပ်ပုံ အဆင့်ဆင့်ရှိရာ ရှေးဦးစွာလှည်းဘီးပြုလုပ်ပုံကို ဖော်ပြလိုပါသည်။

## လှည်းဘီး

လှည်းဘီးတွင်ပါဝင်သည့် အစိတ်အပိုင်းများမှာ–

၁။ ပုံတောင်း(ပဒေါင်း)

၂။ ခေါက်

၃။ တံကူ (ဒဂူ)

၄။ သံပတ်

၅။ နန်းရင်းခွေ

၆။ နန်းဖျားခွေနှင့်

၇။ ဆိတ်မျက်လုံး ( ပုစွန်မျက်လုံး)

တို့ဖြစ်သည်။

၄င်းခုနစ်မျိုးပေါင်းစုထားသည်ကို "လှည်းဘီး" ဟုခေါ်ခြင်းဖြစ်သည်။ ကျွန်တို့ ခန္ဓာကိုယ်တွင် ဆံပင်အစ ခြေသည်းအဆုံးရှိသော ၃၂ ကောဌ္ဌာသ အစုအဝေးကြီးကို မောင်ဖြူ၊ မောင်နီ စသည်ခေါ်ဝေါ်သကဲ့သို့ပင်။

လှည်းဘီးတစ်ဘီးဖြစ်စေရန်အတွက်ပါဝင်သည့် အစိတ်အပိုင်းများပြုလုပ်ပုံအဆင့်ဆင့်ကိုဖော်ပြရလျှင်-----

### ပုံတောင်း (ပဒေါင်း)

ပုံတောင်းဆိုသည်မှာ လှည်းဝင်ရိုးတပ်ရန်အချက်အချာဗဟိုဌာနဖြစ်သည်။ ပြုလုပ်ရာ၌ ပိတောက်သားကို အသုံးပြုရသည်။ ပိတောက်နှစ်ကို အသုံးပြုနိုင်က လှည်းပုံတောင်းအတွက် စိတ်ချရပေပြီ။

လှည်းပုံတောင်း၏ အလျား ၁၈ လက်မ(သို့မဟုတ်) ၁၉ လက်မ၊ အချင်း ၈ လက်မ(သို့မဟုတ်) ၇ ၁/၂ လက်မ၊ ၈ ၁/၂ လက်မ၊ ပုံတောင်း၏ အစွန်းနှစ်ဖက် ၅ လက်မ(သို့မဟုတ်) ၆ လက်မထားကြသည်။ ဝန်ရိုး(ဝင်ရိုး) တပ်ရန်အချင်း ၃ လက်မရှိအပေါက်ကို လှည်းပုံတောင်း၏ ဟိုဘက်ထိပ်၊ သည်ဘက်ထိပ် ပေါက်အောင်ဖောက်ရသည်။ ယင်းသို့ဖောက်ရာတွင် အကွေ့အကောက်အဖုအထစ်မရှိစေဘဲ တစ်ပြေးညီဖောက်ရသည်။

ပုံတောင်းပုံစံပေါ်လာအောင် လက်သမားအတတ်ပညာဖြင့် ပြုလုပ်ပြီးပါက ပွတ်စင်ပေါ်သို့ တင်၍ ပွတ်ထိုးရသေးသည်။ ပွတ်ထိုးခြင်းဖြင့် ဖောင်းရစ်အကြီး၊ အသေး၊ အဖောင်း၊ အမို့၊ အနိမ့် အခွက်များပုံပေါ်လာသည်။ ထိုနောက်ပုံတောင်း၏ အလယ်ဗဟို ပတ်လည်တွင် စရွေးပေါက်များ ဖောက်ပေးရသည်။ လှည်းဘီးတစ်ဘီးတွင် ဒေါက် ၁၂ချောင်း၊ ၁၄ ချောင်းပါရှိကြရာ၊ စရွေးပေါက်ကိုလည်း မိမိအသုံးပြုလိုသလောက်ဖောက်ကြသည်။ (လှည်းယဉ်တွင် ဒေါက် ၁၆ မှ ၂၀ အထိရှိ၏) ။

ဤမျှဖြင့်မပြီးသေးချေ။ ပုံတောင်းအလယ်ဗဟိုတွင် ဖောက်ထားသည့် စရွေးပေါက်၏ ဝဲယာ၌ ဖြက်တစ်လက်မခွဲ၊ တစ်မတ်ထုရှိ သံပတ်နှစ်ခု စွပ်တပ်ရသေးသည်။ ၄င်းကို "နန်းရင်းခွေ" ဟု ခေါ်သည်။ အချို့က "လက်ရင်းခွေ" ဟုခေါ်သည်။ "လက်ရင်းနန်းပြား" ဟုလည်း ခေါ်သေးကြောင်း သိရသည်။

ပုံတောင်း၏ ထိပ်နှစ်ဖက် (အစွန်းနှစ်ဖက်) တွင်လည်း အပေါ်မှ သံပတ်ခွေပတ်ရသေးသည်။ ၄င်းကို နန်းဖျားခွေ(သို့မဟုတ်) လက်ဖျားနန်းပြားဟုခေါ်သည်။ ၄င်းပြင် လှည်းပုံတောင်း၏ ထိပ်နှစ်ဖက် (အစွန်းနှစ်ဖက်) အတွင်း၌လည်း ဖြက် ၂ လက်မ၊ ဒ ငါးမူးရှိ သံပတ်ခွေကိုထည့်ရသည်။ ၄င်းကို ဆိတ်မျက်လုံး(ဝါ) ပုဇွန်မျက်စိဟုခေါ်ကြသည်။ ဤသို့ပြုလုပ်ထားမှသာ ဝန်ထုပ်ဝန်ပိုးများ တင်ဆောင်ရာ၌ မူလအခြေအနေမှ ပျက်စီးမသွားဘဲ တာရှည်ခိုင်ခံ့စိတ်ချရပေသည်။

ကမ္ဘာပေါ်တွင် မည်သည့် တီထွင်ပြုလုပ်မှုမဆို နှစ်အနည်းငယ်အတွင်းပျက်စီးကြသည်။ အာမခံဂရန်တီပြုလုပ်ကြသော်လည်း မည်သူမျှအာမ မခံနိုင်ကြတော့ပေ။ မြန်မာပြည်ဖြစ် ပစ္စည်းများမှာ ရေရှည်ခိုင်ခံ့ပြီး၊ ယနေ့တိုင် ဘိုးစဉ်ဘောင်ဆက် သုံးစွဲနေကြရသည်ကို ကြည့်ခြင်း အားဖြင့် ရှေးမြန်မာလူကြီးများ၏ အတွေးအခေါ် ရင့်ကျက်မှု၊ အမြော်အမြင်ပြည့်စုံမှုနှင့် ဉာဏ်ပညာ ထက်မြက်မှုများ မည်မျှကုံလုံကြွယ်ဝနေသည်ကို အားကျဂုဏ်ယူသင့်ပါသည်။

## ဒေါက်

ပုံတောင်း၌ စိုက်ရန် ဒေါက် ၁၂ (သို့မဟုတ်) ၁၄ ချောင်းလိုအပ်၏။ လှည်းယဉ်၌ ၁၆ ချောင်း (သို့မဟုတ်) ၁၈ ချောင်း (သို့မဟုတ်) ၂၀ ချောင်း ထည့်ရကြောင်း အထက်၌ဆိုခဲ့ပြီးဖြစ်သည်။

ဒေါက်ကို ပိတောက် (သို့မဟုတ်) ကျွန်းသားဖြင့် ပြုလုပ်ရသည်။ ဒေါက်၏ အရင်းပိုင်းမှာ ဖြက် ၃ လက်မ၊ ဒ ငါးမတ်၊ အရှည် ၁၇ လက်မခွဲရှိသည်။ အရင်းမှ အဖျားသို့ သွယ်ဆင်းသည့် သဏ္ဍာန် ပြုလုပ်ရသည်။ အဖျားဘက်တွင် ဖြက် ၂ လက်မ၊ ဒ သုံးမတ်ရှိသည်။ အရင်းအဖျားနှစ်ဖက်လုံးတွင် စရွေးများပြုလုပ်ထားရသည်။ ဒေါက်အရင်းပိုင်းသည် လှည်းပုံတောင်းဘက် ၊ အဖျားပိုင်းသည် တံကူ (ဒဂူ)ဘက်၌ စိုက်သွင်းရန်ဖြစ်သည်။

ဒေါက်၏ ရှေ့မျက်နှာဘက်တွင် မျှော့ကြောင်းများဖော်ကြသည်။ ကြေးမှိုများကို မျှော့ကြောင်း တစ်လျှောက်ရိုက်ထားကြသည်။

## တံကူ (ဒကူ)

တံကူသည် ဒေါက် ၁၅ ချောင်းပါရှိသည့် လှည်းဘီးပြုလုပ်ရန်အတွက် ၂ ပေအရှည် ၆ ခုလိုအပ်သည်။ လှည်းဘီး၏ ပတ်လည်အရှည် ၁၂ ပေရှိရာ (၂×၆= ၁၂)၊ တံကူ ၆ခု၊ ဒေါက် ၁၂ချောင်း ပါဝင်သည်။ တံကူတစ်ခုလျှင် ဒေါက် ၂ ချောင်းစရွေးတပ်နိုင်သည်။ (ဒေါက် ၁၄ ချောင်း၊ ၁၆ ချောင်း၊ ၁၈ ချောင်း တပ်လှည်းများမှာ တံကူ၏ အလျား ၁ ပေနှင့် ၉ လက်မ၊ ၁ ပေနှင့် ၆ လက်မ စသည်ဖြင့် တပ်ဆင်နိုင်သည်။)

တံကူသည် ၆ ခုစလုံး ဆက်မိသွားလျှင် အဝန်းအဝိုင်း (လှည်းဘီး) ပုံပေါ်လာမည်ဖြစ်သည်။

ရှေးမြန်မာလူကြီးများ၏ တံကူပြုလုပ်နည်းစနစ်မှာ လက်ဖျားခါလောက်အောင်ပင် ကောင်းမွန်လှသည်။ အမှတ်တမဲ့ကြည့်မည်ဆိုပါက သစ်သားပျဉ်ပြားကြီးတစ်ချပ်ကို စက်ဝိုင်းပုံဖြစ်အောင် ထွင်းထားသယောင်ထင်ရသည်။ အနီးကပ်လေ့လာကြည့်ရှုမှ တံကူ ၆ ခုကို စနစ်တကျ တွဲစပ်ထားကြောင်းသိမြင်ရပါသည်။ ရှေးခေတ်အခါက ချပ်ဘီးလှည်းများကိုသာ အသုံးပြုခဲ့ကြ ရသည်။ လှည်းဘီးအစ တီထွင်ပြုလုပ်ခဲ့ကြသူဖြစ်ကြောင်းမှတ်တမ်းတင်ထားကြသည့် ဂျာမနီ၊ မက်ဆိုပိုတေးမီးယားစသည့် နိုင်ငံများသည်ပင် ချပ်ဘီးလှည်းများကို အသုံးပြုခဲ့ကြရသည်။

ယနေ့မြန်မာလှည်းဘီး၏ ပုံသဏ္ဍာန်မှာ မည်မျှအဆင့်အတန်းမြင့်မားပြီး၊ လက်ရာမြောက်ပစ္စည်းတစ်ခုဖြစ်သည်ကို သုံးသပ်တွေ့ရှိနိုင်ပေပြီ။ ဤအချက်သည်ပင်မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ၏ ခိုင်မာမှုရှိကြောင်းသက်သေတစ်ရပ်ပင်။

## သံပတ်

ပုံတောင်းနှင့် တံကူတွင် ဒေါက်များအစီအရီစိုက်သွင်းပြီးနောက်၊ လှည်းဘီး၏ ခိုင်မာတောင်တင်းမှုဖြစ်စေရေးအတွက် ဖြက် ၂ လက်မ၊ ဒု ငါးမူး၊ အရှည် ၁၂ ပေရှိ သံပတ်ကို ပတ်ရသည်။

သံပတ်ကို သည်အတိုင်းပတ်၍ မရသေး။ သံပတ်ကိုခွေ (ဂွေ) ပြုလုပ်ပြီး၊ ပန်းပဲဖိုဖြင့်ဆက်ရသည်။ ထို့နောက် သံပတ်ခွေကို မီးဖြင့် အပူပေးရသည်။ ခွေများ နီရဲလာသည့်အခါ ညှပ်ဖြင့်ယူ၍ လှည်းဘီး၌ စွပ်ပေးရသည်။ အံဝင်ခွင်ကျဖြစ်စေရန် သံပတ်ခွေကို တူတစ်လက်ဖြင့် ရိုက်သွင်းပေးရသည်။

လှည်းဘီးနှင့် သံပတ်ခွေအနေအထားကျသွားသည့်အချိန်တွင်ရေဖြင့်လောင်းရသည်။ ပုံစံအားဖြင့် ဓားအရိုးကပ်သကဲ့သို့ ပင်။ ယင်းသို့ ပြုလုပ်သည်ကို " လှည်းမီးချ"သည်ဟုဆိုကြသည်။ လှည်းမီးချဆရာဆိုသည်မှာ သံပတ်ခွေတပ်သည့် ဆရာများဖြစ်သည်။ လှည်းဆရာကြီးများဟုလည်း ဆိုနိုင်ပါသည်။

## နန်းရင်းခွေ၊ နန်းဖျားခွေ၊ ဆိတ်မျက်စိ

နန်းရင်းခွေ နန်းဖျားခွေနှင့် ဆိတ်မျက်စိ(ခေါ်) ပုစွန်မျက်စိတို့မှာ လှည်းပုံတောင်းကဏ္ဍ၌ ပါဝင်ပြီးဖြစ်ပါသည်။

လှည်းဘီးပြုလုပ်ခြင်းကဏ္ဍတွင် ပါဝင်သည့် အစိတ်အပိုင်းများမှာ ဤမျှဆိုလျှင် ပြည့်စုံသွားပြီး ဖြစ်ပါသည်။ လှည်းဘီးဟု လွယ်လွယ်ကူကူခေါ်ကြသော်လည်း ဤကဲ့သို့ အသေးစိတ်ပြုလုပ်ရပုံများကို သိရှိထားမှသာ လှည်း၏ တန်ဖိုးကို နားလည်ကြမည်ဖြစ်ပါသည်။

## ဝန်ရိုး (ဝင်ရိုး)

လှည်းဘီးတစ်စုံ(နှစ်ခု) ပြုလုပ်ပြီးနောက် လှည်းဘီးနှစ်ခုကို လည်ပတ်စေရန်အတွက် ဝန်ရိုး (ဝင်ရိုး) လိုအပ်လာပါသည်။ ဝန်ရိုးပြုလုပ်ပုံမှာ–

ရှေးဦးစွာ ထောက်ကြံ့၊ အင်ကြင်း၊ ဖန်ခါးသား စသည့် သစ်သားတစ်မျိုးမျိုးကို ရှာဖွေရသည်။ စိတ်ကြိုက်ရပြီဆိုလျှင် အရှည် ဖ ပေခွဲ (အချို့ ၇ ပေ)၊ ဖြက် ဖ လက်မ၊ ၃ ၃ လက်မရှိ ဝန်ရိုး ပြုလုပ်နိုင်သည်။

ပုံတောင်းသို့ စွပ်ရန် အစွန်းနှစ်ဖက်တွင် ၃ လက်မ အရွယ်ခန့် လုံးချောအောင်ပြုလုပ်ရသည်။ ဝန်ရိုး၏ ဟိုဘက်၊ သည်ဘက် နံဘေးစောင်းပေါ်တွင် အထစ်ငယ်ကလေးများထစ်ပေးရသည်။ ၎င်းအထစ်သည် လှည်းတံတွင် တပ်ထားသည့် ဝက်စွယ်ခေါ် သစ်သားငုတ်၏ ခွင်ကျနေရာဖြစ်သည်။

ဝန်ရိုး၏ အတွင်းဘက် ၂ လက်မ အကွာတွင် အပေါက်ငယ်တစ်ခုဖောက်ပေးရသည်။ "နားစောင့်ပေါက်" ဟုခေါ်သည်။ အရပ်သုံးအခေါ်မှာ "နဖောင့်ပေါက်" ဖြစ်၏။ လှည်းဘီး တပ်ဆင်သည့်အခါ အပြင်သို့ ကျွတ်ထွက်မသွားစေရန် စိုင်ငယ်တစ်ချောင်းစီရိုက်သွင်းရန်ဖြစ်သည်။ စို့ကို သစ်သား (သို့မဟုတ်) သံချောင်းငယ်ကိုလည်း အသုံးပြုနိုင်သည်။ လှည်းဘီးနားမှ တစ်ဖဝါးမကွာ စောင့်ရှောက်သည်ဟူသော အဓိပ္ပာယ်ဖြင့် "နားစောင့်" ဟူသော ဝေါဟာရဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

ချပ်ဘီးလှည်းပင်ဖြစ်စေကာမူ "နားစောင့်" ကိုမထည့်၍ မဖြစ်ချေ။ အကွပ်မရှိသည့်ကြမ်း ပရမ်းပတာဆိုသကဲ့သို့ နားစောင့်နှင့် ကင်း၍ လှည်းဘီးကို လည်ပတ်ချင်၍ မရပေ။ ကားဘီး၊ စက်ဘီးစသည်တို့ကို ဘီးဝဲယာတို့မှ မူလီစုပ်၍ စွဲထားသည့်သဘောမှာလည်း၊ လှည်းဘီးမကျွတ်စေရန် နားစောင့်အတွင်း စို့သွင်းသည်နှင့် အတူတူပင် "လှည်းဘီးပြင်က၊ နားစောင့်ချသို့" ဟူသော သင်္ကေလောဝါဒ ဆုံးမစာသည် ဖော်ပြပါလှည်းဘီး၏ အထိန်းအကွပ်(နားစောင့်) ကိုပမာပြု၍ ဆုံးမထားခြင်းပင် ဖြစ်ပါသည်။

**မှတ်ချက်။** ။လှည်းယဉ်ပြုလုပ်ရာ၌မူ ဝင်ရိုးကို သံဝင်ရိုးဖြင့် ပြုလုပ်ကြပါသည်။ သစ်သားဝင်ရိုးတုံး အတွင်းသို့ သံဝင်ရိုးကို ထုတ်ချင်းပေါက် သွင်းယူပြီး တပ်ဆင်ထားကြသည်ကို တွေ့ရှိရပါသည်။ အလှစီးယဉ်မျှသာဖြစ်၍ ဝင်ရိုး၊ ပုံတောင်းနှင့် လှည်းဘီးတို့ကို ဖက်ညီမျှစေရန် မြန်မာ့အနုပညာ ဗိသုကာဆရာတို့၏ တီထွင်ဆန်းသစ်မှုတစ်ခု ဖြစ်ပါသည်။ (တချို့သစ်သားလုံးဝမထည့်ကြတော့ဘဲ သံဝင်ရိုးသက်သက်ကိုလည်း အသုံးပြုကြသည်။)

## လှည်းတံ (လှည်းသန်)

လှည်းတစ်စီးလျှင် လှည်းတံ ၂ ချောင်းပြုလုပ်ရသည်။ အလျား ၁၀ ပေခွဲ (သို့မဟုတ်) ၁၂ပေ၊ ၃ သုံးလက်မ ပတ်လည်ရှိ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ ဖန်ခါးစသော အသားမာများဖြင့် ပြုလုပ်ရသည်။

လှည်းတံ၏ ရှေ့ဆုံးပိုင်းအစွန်၌ ၆ လက်မချန်၍ အထစ်တစ်ခုပြုလုပ်ရသည်။ လှည်းတံနှစ်ခု ပူးလိုက်လျှင် အထစ်နှစ်ခုသည် အပြင်ဘက်မှာရှိနေရမည်။

လှည်းတံ၏ အလယ်ပိုင်း (လှည်းအိမ်ရှေ့ထုပ်) ကို ထိန်းရန် စို့ပေါက် ဖောက်ရသည်။ ယင်းအပေါက်တွင် စိုက်သည့်ငုတ်တိုင်ကို 'ရေဆင်းငုတ်' ဟု ခေါ်သည်။

လှည်းတံ၏ နောက်ဆုံးအစွန်မှ အတွင်းဘက် ၁၈ လက်မအကွာ၌ အပေါက်ငယ်နှစ်ပေါက်စီ ဖောက်ရသည်။ ၎င်းအပေါက်နှစ်ခု၏အကွာအဝေးမှာ ၄ လက်မရှိသည်။ ယင်းအပေါက်ငယ်များတွင် ငုတ်တိုင်စိုက်ရပြီး ရှေ့ငုတ်တိုင်ကို "ရှေ့ဝက်စွယ်" နောက်ငုတ်တိုင်ကို "နောက်ဝက်စွယ်" ဟုခေါ်သည်။ ၎င်းငုတ်တိုင်နှစ်ချောင်းကြားဝယ် ဇင်တုံး (ဆင့်) တုံး ထည့်ရန်ဖြစ်သည်။

လှည်းတံ၏ နောက်ဆုံး အစွန်တွင် ၂ လက်မချန်ပြီး အထစ်တစ်ခု ပြုလုပ်ရပြန်သည်။ ၎င်းအထစ်မှာ လှည်းအိမ်ကြီးနှင့် တွဲ၍ ကြိုးတုပ်ရန် အတွက်ဖြစ်သည်။

### ထမ်းပိုး (ဒပိုး)

လှည်းတံနှင့် တွဲဖက်ချည်နှောင်၍ နွားပခုံး၌တင်ရန် ထမ်းပိုးပြုလုပ်ရပြန်သည်။ လုံးပတ် ၁၅ လက်မ၊ အရှည် ၇ ပေရှိရသည်။ ကျွန်း၊ ယမနေ၊ သရက်၊ တည် စသော သစ်အမျိုးမျိုးဖြင့် ပြုလုပ်နိုင်သည်။

ထမ်းပိုးတုံးကို အဖောင်းအရစ်များ၊ ပုံဖော်ပွတ်ထိုးလေ့ရှိကြသည်။ နွားပခုံးထမ်းသည့် တုံးဖြစ်၍ တောင်သူဦးကြီးများထမ်းပိုးကို ချောမွတ်နေအောင်ပြုလုပ်လေ့ရှိသည်။ ပွတ်မထိုးနိုင်စေကာမူ ဓားဖြင့် ချောမွေ့နေအောင် ပြုပြင်ပေးထားကြသည်။

### ထမ်းပိုးကျည်း

ထမ်းပိုး၏ ဝဲယာတွင် ထမ်းပိုးကျည်းတပ်ရန် အပေါက်နှစ်ပေါက်စီဖောက်ရသည်။ ထိုအပေါက်သို့ အရှည် ၂ ပေခန့်ရှိအခေါင်းပိတ်ဝါးရင်းတုတ်စွပ်ရသည်။ ဝါးရင်းတုတ်တွင် ဝါးအမျက် (ဝါးအတက်) ပါရသည်။ သို့မှသာ လျော့ကျမသွားမည်ဖြစ်၏။ ထမ်းပိုး၌ တပ်ရသည့် ၎င်းဝါးရင်းတုတ်ချောင်း ၄ ချောင်းကိုပင် "ထမ်းပိုးကျည်း" ဟုခေါ်ခြင်းဖြစ်သည်။

လှည်းယဉ်ကလေးများတွင် ထမ်းပိုးကျည်းကို သစ်သားဖြင့် ပွတ်ထိုး၍ အလှဆင်ကြသည်။ အဖျားတွင် သိုးမွေးချည်ကို ပန်းဖွားပြုလုပ်ထားလေ့ရှိသည်။

### ကုလားနို့

လှည်းထမ်းပိုး၏ အလယ်တွင် သစ်သားငုတ်နှစ်ချောင်းထွင်းဖောက်စိုက်ထားပေးရသည်။ စို့တိုင်နှစ်ခု၏ အမည်ကို "ကုလားနို့" ဟုခေါ်ကြသည်။ အဘယ်ကြောင့် ထိုအမည်ဖြစ်လာသည်ကို မသိရပေ။

## လှည်းဦးပွတ်ကြိုး (သို့) လှည်းစည်းကုံး

ယင်းစိုတိုင်နှစ်ခုအကြား လှည်းတံကိုချပြီး အလျား ၁၈ ပေ၊ အနံတစ်လက်မရှိ သားရေကြိုးစဖြင့် ချည်နှောင်တုပ်ဖွဲ့ရသည်။ ၄င်းကို "လှည်းဦးပွတ် "သည်ဟုခေါ်ကြသည်။ ကြိုးကိုလည်းလှည်းဦး ပွတ်ကြိုးဟုခေါ်ကြသည်။

## လှည်းအိမ်

လှည်းအိမ်သည်အလျား ၆ ပေ၊ အနံ ၅ ပေရှိသည်။ လှည်းအိမ်ဘောင်ကို ၂ လက်မခွဲ ဒုရှိသည့် သစ်သားဖြင့် ပြုလုပ်ရသည်။

လှည်းအိမ်ဘောင်၌ ရံတိုင်စိုက်ရန် စရွေးပေါက်များထွင်းဖောက်ရသည်။ ရှေ့ရံတိုင်အပေါက်နှင့် နောက်ဆုံးရံတိုင်အပေါက်ကို တုတ်ချင်းထွင်းအောင်ဖောက်ရပြီး၊ ကျန်ရံတိုင်ပေါက်များကိုမူ ထုတ်ချင်းထွင်းအောင် မဖောက်ရ။ လှည်းရံတိုင် တစ်ဖက် ၉ ချောင်းစီတပ်ကြသည်။ ဖြက် ၂ လက်မ ဒု ငါးမူးရှိသစ်သားများကို ရွေထိုး၍ လှည်းရံတိုင် ပြုလုပ်ရသည်။

လှည်းအိမ်ဘောင်နှစ်ဖက်၌ ရှေ့ရံတိုင်နှင့် နောက်ဆုံးရံတိုင် စုစုပေါင်း ၄ ချောင်းရှိရာ "စွပ်ရံတိုင်" ဟုခေါ်ကြသည်။

လှည်းအိမ်ဘောင်နှစ်ဖက်ကို ထိန်းချုပ်ရန် ရှေ့ထုပ်၊ နောက်ထုပ်ခေါ် သစ်သား ချောင်းနှစ်ချောင်း ဖြင့် စရွေးဖောက်စွပ်ကာတပ်ပေးရသည်။

ရံတိုင် ၉ ချောင်းကို လှည်းအိမ်ဘောင်၌ စွပ်ပြီး နောက်၊ ထိပ်ပိုင်း( အထက်ပိုင်း) တွင်သစ်သား (သို့မဟုတ်) ဝါးဖြင့် လက်တန်းတစ်ခုစီ (ဘယ်–ညာ) စွပ်ရသေးသည်။ ၄င်းကို လွယ်လွယ်ကူကူ 'လက်တင်' ဟု ခေါ်သည်။

လှည်းအိမ်ပေါင်၏ နောက်ဘက်စွန်းတွင် အပေါ်သို့ကော့ထောင်နေသည်ကို 'လှည်းအိမ်ပေါက်' ဟု ခေါ်သည်။

လှည်းအိမ်ထောင်နှစ်ဘက်အတွင်းတွင် ကြမ်းခင်းရန်အတွက် ဆင့်ပေါက်များ အစီအရီ ဖောက် ပေးထားရသည်။ ၄င်းဆင့်ပေါက်များတပ်ပြီး အပေါ်မှပျဉ် (သို့မဟုတ်) ဝါးထပ်ခင်းကြသည်။

## ဆောင်ပန်းအိမ် (ဆောင်ပန်းခုံ)

ဆောင်ပန်းအိမ်ကို လှည်းအိမ်ကလေးဟုလည်း ခေါ်ကြသည်။ အထက်တွင် ဖော်ပြထားသည့် လှည်းအိမ်ကိုမူ လှည်းအိမ်ကြီးဟုခေါ်သည်။ လှည်းအိမ်ကြီးကဲ့သို့မကြီးသော်လည်း ဆောင်ပန်းအိမ် (ခေါ်) လှည်းအိမ်ကလေးမှာလည်း လှည်း၏ကျက်သရေဆောင်တစ်ခု ဖြစ်သည်။

ဆောင်ပန်းအိမ်၏ နောက်ပိုင်းအကျယ် ၂ ပေခွဲ၊ ရှေ့ပိုင်းအကျယ် လက်မ ၂၀၊ ရှေ့နောက်အရှည် ၃ ပေရှိသည်။ နောက်ပိုင်းကား၍ ရှေ့ပိုင်းရှူးသွားသည်။

### ဘားမချုပ်

ဆောင်ပန်းအိမ်၏ ရှေ့ထုပ်အစွန်းနှစ်ဖက်တွင် အပေါက်ဖောက်၍တိုင်ငယ်နှစ်တိုင် စိုက်ရသည်။ ဘားမချုပ်ဟုခေါ်သည်။ ဖြက် ၃ လက်မ၊ ဒုတစ်လက်မရှိ ပျဉ်ပြားအလယ်တွင် ဘားမတစ်ချောင်း စိုက်နိုင်ရန် အပေါက်ဖောက်ပေးရပြန်သည်။ “လှည်းသမား ဘားပါမှ” ဆိုသည့် စကားပုံအတိုင်း လမ်းခရီး၌ ချုံနွယ်များရှင်းလင်းရန်နှင့် အန္တရာယ်အသွယ်သွယ်မှ ကာကွယ်ရန်အတွက် ဘားကို လှည်းဦး၌ စွပ်ထားရခြင်း ဖြစ်ပါသည်။

### စွယ်ရန်း

ဘားမချုပ်တိုင်ပေါ်မှ အရှည် ၄ ပေခွဲရှိ ဝါး (သို့မဟုတ်) သစ်သားကိုအဖျားတစ်ဖက်တွင် ၆ လက်မချန်၍ စွပ်ရသည်။ ၄င်းကို “စွယ်ရန်း” ခေါ်သည်။

၄င်းစွယ်ရန်းအပေါ်မှ ဘားမချုပ်ရန်အပေါက်ဖောက်ထားသည့်ပျဉ်ပြားကို ထပ်စွပ်ရပြန်သည်။ စွယ်ရန်း၏နောက်ပိုင်းသည် ချုံ့၍ချဲ့၍ရသောကိရိယာဖြစ်သည်။ ဘားမချုပ်တိုင် ၂ ချောင်းကို မယိမ်းနိုင်အောင် စွယ်ရန်းကထိန်းပေးထားခြင်းဖြစ်သည်။

လှည်းမောင်းသူသည် ဤဆောင်ပန်းအိမ်ပေါ်မှနေ၍ နွားကိုမောင်းရသည်။ ဝန်စည်စလယ် တိုလီမုတ်စများ ဆောင်ပန်းအိမ်ပေါ်တင်ထားလေ့ ရှိကြသည်။ ထမင်းအိုး၊ ဟင်းအိုးစသည်များထားရန် အကောင်းဆုံးနေရာဖြစ်သည်။

### ဇင်တုံး (ဆင့်တုံး)

၄ လက်မပတ်လည်၊ အရှည် ၄ ပေခွဲရှိ ဇင်တုံးတစ်ခု အင်သား၊ သရက်သား စသည်ဖြင့် ပြုလုပ်ရသေးသည်။ လှည်းဝင်ရိုးနှင့် လှည်းတံတို့၏အပေါ်တွင် ဆင့်ထားသည့်တုံးဖြစ်၍ ဆင့်တုံးခေါ်ရာမှ ဇင်တုံးဟုဖြစ်လာဟန်ရှိပါသည်။ ဆင့်တုံးခေါ် ဇင်တုံးကိုထည့်မှ လှည်းအိမ်သည် အရှေ့နိမ့်၊ အနောက်မြင့် ဆင်ခြေလျှောသဏ္ဌာန်ဖြစ်လာပြီး ဝန်တင်သည့်အခါ စိတ်ချရသည့် အနေအထား ဖြစ်လာနိုင်ပါသည်။

### ဝန်ကော်

ဇင်တုံး၏အပေါ် ဘက်အလယ်ဗဟိုတွင် အထစ်တစ်ခုပြုလုပ်ပြီး သစ်သားချောင်းတစ်ချောင်း တပ်ဆင်ရပြန်သည်။ လှည်းတံနှစ်ချောင်း၏ အလယ်တည့်တည့်နေရာ၌တည်ရှိပြီး လှည်းအိမ်၌ တင်ထားသည့် ဝန်ပစ္စည်းများအား ကူညီထမ်းဆောင်ပေးသည့်သဘောဖြစ်သည်။ ဝန်ကူမှ ဝန်ကော် ဖြစ်လာသလောဟု စဉ်းစားဖွယ်ဖြစ်သည်။

### စွယ်မြှောင်

ဝန်ကော်၏ဘေးတစ်ဖက်စီတွင် ဝါးရင်းသားမာမာနှစ်ချောင်း ထပ်မံထည့်ရသည်။ ဝန်ကော်၏ ဘေးတစ်ဖက်စီမှမြှောင်လျက် ဝန်အလေးချိန်များကို ကူညီထမ်းဆောင်ထိန်းပေးသည်။

လှည်းတစ်စီးတွင် ချည်နှောင်တုပ်ဖွဲ့မှုများလည်း မရှိမဖြစ်ချေ။ သစ်သားနှင့် ဝါးများဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်၍ နီး၊ လျှော်၊ ကြိုး၊ ကြိမ်နှင့် သရေကြိုးများဖြင့် အသီးသီးတုပ်ဖွဲ့ချည်နှောင်မှုများ ပြုလုပ်ရသည်။ အတိုချုပ်ဖော်ပြရလျှင်–

**လှည်းဦးပွတ်တုပ်**။ ။လှည်းတံနှစ်ချောင်းပူးကပ်ဆုံစည်းသည့်နေရာတွင် သားရေကြိုးဖြင့်တုပ်ဖွဲ့ချည်နှောင်ခြင်းကိုဆိုလိုသည်။ လှည်းဦးပွတ်ကြိုးဟု ဆိုလိုသည်။

**ဖွံ့ (ဘွဲ့) ကြိုး**။ ။နွားနှစ်ကောင်ကို ထမ်းပိုးတင်ပြီး နွားလည်ပင်းအောက်မှလျှိုသွင်းကာ ထမ်းပိုးကျည်းတွင်စွပ်သည့် ကြိုးဖြစ်သည်။ ဘွဲ့ကြိုးဟုခေါ်ကြသည်။

**ရက်ဖောက်တုပ်ကြိုး**။ ။လှည်းတံနှင့် လှည်းအိမ်၏ရှေ့ထုပ်အုပ်မှ ဝါးရင်းသားတစ်ချောင်းဖြင့် တုပ်ထားသောကြိုးဖြစ်သည်။

**နောက်ညောင်းတုပ်ကြိုး**။ ။လှည်းအိမ်၏နောက်ဘောင်နှင့် လှည်းတံအထစ်များကို ချည်နှောင်သည့် ကြိုးဖြစ်သည်။

**ဝန်ကော်ပိုက်တုပ်ကြိုး**။ ။လှည်းအိမ်နောက်ထုပ်၏ အစွန်းနှစ်ဖက်နှင့် ဝန်ကော်စွယ်မြှောင်နှစ်ချောင်း၏အစွန်းများကို ဝါးရင်းသားမာမာဖြင့် ချည်နှောင်ထားသည့် ကြိုးဖြစ်သည်။

**ခါးတောင်းကျိုက်တုပ်ကြိုး**။ ။လှည်းဝင်ရိုးနှင့် လှည်းတံကို ဝါးရင်းသားနှင့်ညှပ်၍ တုပ်ထားသည့် ကြိုးဖြစ်သည်။

**ဆောင်ပန်းအိမ်တုပ်ကြိုး**။ ။ဆောင်ပန်းအိမ်၏ လက်ဝဲ၊ လက်ယာဘောင်နှစ်ဖက်နှင့် လှည်းတံကို ပူးတွဲတုပ်နှောင်ထားသည့်ကြိုး ဖြစ်သည်။

# ၉။ မြန်မာ့လက်မှုပညာ၏ အနှစ်သာရ

လှည်းကိုကြည့်ရမြင်ရသည်မှာ မြန်မာလူမျိုးတို့၏ တိုးတက်သစ်လွင်သောအယူအဆ၊ ဆန်းသစ်တီထွင်လိုသောဆန္ဒ၊ တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်မှုကို အခြေပြု၍ စုပေါင်းဖွဲ့စည်းတည်ဆောက်မှု၏အင်အားကို ယုံကြည်မှုနှင့်အားမာန်အပြည့်ပါရှိသည့် သရုပ်ပေါ်လွင်လှ၏။

သိပ္ပံပစ္စည်းမျိုးစုံပေါများနေသော်လည်း မြန်မာပီပီဇကက်ကိရိယာပစ္စည်းများ အားမကိုးဘဲ မိမိတို့၏ လက်ဖြင့် တီထွင်ပြုလုပ်ရခြင်းသည်သာလျှင် ရှေးရိုးစဉ်လာမပျက် အနုပညာလက်ရာပိုမိုပြောက်သည်ဟုခံယူကာ လှည်းနှင့်ပတ်သက်သည့်ယဉ်ကျေးမှုအနုပညာများကို တန်ဖိုးထားပြီး လက်ဆင့်ကမ်းထိန်းသိမ်းလာကြသည်များမှာ မြန်မာ့လက်မှုပညာ၏ အနှစ်သာရတစ်ရပ်ပင်ဖြစ်သည်။

## လှည်းနှင့် အဆင်တန်ဆာ

လှည်းနှင့် ပတ်သက်သည့် အဆင်တန်ဆာများမှာ နယ်မြေဒေသသို့လိုက်၍ အမျိုးမျိုးသုံးစွဲခေါ်ဝေါ်ကြပါသည်။ သို့သော် လှည်းအိမ်ကြီးမျိုးတွင် သုံးစွဲလေ့မရှိကြ။ လှည်းယဉ်ငယ်များ၌သာ အသုံးပြုကြသည်။ လှည်းယဉ်ကိုဆွဲသည့် နွားအလှဖြစ်စေရန်နှင့် လှည်းယဉ်အလှပေါ်လွင်စေရန် အသုံးပြုကြခြင်းဖြစ်သည်။ ၎င်းတို့မှာ–

၁။ ထိပ်အုပ်၊

၂။ ချကုံး၊

၃။ လက်ခွံပတ် (ပတ်ကြိုး)၊

၄။ ဘိုသိုင်း (ဘို့စည်း– ဝမ်းပတ်) နှင့်

၅။ ဒူးတိုက် (ပန်းဖွားသုံးဆင့်ရှိသည်) တို့ဖြစ်ပါသည်။

လှည်းအိမ်ကိုအစွဲပြု၍ (၁) ဆင်စွယ်ညွတ်၊ (၂) စင်ရော်တောင်နှင့် (၃) မွှန်းတည့်ကောက်ဟု ယာဉ်သုံးမျိုးသုံးစား ခေါ်ဝေါ်အသုံးပြုကြသေးသည်။ ၆ စထောင်၊ ၈ စထောင်ဟု ခေါ်ကြသော လှည်းယဉ်မျိုးဖြစ်သည်။

## လှည်းအမျိုးအစားများ

လှည်းပုံသဏ္ဍာန်သို့လိုက်၍ အခေါ်အဝေါ်အမျိုးမျိုးရှိကြသေးသည်။ ၎င်းတို့မှာ–

၁။ ချပ်ဘီးလှည်း၊

၂။ ဘီးစပ်လှည်း၊

၃။ ဝက်ခြံလှည်း၊

၄။ လှည်းယဉ်၊

၅။ ဂုဏ်လှည်း၊

၆။ ဒိုင်းလှည်း၊

၇။ ရွက်လှည်း နှင့်

၈။ စထောင်လှည်းဟု အမျိုးမျိုးရှိကြသေးသည်။

## မြန်မာ့လှည်းအစနှင့် ဗိသုကာပညာရှင်

မြန်မာ့လှည်းကိုပြုလုပ်ရာတွင် အဆင့်ဆင့် ပန်းပု၊ ပန်းပဲ စသည်များပါဝင်ရပြီး ယဉ်ကျေးမှု အနုပညာလက်ရာမြောက်ပစ္စည်းတစ်ခုဖြစ်သော်လည်း မြန်မာ့လှည်းကို စတင်တီထွင်ပြုလုပ်ခဲ့သူမှာ မည်သူဖြစ်သည်ကို အမှတ်အသားမရှိခဲ့၍ မသိရတော့ပေ။

သို့သော်လည်း လွန်ခဲ့သည့်နှစ်ပေါင်း ၁၃၀ ကျော်ခန့်က ရခိုင်ရိုးမတွင်ပေါက်ရောက်သည့် တောင်သရက်ပင်နှင့် သစ်ပုတ်ပင် ပါးပျဉ်းကြီးများကို လှည်းဘီးအဝိုင်း (ချပ်ဘီး) ဖြစ်အောင်တီထွင် ထုခဲ့ကြသည့် မြန်မာဗိသုကာပညာရှင် ညီအစ်ကိုနှစ်ဦးကို လေ့လာမှတ်သားခဲ့ရပါသည်။

ထိုပုဂ္ဂိုလ်နှစ်ဦးမှာ ဧရာဝတီတိုင်း၊ သာပေါင်းမြို့နယ်၊ သောင်ရွာမှ အစ်ကိုကြီး ဦးရွှေလွန်းနှင့် ညီဖြစ်သူ ဦးရွှေညိမ်းတို့နှစ်ဦး ဖြစ်ပါသည်။ ၎င်းညီအစ်ကိုနှစ်ဦး ဆောက်လုပ်ခဲ့သည့် လက်နှစ်ဖက်ခန့်ရှိ ဧရာမကျောင်းတိုင်ကြီးများအား သံတစ်ချက်မစွဲဘဲသစ်သားသပ်လျှိုသွင်း၍ ဆောက်လုပ်ထားသည် များကို ဧရာဝတီတိုင်း၊ သောင်ရွာ၊ သောင်ရွာကျောင်းကြီးတွင် ယနေ့တိုင်မြင်တွေ့နိုင်ပါသေးသည်။

ဗိသုကာပညာရှင် ညီအစ်ကိုနှစ်ဦး၏ မြေးတော်သူ တောင်သူ ဦးကြည်လှိုင် (အသက် ၆၄ နှစ်) ဒဂုံမြို့သစ် (တောင်ပိုင်း) နေသူ၏ ပြောပြချက်အရ ၎င်း၏အဖိုးများပြုလုပ်ခဲ့သည့် လှည်းဘီးဝိုင်းကြီး များအား လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကျော်ခန့်ကပင် မြင်တွေ့ရသေးကြောင်းနှင့် ကလေးများ ဆော့ကစားကြသဖြင့် ပျက်စီးသွားရခြင်းဖြစ်ကြောင်း ပြောပြပါသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့လက်မှုပညာများ သားစဉ်မြေးဆက်ထိန်းသိမ်းရေးနှင့် ရိုးရာအမွေ ဖော်ထုတ်ရေးတို့အတွက် မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြရန် အထူးလိုအပ်နေပေပြီ။

လှည်းပြုလုပ်ပုံ ဤမျှဆိုလျှင် ပြည့်စုံလောက်ပေပြီ။ လှည်းပြုလုပ်ပုံအဆင့်ဆင့်ကိုသိရှိမှ မြန်မာ့လှည်းကို ဆက်လက်ထိန်းသိမ်းမည့် နိုင်ငံတော်၏သားကောင်း၊ သမီးကောင်းများ လက်ဆင့်ကမ်းတာဝန်ယူဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။ မြန်မာ့လှည်းမှရသော ယဉ်ကျေးမှုအမွေ အနှစ်များ မဆုံးရှုံး၊ မပျက်စီး မပပျောက်စေရန် ထိန်းသိမ်းကြရပေမည်။ လှည်းနှင့်တိုက်၍သယ်ဆောင် ရသည့် ဆန်၊ စပါး၊ ပဲ၊ နှမ်း စသည့်ကောက်ပဲသီးနှံတို့ကို စားသောက်သုံးဆောင်ကြပြီး လှည်း၏ တန်ဖိုးကိုနားမလည်လျှင် မြန်မာပြည်၌ လူဖြစ်ရကျိုးနပ်မည်မဟုတ်ပါချေ။

# ၁၀။ အထွေထွေသုံးလှည်းများ

## လက်တွန်းလှည်း

လက်တွန်းလှည်းသည် အမျိုးမျိုးရှိကြသည်။ သို့သော်လည်း လှည်းဘီးကိုအခြေခံ၍ ဘီးသေးများကိုလိုသလိုတပ်ဆင်ကာ ကုန်ပစ္စည်းတင်ဆောင်ရန် အမျိုးမျိုးအသုံးချကြသည်။ နေရာတကာတွင် လက်တွန်းလှည်းမရှိ၍ မဖြစ်ချေ။

လက်တွန်းလှည်းမှာ လှည်းအကြီးများကဲ့သို့ တည်ဆောက်ပုံ ခက်ခဲမှုမရှိလှ။ သို့သော်လည်း ဘီးနှင့်ဝင်ရိုးကို အဆင်ပြေအောင် ပြုလုပ်ထားမှသာလျှင် ကုန်ပစ္စည်းတင်ဆောင်ရာတွင် လွယ်ကူသက်သာပေလိမ့်မည်။

လှည်းဆိုသည်မှာ လူအား (သို့) တိရစ္ဆာန်အားတို့ဖြင့်သာ ဘီးကိုလည်ပတ်စေသော ယာဉ်တစ်မျိုးဖြစ်ကြောင်း မြန်မာအဘိဓာန်အကျဉ်းချုပ်(အတွဲ ၄) ၌ပြဆိုထားပါသည်။ ထို့ကြောင့် လူ၏ အင်အားဖြင့် ဘီးကိုလည်ပတ်စေသည့် မြန်မာပြည်ဖြစ် လှည်းအမျိုးမျိုးတို့ကိုလည်း ထည့်သွင်းဖော်ပြလိုပါသေးသည်။

## ရေစည်လှည်း

ရေစည်လှည်းသည် လက်တွန်းလှည်းအမျိုးအစား လှည်းတစ်ခုဖြစ်သည်။ ကားဘီး (သို့မဟုတ်) သစ်သားဘီး ၄ ဘီးတို့ဖြင့် ရေစည်ထည့်ရန် ဝက်ခြံခြင်းတပ်ပြီး အသုံးပြုကြသည်။ (ရှေ့တစ်ဘီး၊ နောက်နှစ်ဘီးလည်း သုံးကြ၏။) နွားဆွဲသောလှည်းဖြင့် ရေစည်တင်သည့်အခါ ဆောင်ပန်းအိမ်နှင့် လှည်းအိမ်မကြီးကိုဖြုတ်၍ လှည်း၊ ရေစည်လှည်းအဖြစ် အသုံးပြုကြသေးသည်။ မိမိတို့နှစ်သက်သလို အမျိုးမျိုးသုံးစွဲကြခြင်းသာ ကွာခြားပါသည်။



ရေစည်လှည်း (ဆီဆေး)
(ပန်းချီ ရွှေနိုးဟန်)

## ချယ်ကာရီလှည်း

ချယ်ကာရီလှည်းမှာ လက်တွန်းလှည်းအမျိုးအစားဝင် ဝန်တင်လှည်းပင်ဖြစ်သည်။ လှည်းဘီးမှာ လှည်းဘီးအကြီးစားနှစ်ဘီးပါဝင်ပြီး လှည်းအိမ်ကြမ်းရိုက်ကာ လက်တွန်းလှည်းအဖြစ် အသုံးပြုကြသည်။

မြို့တွင်းသို့ လှည်းမဝင်ရသည့်နေရာဒေသများတွင် လူဆွဲ (လူတွန်း)ယာဉ်အဖြစ် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ကြသည်။ လှည်းဘီး နှစ်ဘီးကိုမူ နွားဆွဲသည့်မြန်မာ့လှည်း၌သုံးသော လှည်းဘီးမျိုး (သီးခြားပြုလုပ်၍) အသုံးပြုကြပါသည်။

## လန်ချားလှည်း

အင်္ဂလိပ်အုပ်ချုပ်စဉ်က မြန်မာနိုင်ငံတွင် လူဆွဲသောနှစ်ဘီးတပ် လူစီးယာဉ်တစ်မျိုးကို လန်ချာလှည်းဟုခေါ်ကြသည်။ ကုလားလူမျိုးများ လုပ်ကိုင်စားကြသည်။ ယခုအချိန်တွင် မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သည်ကြောင့် တစ်ကြောင်း၊ လူသားအချင်းချင်း စာနာစိတ်မရှိသည့်သဘောသက်ဝင်နေသည်က တစ်ကြောင်းတို့ကြောင့် လန်ချားလှည်းများကို အသုံးပြုခွင့်မပေးတော့ချေ။




လန်ချားလှည်း

ဤမျှဆိုလျှင် လှည်းအုပ်စုဝင် မြန်မာ့လှည်းများ၏အရေအတွက်ပြည့်စုံလောက်ပြီ ထင်ပါသည်။

ဘုရားစေတီများတွင် ရွှေသင်္ကန်းကပ်ခြင်း၊ ထီးတော်တင်ခြင်း၊ ဆည်းလည်းလှူဒါန်းခြင်း... စသည်တို့တွင်လည်း မြင်းရထား (လှည်း)၊ ပန်းရထား(လှည်း) ပုံသဏ္ဌာန်ပြုလုပ်၍ စက်သီးကြိုးဖြင့် တင်လှူလေ့ရှိကြပါသည်။ စက်မပါသည့်ဘီးတပ်ယာဉ်များအား ရထား (သို့) လှည်းဟူ၍ ခေါ်ခဲ့ကြသည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။

နေရာဒေသသို့လိုက်၍ ဘုန်းကြီးပျံလှည်းများ၊ မယ်တော်ပျံ ဘိုးတော်ပျံလှည်းများလည်း ရှိပါသေးသည်။ သို့သော်လည်း ရိုးရိုးမြန်မာ့နွားလှည်းပေါ်တွင် မွမ်းမံပြင်ဆင်ကြခြင်းမျှသာ ထူးခြားချက်ရှိ၍ အထူးမဖော်ပြလိုတော့ပါ။

# ၁၁။ လှည်းပြိုင်ပွဲများ

လူကြီး လူငယ်မရွေး ကြိုက်နှစ်သက်မှုရှိကြပြီး တောင်သူဦးကြီးများ၏ စိတ်ပါဝင်စားမှုအများဆုံး ရရှိသော မြန်မာ့လှည်းပြိုင်ပွဲများအကြောင်း အနည်းငယ်မျှ ထုတ်ဖော်တင်ပြပါဦးမည်။

အဘယ့်ကြောင့်ဆိုသော် လှည်းပြိုင်ပွဲသည် မြန်မာ့နွား၊ မြန်မာ့လှည်းနှင့် မြန်မာလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအနှစ်သာရများ ပါဝင်နေ၍ဖြစ်ပါသည်။

တောနယ်ကျေးလက်ဒေသများ၌ နွားပြိုင်ပွဲ၊ လှည်းပြိုင်ပွဲများမှာ ရိုးအီနေကြသယောင်ထင်ရသော်လည်း ရန်ကုန်မြို့ကြီးတွင် ပထမဦးဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ မြင်းပြိုင်ကွင်း (ကျိုက္ကဆံကွင်း) တွင် ၁၉၅၅ ခုနှစ်၊ မေလ ၁ ရက် (မေဒေးနေ့) က ကျင်းပပြုလုပ်ခဲ့ဖူးသည်ဟု ဆိုပါသည်။ အနယ်နယ်အရပ်ရပ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် လှည်းများအား ထိုနေ့တွင် ဗိုလ်လုပွဲကျင်းပပြီး ဆုများချီးမြှင့်ခဲ့သည်ဟု သိရပါသည်။

လှည်းပြိုင်ပွဲ၌ အမှတ်ပေးပွဲ၊ အနိုင်အရှုံးဖြတ်ပုံနှင့် အခြားသိမှတ်ဖွယ်ရာ စည်းကမ်းဥပဒေများမှာလည်း မြန်မာ့ ယဉ်ကျေးမှုနှင့် ရိုးရာထုံးထမ်းဓလေ့များကို လေ့လာရှာဖွေသုတေသနပြုလိုသူတို့အတွက် ဖော်ပြလိုပါသည်။

နွားလှည်းပြိုင်ပွဲကို ဒုတိယကမ္ဘာစစ်မတိုင်မီကပင် ကျင်းပခဲ့ကြောင်း သိရသော်လည်း လွတ်လပ်ရေးရပြီးနောက်မှပို၍ ခေတ်စားလာခဲ့ခြင်းဖြစ်ပါသည်။ အထူးသဖြင့် လွတ်လပ်ရေးနေ့များတွင် လှည်းပြိုင်ပွဲကိုထည့်သွင်းကျင်းပပြီး မြန်မာတို့၏ရိုးရာယဉ်ကျေးမှုများရှင်သန်ထက်မြက်စေရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

**ပြိုင်ပွဲစည်းကမ်းချက်များ**

လှည်းပြိုင်ပွဲတွင် စည်းကမ်းသတ်မှတ်ချက်များမှာ နယ်မြေဒေသသို့လိုက်၍ ကွဲလွဲတတ်ပါသည်။ သို့သော် အများအားဖြင့် အောက်ပါစည်းကမ်းချက်များကို လိုက်နာကြရပါသည်။

နွားအလှအပြေးပြိုင်တွင် နွားတစ်ရှဉ်းစီကသောလှည်းယာဉ်နှစ်စီးသည် ဘယ်လမ်း၊ ညာလမ်း ပြောင်း၍ ၃ လား(သုံးချီ)ပြေးရမည်။ ၄င်းသုံးလားအနက် နှစ်လားနိုင်သည့် လှည်းယဉ်ကအနိုင်ရရှိသည်။ ဒုတိယအလားတွင်ဖြစ်စေ၊ တတိယအလားတွင်ဖြစ်စေ ရှေ့ကပန်းဝင်တိုင်းအနိုင်ဟု မသတ်မှတ်ရ။

နွားနှစ်ကောင် ဘယ် ညာ တစ်ဖက်စီ ကထားရာတွင် နွားပြေး (ဘယ်ဘက်မှ နွား) သည်လှည်းကို အပြေးသယ်ဆောင်ရမည်။ နွားလိုက် (ညာဘက်မှနွား)က အသားကျခွာလုံးဝင်အဖောက်အပြန်မရှိ လိုက်နိုင်ရမည်။

ညာဘက်မှ နွားလိုက်အသားကျပြေးရာတွင်–

(၁) သမင်ပြေး၊ (၂) ကြက်ပြေး၊ (၃) လက်ခြေမချိုးဘဲပြေးသောအပြေး၊ (၄) ယှက်လက်စုံကျဝဲပြန်ပြေး၊ (၅) နောက်ခြေစုံကျဆင်ပြန်ပြေးနှင့် (၆) သုံးချောင်းထောက်ပြေးနည်းမျိုးဖြင့်မပြေးရ။ ယင်းကဲ့သို့ ခြေဖောက်ပြေးနည်းမျိုး နှစ်ကြိမ်ထက်ပိုဖြစ်ခဲ့လျှင် အပယ်ခံရမည်။ ပြေးလမ်းကိုက် ၃၀၀ ခန့်ရှိသည်။

ဤကား နွားအလှအပြေးပြိုင်ပွဲအတွက်ဖြစ်သည်။

Scanned by CamScanner

နွားခုံးပြိုင်ပွဲ (ခေါ်) ရိုးရိုးနွားလှည်းပြိုင်ပွဲကိုမူ နွားအလှအပြေးပြိုင်ပွဲကဲ့သို့ ခြေဖော်ကိုပြန်ခြင်း စသည့် စည်းကမ်းသတ်မှတ်ခြင်းမျိုးမရှိချေ။

ပြေးရာတွင် ကြိုက်နှစ်သက်သလို ပြေးနိုင်ပြီး၊ ရှေ့ဆုံးမှ သတ်မှတ်ထားသော စည်းကြောင်းအတိုင်း ဖြောင့်ဖြောင့်မတ်မတ်ပန်းဝင်နိုင်လျှင် ပထမဆုချီးမြှင့်ခြင်းခံရသည်။ တာလွှတ်သည့်နေရာနှင့် ပန်းဝင်သည့်နေရာသည် ကိုက် ၁၀၀၀ ခန့်ရှိသည်။

သို့ရာတွင် လှည်းပြိုင်ပွဲနှင့် နွားအလှအပြေးပြိုင်ပွဲများ၌ ပုဆိုး၊ ဦးထုပ်၊ ခေါင်းပေါင်း၊ တဘက်၊ နှင်တံစသော လှည်းပေါ်ပါ ပစ္စည်းကိုရိယာကစ်ခုခုကျန်ရစ်ခဲ့မှုမရှိစေရပါ။ ထို့ပြင် လှည်းမောင်းသူများအားလုံးသည် မူးယစ်သောက်စားထားခြင်းမရှိစေရ။ မိမိတို့၏နွားကို ၅ ချက်ထက်ပို၍ ရိုက်နှက်မောင်းနှင်ခြင်းမပြုရချေ။

အထက်ပါစည်းကမ်းချက်များနှင့် ညီ မညီ ပြိုင်ပွဲကျင်းပသည့် ကော်မတီမှ လွှတ်ဒိုင်၊ မှန်းဒိုင်၊ ဝင်ဒိုင် စသည့် ဒိုင်လူကြီးများက အနိုင်အရှုံး ဆုံးဖြတ်ပေးကြရသည်။

ဤကား လှည်းပြိုင်ပွဲများနှင့် စပ်လျဉ်း၍ ရှေးရိုးစဉ်လာမှတ်သားထိုက်သည့် စည်းကမ်းဥပဒေများ ဖြစ်ပါသည်။

# ၁၂။ သမိုင်းဝင်မြန်မာ့လှည်းများ

## အရေးတော်ပုံအတွင်းမှ မြန်မာ့လှည်း

၁၃၀၀ ပြည့် အရေးတော်ပုံတွင် ရာဇဝင်စာတင်ခဲ့ခဲ့ရသည့် သာယာဝတီနယ်မှ ဆရာစံသည် သာယာဝတီ (အလံတောင်) မှ ရှမ်းပြည်ပါဝမ်းစခန်းသို့ရွှေ့ပြောင်း၍ မျိုးချစ်ပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆွေးနွေးနိုင်ရန်အတွက် စည်းရုံးရေးဆင်းစဉ်အချိန်ကလည်း ဘုန်းတော်ကြီး (ဦးဉာဏ) ဟန်ဆောင်ကာ ရှမ်းပြည်ဘက်သို့ မြန်မာ့လှည်းဖြင့် လိုက်ပါသွားပုံကိုလည်း သုတေသီများ သတိပြုမိကြပါလိမ့်ဦးမည်။

## ဂျပန်လွတ်လပ်ရေးခေတ် မြန်မာ့လှည်း

ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ဘီအိုင်အေ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး စစ်တောင်း မြစ်ဝှမ်းအနီးသို့ ရောက်ရှိလာသောအခါတွင် တိုင်းရင်းသားပြည်သူအများက မြန်မာ့လှည်းများဖြင့် ဝမ်းပန်းတသာ ကြိုဆို၍ ကူညီပို့ဆောင်ပေးခဲ့ကြသည်မှာလည်း သမိုင်းထင်ရှား ရှိပါသေးသည်။

## တော်လှန်ရေးအစိုးရခေတ် မြန်မာ့လှည်း

တော်လှန်ရေးအစိုးရခေတ်တွင်ကား မြန်မာ့လှည်း၏အခန်းကဏ္ဍပို၍ ပီပြင်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် တည်ဆောက်ပြုပြင်ရေးကာလဖြစ်သည့်အားလျော်စွာ လုပ်အားများစွာကို အသုံးပြု၍ နိုင်ငံတော်စည်ပင်ဖွံ့ဖြိုးရေးများကို ဆောင်ရွက်ခဲ့ကြသည်။ ဆည်မြောင်းတာတမံကြီးများ မနားမနေ တည်ဆောက်ပြုပြင်ခဲ့ကြ၏။

ထို့ကြောင့် မြန်မာ့လှည်းများသည် တောကြိုမြောင်ကြားထား၍ မရတော့ချေ။ လယ်ယာ လုပ်ငန်းခွင်၌သာမက တည်ဆောက်ရေးလုပ်ငန်းများတွင် အဓိကဝန်ဆောင်အဖြစ် မြန်မာ့လှည်း၏ အခန်းကဏ္ဍ ကျယ်ပြန့်ခဲ့၏။

ညောင်ဦးမြို့နယ်မှ တူရွင်းတောင်ဆည်ကြီးကို တည်ဆောက်ခဲ့ရာတွင် ကျောက်များကို လှည်းတသီတတန်းကြီးဖြင့် အင်တိုက်အားတိုက် သယ်ဆောင်၍မြန်မာ့လှည်းများအားအသုံးပြုခဲ့ကြ သည်။ အခြားသော ပြည်နယ် /တိုင်းဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင်လည်း မြန်မာ့လှည်းများကို အများအပြားအသုံးပြုခဲ့ကြရသည်။

## မျက်မှောက်ခေတ် မြန်မာ့လှည်း၏ အခန်းကဏ္ဍ

ဘုရင်ခေတ်မှ အစပြုကာ ခေတ်အသီးသီးတွင် မြန်မာ့လှည်း၏ အခန်းကဏ္ဍ အရေးပါခဲ့ပုံများမှာ ပြည့်စုံသင့်သလောက် ပြည့်စုံသည်ဟုဆိုနိုင်ပြီဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင်မူ ရှေးခေတ်လက်ရာအကြွင်းအကျန်အဖြစ် အမြတ်တနိုး ထိန်းသိမ်းထားကြသည်ကို တွေ့ရပါသည်။ နွားဆွဲသည့် လှည်းကြမ်းကြီးမျိုးကိုမူ ယနေ့တိုင်အောင် တောင်သူဦးကြီးများနှင့် တိုင်းရင်းသားပြည်သူအများ အသုံးပြုနေကြဆဲပင် ဖြစ်ပါသည်။

သို့သော်လည်း လှည်းစာဆီဖိုးအတွက်ဆိုပြီး သက်ဆိုင်ရာအစိုးရများထံ တန်းစီမထိုးကြပါ။ လှည်းဖိုးဆိုပြီး ငွေကြေးနှင့် သစ်ဝါးစသည်တို့ကို အစိုးရများသို့ နားပူနာဆာမပြုလုပ်ကြပါ။

လှည်းအတွက် အာမခံကြေးများရအောင် မဆောင်ရွက်ကြပါ။ ချုံ၍ဆိုရလျှင် တတ်သမျှ မှတ်သမျှဖြင့် လှည်းကိုပြုပြင်တည်ဆောက်ကြသည်။ ကိုယ့်အားကိုယ်ကိုးကြပါသည်။ တိုင်းရင်းသားလူမျိုးများ၏ မြတ်နိုးဖွယ် ချစ်ဖွယ်ကောင်းသည့် ဓလေ့များဖြစ်ပါသည်။

ယခုနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (တပမတော်)၏ စီစဉ်ဆောင်ရွက်ပေးချက် အရ လှည်းနှင့်နိုင်းနွားအတွက် ကြိုတင်စားရိတ် (ထုတ်ချေးငွေ) များကို တိုင်းရင်းသား တောင်သူဦးကြီး တို့ရရှိခံစားနေရကြောင်း ကြားသိရသဖြင့် အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါသည်။ မြန်မာ့လှည်း၏ အခန်းကဏ္ဍအရေးပါပုံတို့ကို သိမြင်လာကြသည့်အတွက် ကျေးဇူးရှင်များအား ကျေးဇူးဆပ်နေသည် ဟုပင် ရိုးသားစွာ ယုံကြည်မိပါတော့သည်။

မျက်မှောက်ကာလမှစ၍ နောင်အနာဂတ်ကာလတစ်မျှော်တစ်ခေါ် အထိ မှန်းဆကြည့်လိုက်ပါ လျှင်လည်း မြန်မာ့မြေ၊ မြန်မာ့ရေနှင့် မြန်မာ့လူနေမှုစရိုက်အားလျော်စွာ မြန်မာ့လှည်း၏အခန်းကဏ္ဍ သည် ဧရာဝတီမြစ်အစဉ်မပြတ် စီးဆင်းနေသည့်ပမာ မြန်မာ့မြေပေါ်တွင် ခရီးနှင်နေဦးမည်ဟုသာ ယုံကြည်မိပါတော့သည်။

ထို့ကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့အနေဖြင့် မြန်မာ့လှည်း၏အရေးပါခဲ့ပြီး၊ ပါနေဆဲ၊ ပါလတ္တံ့ဖြစ်သည်များကို မျက်ခြည်မပြတ် သတိချပ်လျက် အဟောင်းကိုလည်း ထိန်းသိမ်းရန်လို၏။ အကောင်းကိုလည်းပို၍ကောင်းအောင် အားထုတ်ဖို့သင့်၏။ လိုအပ်သည်တို့ကိုလည်း ဖြည့်တင်း ဆောင်ရွက်ပေးရန်လို၏။ သို့မှသာ မြန်မာ့လှည်းများသည် ခေတ်ကာလသို့လိုက်၍ အစဉ်အမြဲ ခေတ်မီ နေမည်သာဖြစ်ပါသည်။

# ၁၃။ ဂျပန်လွတ်လပ်ရေးခေတ် မြန်မာ့လှည်းတံဆိပ်ခေါင်း

မြန်မာလှည်းနှင့်ပတ်သက်၍ စစ်အတွင်း မြန်မာနိုင်ငံမှထုတ်ဝေခဲ့ဖူးသည့် တံဆိပ်ခေါင်း တစ်မျိုးကို တင်ပြလိုပါသည်။

ဒုတိယကမ္ဘာစစ် မြန်မာနိုင်ငံသို့ ကူးစက်လာသည့် ၁၉၄၂ ခုနှစ်၊ မေလတွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) သည် မြစ်ဝကျွန်းပေါ်ဒေသတစ်လျှောက်ကို တာဝန်ယူအုပ်ချုပ်နေစဉ်ကာလအတွင်း ပဥ္စမမြောက် ဂျော့နှင့် ဆဋ္ဌမမြောက် ဂျော့ဘုရင်ဦးခေါင်းပုံ တံဆိပ်ခေါင်းများအား ကနေသော ဥဒေါင်းပုံတံဆိပ်များ ထပ်ဆင့်ရိုက်နှိပ်အသုံးပြုခဲ့ပါသည်။

ဂျပန်ခေတ်တွင် ခေါင်းတံဆိပ်ထပ်ဆင့်ရိုက်ထားသည့် ဂျော့ဘုရင်ခေါင်းပုံတံဆိပ်ခေါင်းများအား အသုံးပြုခြင်းမှ ရပ်စဲလိုက်ပြန်သည်။

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်အစိုးရပေးသည့် လွတ်လပ်ရေးကိုရရှိခဲ့ပြန်ရာ ဂျပန်ခေတ် မြန်မာနိုင်ငံတော်အစိုးရသည် "ဗမာနိုင်ငံတော်အစိုးရ" စာတန်းပါတံဆိပ်ခေါင်းကိုးမျိုး အသုံးပြုခဲ့သည်။

ထိုကိုးမျိုးတွင် ရှမ်းပြည်နယ်မှ ထုတ်ဝေသည့် ပေါင်းမိုးနှင့် နွားလှည်းတစ်စီးပုံ ထူးထူးခြားခြား ပါရှိခဲ့သည်ကို တွေ့ရပါသည်။

မျက်မှောက်ကာလအထိ မြန်မာ့လှည်းပုံတံဆိပ်ခေါင်းဟူ၍ အဆိုပါ ပေါင်းမိုးနှင့် နွားလှည်းတစ်ပုံမှလွဲ၍ ကျွန်ုပ်တို့ ရှာဖွေမတွေ့ရှိမိသေးချေ။ မြန်မာ့လှည်းကြမ်းနှင့် လှည်းယဉ်ပုံများ တံဆိပ်ခေါင်းနှင့် ငွေစက္ကူပေါ်တွင် ရိုက်နှိပ်ထုတ်ဝေပါက အဆင့်အတန်းနိမ့်ကျသည်ဟု ထင်ယောင်ထင်မှား သံသယဖြစ်ကြလေသလော မပြောနိုင်ပေ။

မည်သို့ဆိုစေကာမူ ဂျပန်လွတ်လပ်ရေးခေတ် မြန်မာနိုင်ငံထုတ် တံဆိပ်ခေါင်းများထဲတွင် ပေါင်းမိုးနှင့် မြန်မာ့လှည်းတစ်စီးပုံ (၂ ဆင့်တန်) ပေါ်တွင် " ဗမာနိုင်ငံတော်" စာတန်းကို ဇောက်ထိုးပြောင်းပြန်ရိုက်နှိပ်ထားသည့် (မသုံးရသေးသော) တံဆိပ်ခေါင်းမှာ တန်ဖိုးငွေ ၆၀၀ (ခြောက်ရာကျပ်) ခန့်နှင့် သုံးပြီး ၇၀၀ (ခုနစ်ရာကျပ်) ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ့လှည်းအကြောင်း တင်ပြသည့် စာမူ (စာအုပ်) ဖြစ်၍ သမိုင်းဝင် မြန်မာ့လှည်းပုံပါရှိသည့် တံဆိပ်ခေါင်းအကြောင်းကိုလည်း အလျဉ်းသင့်၍ ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

# ၁၄။ ယောက်ကော်ပြတိုက်ရှိ ချပ်ဘီးလှည်းဘီး

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြို့နယ် (တောင်ပိုင်း) ယောက်ကော်ကျောင်းတိုက်ကြီးအတွင်းရှိ ယောက်ကော်ပြတိုက်တွင် ချပ်ဘီးလှည်းဝိုင်းကြီးတစ်ခုကို တွေ့ရှိရပါသည်။

ထိုချပ်ဘီးလှည်း၏သမိုင်းကြောင်းကို ယောက်ကော်အဖေကြီး(ယောက်ကော်ဆရာတော် ဖောင်း) အား မေးမြန်းကြည့်ရာ... လွန်ခဲ့သည့်နှစ်ပေါင်း ၁၂၀ ခန့်က မွန်လူမျိုးများအသုံးပြုခဲ့သည့် လှည်းဘီးဖြစ်ကြောင်း ရှင်းလင်းပြောပြခဲ့ပါသည်။

ယောက်ကော်အဖေကြီး ပြောပြချက်အရ ချပ်ဘီးလှည်းကို သကီန်းသားအနှစ်ဖြင့် ထွင်းထုထားကြောင်း သိရပါသည်။ ကျွန်းသားသည် ချပ်ဘီးပြုလုပ်ရာ၌ အလွန်ခက်သဖြင့် ရှေးကမပြုလုပ်ကြကြောင်းကိုလည်း ဗဟုသုတဖြစ်ဖွယ် သိရှိခဲ့ရပါသည်။

"စပ်ဘီးလှည်း" ယခင်က ယောက်ကော်ပြတိုက်၌ရှိခဲ့သော်လည်း နိုင်ငံတော်မှ တာဝန်ယူ ထိန်းသိမ်းထားကြောင်း သိရှိခဲ့ရပါသည်။

ယခုရှိနေသည့် ချပ်ဘီးလှည်းဝိုင်းကြီးမှာ သထုံဇင်းကျိုက် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ ရရှိခဲ့ခြင်းဖြစ်ကြောင်းကိုလည်း သိရှိမှတ်သားခဲ့ရပါသည်။

ထို့ပြင် ကျန်တစ်ဘီးမှာ ရေချိုး၊ အဝတ်လျှော်ရာ၌ အောက်ခံအဖြစ် အသုံးပြုထားကြသဖြင့် တစ်ဝက်ခန့်ပျက်စီးနေပြီဖြစ်၍ (ဝယ်ယူသော်လည်း) မရရှိခဲ့ကြောင်း ဝမ်းနည်းဖွယ်ကြားသိခဲ့ရပါသည်။

ယောက်ကော်ပြတိုက်ရှိ ချပ်ဘီးလှည်းဘီးကြီးအား တိုင်းတာကြည့်ရာ–

အလျား ၄ ပေနှင့် ၉ လက်မခွဲ၊ ဝင်ရိုးပေါက်အစွန်းမှ အဆုံးအထိ ၂ ပေနှင့် ၂ လက်မ၊ ဝင်ရိုးပေါက်အချင်း ၆ လက်မ၊ ဝင်ရိုးအနက် ၆ လက်မတိတိရှိပါသည်။

ချပ်ဘီးလှည်းဝိုင်းဘီးခြေ၏ထုမှာ ၃ လက်မတိတိဖြစ်ပါသည်။

မပျောက်ကောင်း၊ မပျက်ကောင်း လွန်ခဲ့သည့် နှစ်ပေါင်း ၁၂၀ ခန့်က ရှေးဟောင်းမြန်မာ့ချပ်ဘီးလှည်းဘီးကြီးကို မြင်တွေ့ခဲ့ရသည်မှာ ရှေးမြန်မာ့တိုင်းရင်းသားများ အသုံးပြု ခဲ့သည့် ယဉ်ကျေးမှု အမွေအနှစ် ,ပစ္စည်းဖြစ်သည့်အလျောက် တန်ဖိုးဖြတ်မရသည့် အဖိုးတန်ရတနာပစ္စည်းတစ်ခုကို မြင်တွေ့ရသကဲ့သို့ပင် ခံစားမိပါသည်။

ချပ်ဘီးလှည်းဘီးကို တစိမ့်စိမ့်ကြည့်၍ မြန်မာပြည်ရှိ သစ်ပင်ကြီးများ၏ သန်မာကြီးထွားပုံ၊ စည်ပင်ပြန့်ပွားခဲ့ပုံနှင့် ရာသီဥတုကောင်းမွန်ခဲ့ပုံများကို သုံးသပ်မိပါသည်။ ဤမျှကြီးမားလှသည့် သစ်ပင်ကြီးများအား ရှေးကမည်သို့မည်ပုံ ခုတ်လှဲပုံ၊ ဝိုင်းဖြတ်ပုံ၊ လက်ရာမြောက်စွာထွင်းထုခဲ့ပုံနှင့် လှည်းဘီးအဖြစ်အသုံးပြုခဲ့ကြပုံစသည်တို့မှာလည်း လက်ဖျောက်တီး၍ အံ့ချီးလောက်ဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုအတတ်ပညာများ ဖွံ့ဖြိုးမှုရှိခဲ့ကြောင်း သမိုင်းအထောက်အထားတစ်ရပ်ဖြစ်သည်ဟု ခံယူမိပါသည်။

# ၁၅။ တိမ်မြုပ်နေသည့် ချပ်ဘီးလှည်းများ

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်တစ်ခုတွင် ချပ်ဘီးလှည်းဘီးရောင်းရန်ရှိကြောင်းသတင်းကြားရသဖြင့် လေလာစုံစမ်းကြည့်ပါသေးသည်။

သို့သော် ရှေးဟောင်းသုတေသနဌာနမှ သိမ်းဆည်းရန် လာရောက်စုံစမ်းသည်ထင်သဖြင့် မကြည့်ခဲ့ရပါ။ မြန်မာ့မြေပေါ်၌ ပေါက်ရောက်သည့် သစ်ပင်မှ အသားဖြင့် မြန်မာ့မြေပေါ်တွင် အသုံးပြုခဲ့ကြသည့်မြန်မာ့ရိုးရာချပ်ဘီးလှည်းကြီးများ၊ နှစ်ကာလ ၇၀၊ ၈၀ အတွင်း၊ တိမ်မြုပ်ပျောက်ကွယ်ခဲ့ရခြင်းမှာ လွန်စွာနှမြောဖို့ကောင်းလှပါသည်။

ခေတ်အဆက်ဆက် အသုံးပြုခဲ့ကြသည့် ချပ်ဘီးလှည်း၊ စပ်ဘီးလှည်းများအား ရနိုင်သမျှဖွေရှာ၍ဖြစ်စေ၊ အသစ်တီထွင်ပြုလုပ်၍ဖြစ်စေ ပြည်သူအများ လေ့လာကြည့်ရှုနိုင်ရန်အတွက် ပြသထားရှိနိုင်ပါမူ ရှေးမြန်မာ ဗိသုကာကြီးများ၏ ရှေ့ပြေးတီထွင်ကြံဆမှုနှင့် မြန်မာ့ရိုးရာ၊ အနုပညာနယ်ပယ် ကျယ်ပြန့်ခဲ့မှုများကို မြန်မာတိုင်းရင်းသားပြည်သူများလေ့လာ ဆည်းပူးနိုင်ကြမည် ဖြစ်ပါသည်။



ချပ်ဘီးလှည်း
ဝိုင်းကြီး

# ၁၆။ သိမ်ချောင်းရွာမှ မြန်မာ့လှည်းယဉ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြို့နယ် (တောင်ပိုင်း) အမှတ် (၂၁) ရပ်ကွက်၊ သိမ်ချောင်း (ရွာမ) ရွာ၊ ဦးမောင်လှိုင်၊ ဒေါ်သန်းကြွေ အိမ်တွင် မြန်မာ့လှည်းယဉ်တစ်စီးကို တွေ့မြင်လေ့လာခွင့် ရရှိခဲ့ပါသည်။

လှည်းယဉ်သည် လွန်ခဲ့သည့် နှစ် ၉၀၊ ၁၀၀ ခန့်က လက်ရာဖြစ်ပါသည်။ ကက်အိမ် (လှည်းအိမ်) နောက်မြီးကို လေ့ပဲ့ပိုင်းသဏ္ဍာန်ကွေးညွတ်ထားပုံမှာလည်း မြူးကြွလှပါသည်။ ဆောင်ပန်းအိမ်မှာမူ ရှေးလက်ရာမဟုတ်တော့ဘဲ အသစ်ပြန်လည်တပ်ဆင်ထားခြင်းဖြစ်သည်ကို တွေ့ရပါသည်။

ထူးခြားချက်တစ်ခုမှာ သံတစ်ချက်မှ မစွဲဘဲ၊ သစ်သားစို့ဖြင့်သွင်း၍ သေသပ်စွာပြုလုပ်ထားခြင်းပင်ဖြစ်ပါသည်။ လယ်ယာမြေများ ရိတ်သိမ်းပြီးလမ်းများကောင်းမွန်သည့်အချိန်မှသာလျှင် လှည်းယာဉ်ကို ပြင်ဆင်ထားလေ့ရှိသဖြင့် လှည်းယဉ်ပစ္စည်းများအား ဟိုတစ်စ သည်တစ်စ ကြည့်ရှုခဲ့ရသည်မှာ အားမရခဲ့ပါ။ ရှင်ပြု–ရဟန်းခံနှင့် မင်္ဂလာပွဲ စသည့်မင်္ဂလာနှင့်သက်ဆိုင်ရာ အခါများ၌သာ ဘိုးဘွားစဉ်ဆက်မှစ၍ အသုံးပြုလေ့ရှိကြောင်း သိရှိရပါသည်။

လှည်းဒေါက်(ကန့်ကူတံ) ၁၈ ချောင်းတိတိရှိပါသည်။
လှည်းဦးငှက်အဖြစ် တစ်တောင်ခန့်ရှိ သူငယ်တော်ရုပ်ကို တွေ့ရှိခဲ့ရပါသည်။


## ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းမှ အပျော်စီးလှည်းယဉ်များ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (တပ်မတော်) ၏ စီစဉ်ဆောင်ရွက်မှုကြောင့်၊ ရွှေတိဂုံစေတီတော် (အနောက်မုခ်) နှင့်ပြည်သူ့လွှတ်တော်အကြား၌တည်ရှိသော ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ကြီးအတွင်းတွင် အပျော်စီး မြန်မာ့လှည်းယဉ်သုံးစီးကို တွေ့ရှိရပါသည်။

ရည်ရွယ်ချက်မှာ မြန်မာ့ရိုးရာဓလေ့များ မပပျောက်စေရေး၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ပြည်သူအများ မြန်မာ့လှည်းယဉ်နှင့် ထိတွေ့စေရေးတို့အတွက် ဖြစ်ကြောင်း သိရှိရပါသည်။ ရန်ကုန်မြို့ကြီးတွင် မြန်မာ့လှည်းယဉ်ကို အပျော်စီးသက်သက်စီစဉ်ထားပေးနိုင်ခြင်းမှာ ပထမဦးဆုံးဟု မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။

လှည်းယဉ်သုံးစီးအား အမှတ် (၁)၊ အမှတ် (၂) နှင့် အမှတ် (၃)ဟု နံပါတ်တပ်ထားပါသည်။
အမှတ် (၁) လှည်းယဉ်၏ ဆောင်ပန်းအိမ်ထိပ်တွင် (၁၄– ၂– ၉၀)ဟု ရက်စွဲပါရှိသဖြင့် မကြာသေးမီကာလက တည်ဆောက်ပြီးစီးသော လှည်းယဉ်ဖြစ်ကြောင်း သိရပါသည်။ "KHIN" ဟု စာတန်းထိုးထားသည်မှာ လှည်းယဉ်ပြုလုပ်သည့် ပေါင်းတည်မှ "ဗိသုကာ ဆရာခင်" ဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။

ထိုလှည်းယဉ်ကို ကျွန်း၊ ပိတောက်နှင့် ပျဉ်းကတိုးတို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်၍ တာရှည်ခိုင်ခံ့လိမ့်မည်ဟု ခန့်မှန်းရပါသည်။ လှည်းဘီးဒေါက် (ကန့်ကူတံ) ၁၆ ချောင်း ရှိပါသည်။ နဂါးနှစ်ကောင်ကို ဆောင်ပန်းအိမ်ဘေးမှ လှည်းဦးဂုံးကျင် (ဂုံးတင်ကောက်အဖြစ် တပ်ဆင်ထားရာ တစ်မျိုးဆန်းကြယ်ပါသည်။ ခြောက်စထောင်မြန်မာ့လှည်းယဉ်မျိုး ဖြစ်ပါသည်။



ခြောက်စထောင် မြန်မာ့လှည်းယဉ်

မြန်မာ့လှည်းယဉ်များတွင် ရှေးအစဉ်အလာမှစ၍ပြုလုပ်တပ်ဆင်ခဲ့ကြသည့် ဓလေ့ထုံးစံအတိုင်း အမှတ် (၁) လှည်းယဉ်၌ လှည်းဦးငှက်ရုပ်အဖြစ် "နဂါးရုပ်" ကို တပ်ဆင်ထားပါသည်။

အမှတ် (၂) လှည်းယဉ်မှာလည်း အမှတ် (၁) လှည်းယဉ်နှင့် တစ်ပြိုင်တည်းပြုလုပ်ခဲ့သည့် လှည်းယဉ်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ပေါင်းတည်မြို့မှ ဗိသုကာ ဆရာခင်၏ လက်ရာဖြစ်ပါသည်။ ကျွန်း၊ ပျဉ်းကတိုးနှင့် ပိတောက်တို့ဖြင့် ပြုလုပ်ထားပါသည်။ လှည်းဘီးဒေါက် (ကန့်ကူတံ) ၁၆ ချောင်းဖြင့် ရှစ်စထောင် မြန်မာ့လှည်းယဉ်မျိုး ဖြစ်ပါသည်။

ဆောင်ပန်းအိမ်ဘေးမှ လှည်းဦးဂုံးကျင်း (ဂုံးတင်ကောက်) အဖြစ် ကြက်တူရွေးနှစ်ကောင်ကို ထည့်ထားပြီး လှည်းဦးငှက်ရုပ်အဖြစ် "ခြသေ့ရုပ်"ကို လှပစွာထွင်းထုထားပါသည်။

အမှတ် (၃) လှည်းယဉ်တစ်စီးမှာ ယခင်က မြေပဒေသာကျွန်း၊ စိုက်ပျိုးရေးပြတိုက်တွင် ပြသထားရှိသည့် လှည်းယဉ်ဖြစ်ကြောင်း သိရပါသည်။

လှည်းသန် (လှည်းတံ) ကို နတ္တူးသား၊ ဆောင်ပန်းအိမ်ကို ကျွန်းသားတို့ဖြင့် အဆန်းတကြယ် ထွင်းထုတည်ဆောက်ထားပါသည်။ ဆောင်ပန်းအိမ်တွင် ဖွင့်ပိတ်၍ရသောအိမ်ဖုံးကိုလည်းတပ်ဆင် ထားပါသည်။ ဆယ်စထောင် မြန်မာ့လှည်းယဉ်တစ်မျိုးဖြစ်ပြီး နုနုရွရွလှပစွာ တည်ဆောက် ထားပါသည်။

လှည်းဘီးဒေါက် (ကန့်ကူတံ) ကို အချောင်း ၂၀ ဖြင့် ခိုင်မာတောင့်တင်းစွာ တပ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လှည်းဦးငှက်အဖြစ် ကြက်တူရွေးရုပ်ကို လှပစွာထွင်းထုတပ်ဆင်ထားပါသည်။

မြန်မာ့လှည်းယဉ် ၃ စီးအား ရန်ကုန်တိုင်း၊ ထန်းတပင်ကျေးရွာမှ တောင်သူဦးကြီးတစ်ဦးဖြစ်သူ (ဦးလှသောင်း)က ကျွမ်းကျင်လိမ်မာစွာဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ဦးလှသောင်းနှင့်အတူ ဦးသောင်းထွန်း၊ ဦးတင်မောင်သန်း၊ ဦးတင်ဝင်းနှင့် ဦးထွန်းထွန်းဦးတို့ကလည်း ပါဝင်ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။


တာဝန်ရှိပုဂ္ဂိုလ်တို့၏ ပြောကြားချက်အရ မြဝတီဘက်မှရရှိခဲ့သော မြန်မာ့လှည်းယဉ်တစ်စီးကိုလည်း လိုအပ်သည်များပြန်လည်ပြုပြင်တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း သိခွင့်ရရှိခဲ့ပါသည်။

၎င်းတို့၏ပြောပြချက်အရ ထိုလှည်းယဉ်တည်ဆောက်၍ပြီးစီးသွားပါက မြန်မာ့ယဉ်ကျေးမှု အနုပညာ မည်မျှဆန်းသစ်မှုရှိပုံကို ပြသနိုင်လိမ့်မည်ဟု သိရပါသည်။

နမူနာအဖြစ် လှည်းဦးငှက်ရုပ်ကို ကြည့်ရှုခွင့်ပေးသဖြင့် လေ့လာကြည့်ရာ နက်နဲခက်ခဲ၍ ဆန်းပြားစွာထွင်းထုထားသည့် မြန်မာ့ပန်းပုပညာကို တွေ့ရှိရပါသည်။

မြဝတီဘက်မှ ရရှိထားသည်ဆိုသော အဆိုပါလှည်းယဉ် တည်ဆောက်ပြီးစီးသွားပါက ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ကြီးဝယ် အနုပညာပြောင်မြောက်စွာဖော်ကျူးထားသည့် မြန်မာ့လှည်းယဉ်တစ်စီးကို တိုင်းရင်းသားပြည်သူအများ လေ့လာကြည့်ရှု (စီးနင်း) နိုင်ကြတော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရှစ်စထောင် မြန်မာ့လှည်းယဉ်



# ၁၇။ လှည်းနှင့်ပတ်သက်သည့် စာပေများ

လှည်းနှင့်ပတ်သက်၍ အင်းဝခေတ်ပျို့ကဗျာလင်္ကာများတွင် စတင်တွေ့ရှိရ၏။ ရှင်မဟာရဋ္ဌသာရ၏ သံဝရပျို့၌ "စပါးအိမ်မှာ၊ သွင်းမည့်ခါလည်း၊ မဟာသကဋ၊ လှည်းမကက်တင်၊ ကျွန်နွားနှင်သော်၊ ကောင်းကင်ခြောင်းခြောင်း၊ မြေမှုန့်ထောင်းမျှ" စသည်ဖြင့် တွေ့ရသည်။ ရှေးအခါက ဝန်တင်သောလှည်းကြီးများကို "မဟာသကဋ"ဟု ခေါ်ကြသည်။ "လှည်းမကက်တင်" ဆိုသည်မှာ ထိုဝန်တင်လှည်းကြီးများသည် စပါးတစ်ကက်ကို တင်ဆောင်နိုင်သည်ဟု ဆိုပါသည်။

တစ်ကက်၏အရေအတွက်စပါးကို လင်္ကာအားဖြင့် မှတ်သားရာ၌–

"လေးတင်း တစ်တောင်း၊

လေးတောင်း တစ်တို့၊

လေးတို့ တစ်ပုတ်၊

လေးပုတ် တစ်ကက်၊

လေးကက် တစ်ကြ၊

လေးကြ တစ်ကျို၊

ထွက်မှန်းညီ၏။

တစ်လည် ထိုနှောင်း၊

ချင့်တွက်ပေါင်းသော်၊

တောင်းနှစ်ဆယ်မှ၊

တစ်ဝါဟတည်း။

လှည်းတစ်စီးသာ၊

ထွက်ကောင်းရာသည်၊

ထွက်ခါစပါး ရှစ်ဆယ်တည်း။

စသည်ဖြင့် တွေ့ရှိရပါသည်။

ထို့ကြောင့် တောင်း ၂၀ သည် တစ်ကက်ဖြစ်ရာ တစ်ကက်သည် တစ်ဝါဟ (လှည်းတစ်စီးတိုက်) ဖြစ်ကြောင်း သိမြင်ခံစားရပါသည်။ မျက်မှောက်ခေတ် နွားလှည်းများတွင် တင်းပေါင်း ၂၅ တင်းမျှသာ တင်နိုင်ကြသော်လည်း အင်းဝခေတ်က တောင်း ၂၀ တစ်ဝါဟ တင်းပေါင်း ၈၀ တင်နိုင်သည့် လှည်းကြီးများဖြစ်ကြောင်း သိရှိရပါသည်။ "မဟာသကဋ"ဟု "မဟာ"ဖြင့် အထူးပြုဝိသေသနပုဒ် ပါရှိသဖြင့် စပါးလှည်း (ဝန်တင်လှည်း) ကြီးများ သီးခြားပြုလုပ်ထားကြလေသလောဟု စောကြောဖွယ်ရှိ၏။


မာဃဒေဝလင်္ကာသစ် (ပိုဒ်ရေ ၁၁၀) တွင်လည်း–

"...ကောသလထုံး၊ တင်းသုံးမှတ်ခြင်း၊

တင်းရှစ်ဆယ်ဝင်၊ အကြင်ခေါ်ဝေါ်

ရာကျော်လှည်းပေါင်း၊ တင်လောက်ကောင်းသား၊

တစ်သောင်းပုံပြု၊ စပါးစုထက်..." စသည်ဖြင့် မန်လည်ဆရာတော် (၁၂၀၃–၁၂၈၂) ဘုရားကြီးက အိန္ဒိယနိုင်ငံ၊ ကောသလတိုင်းသုံးတင်းပေါင်း ၈၀ တင်နိုင်သည့် လှည်းကြီးများ အကြောင်း



ကုန်းဘောင်ခေတ်ဟန် မြန်မာ့လှည်း

ရေးဖွဲ့ထားပါသည်။ ထိုအချက်သည်ပင် တစ်ဝါဟ တစ်လှည်း၊ တင်းပေါင်း ၈၀ တင်နိုင်သည့် လှည်းကြီးများဖြစ်ကြောင်း မှတ်ယူနိုင်ပါသည်။

ထို့ပြင် မဃဒေဝ (ပိုဒ်ရေ–၄၆၃) တွင်လည်း–

" တိုင်းကြီးမဂဓ၊ လှည်းအိမ်မျှလောက်၊ ကာယဧရာ၊ ကြီးမားစွာဖြင့်... " စသည်ဖြင့် မဂဓတိုင်းသုံး လှည်းအိမ်ကြီးများအကြောင်း အာဂမယုတ္တိပြ၍ ရေးဖွဲ့ထားသည်များကိုလည်း တွေ့ရှိမှတ်သားနိုင်ပါသည်။

အထူးအားဖြင့် မန်လည်ဆရာတော်ကပင် မဃဒေဝ ပိုဒ်ရေ ၅၀၂ တွင်–

" ဝေဒနွှံ့ရှု၊ ကဝိလူတို့၊ မှတ်ယူပိုင်းခြား၊ ဆိုစကားတိုင်း၊ ရထားမြင်းစီး၊ ရွှေလျှည်းဘီး၏၊ ညီးညီးရောင်တောက်၊ ရွှေကန့်ထောက်ကို၊ မချောက်မချား၊ ထိန်းသော့အားဖြင့် အခြားမထင်၊ ဝန်းကျင်သွဲ့သိုင်း၊ ဝိုင်း၍စေ့စပ်၊ ရွှေအကွပ်နှင့်"စသည်ဖြင့် ရေးဖွဲ့ထားရာ မြန်မာ့ဘုရင် သီပေါမင်း ပါတော်မူပြီး၍ အနှစ် ၂၀ ဝန်းကျင်တွင်ပြီးဆုံးခဲ့သော မာဃဒေဝလင်္ကာသစ်ကျမ်း၏ အနှစ်သာရနှင့် မြန်မာ့လှည်း၏ အဖိုးထိုက်တန်ပုံတို့ကို နားလည်သိရှိနိုင်ပါသည်။ "ရွှေလှည်းဘီး"၊ "ရွှေကန့်တော့က်"၊ "ရွှေအကွပ်" ဟူသော အသုံးအနှုန်းများမှာ ရှေး (ရတနာပုံ) ခေတ်လောက်ဆီမှ မြန်မာဘုရင်များ အသုံးပြုခဲ့သည့် မြန်မာ့လှည်း(ရထား)များဖြစ်ကြောင်း ယူဆနိုင်ပါသည်။ လှည်းဘီးမြင်က "နွားစောင့် ချသို့ " ဟူသော လင်္ကာကဲ့သို့ပင် ဆုံးမသြဝါဒပေးသောစကားရပ်တို့ကို မြန်မာ့လှည်းဥပမာဖြင့် ရေးဖွဲ့ထားခြင်းဖြစ်ကြောင်း သိမြင်နိုင်ပါသည်။

ထို့ပြင် ကန်တော်မင်းကျောင်းဆရာတော် သက္ကရာဇ် ၈၅၀ ခန့် သည်လည်းလောကသာရပျို့ ပိုဒ်ရေ ၁၂ တွင်–

"လယ်လုပ်ကုန်သွယ်၊
ကြွေးဆယ် မြီချ၊
တွက်ဆ စိပ်ပြား၊
အပါးပါးလျှင်၊
အပွား အရင်း၊
လတွင်း တက်တိုး၊
ထပ်ပိုး နှစ်လီ၊ (ထမ်းပိုးနှစ်လီ)
ချသည် မပြတ်၊
အိမ်ထောင်ဝတ်ဖြင့် ... စသည်ဖြင့်...

လူ့လောကဓမ္မတာ အသက်မွေးဝမ်းကျောင်းပြုရာ၌ ငွေတိုးချခြင်းစသည်ဖြင့် ငွေအရင်းအနှီး တိုးပွား လာနိုင်ပုံကို ဖွဲ့ဆိုထားပါသည်။

ထိုတွင်ထပ်ပိုး (သို့မဟုတ်) ထမ်းပိုး ဟူသောဝေါဟာရပါရှိသည်ကို သတိပြုမိကြပေလိမ့်မည်။ အင်းဝခေတ်လှည်းထမ်းပိုးကိုအကြောင်းပြု၍ ထမ်းပိုး၊ ထပိုး=နှစ်ဆဖြစ်လာကြောင်း ရှေ့အခန်းများ တွင် ကျွန်ုပ်တို့တင်ပြခဲ့ပြီးဖြစ်ပါသည်။ ရှေးမြန်မာတို့၏ သာသနာရေးနှင့် လူမှုရေးကိစ္စအဝဝတို့တွင် အရေးပါသည့်မြန်မာလှည်းကိုစံပြု၍ ပညာရှင်တို့က ရေးဖွဲ့တင်စားခြင်းဖြစ်ပေမည်ဟူ၍ ကျွန်ုပ်တို့ သုံးသပ်မိပါသည်။

Scanned by CamScanner

အမှာတော်ရေး ဦးရှင်ကလေး (၁၂၁၀ ခန့်) ၏ သုကမာသာဆုံးမစာပိုဒ်ရေ (၁၅) တွင်လည်း--

"အပွားအရင်း၊ လတွင်းတက်တိုး
ထပ်ပိုးနှစ်လီ၊ ချသည်မလပ်
ထပ်ကာဝယ်ရောင်း..."

စသည်ဖြင့် ကန်တော်မင်းကျောင်းဆရာတော်၏နည်းတူပင် ဥစ္စာပစ္စည်း ရှာဖွေစုဆောင်းသုံးစွဲနည်းများဖြင့် ဆုံးမရာတွင် "ထပ်ပိုးနှစ်လီ" ဟူသော လှည်းဝေါဟာရပါရှိပုံကို တွေ့ရှိနိုင်ပါသည်။

သင်္ဘာဆရာတော်ဘုရားကြီး (၁၁၇၇-၁၂၄၈) ၏ သိင်္ဂါလောဝါဒဆုံးမစာတွင်လည်း...

"လှည်းဘီးပြင်က၊ နားစောင့်ချသို့
မိဘနှင့်သား၊ မယားနှင့်လင်
အရှင်နှင့်ကျွန်၊ ထေရ်မွန်ဒကာ
မိတ်သဟာနှင့်၊ ဆရာတပည့်
တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင့်
ဖြူသန့်စင်မှု၊ ရှင်လည်းမကွေ
သေလည်းမကွာ၊ လူ့ရွာနတ်ပြည်
လှည့်လည်အတူ၊ ခံစားမူ၍
နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့် ..."

စသည်ဖြင့် မိဘနှင့်သားသမီး၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ရဟန်းနှင့်ဒါယကာ၊ မိမိနှင့်အဆွေခင်ပွန်း၊ ဆရာနှင့်တပည့် စသည်တို့သည် လှည်းဘီးကျွတ်ထွက်မသွားစေရန် နားစောင့်ခေါ်သစ်သားတံစို့ဖြင့် ရိုက်သွင်း (ထိန်းချုပ်) ထားရသကဲ့သို့ မိမိတို့၏သက်ဆိုင်ရာကျင့်ဝတ်များကို မချွတ်မယွင်း ဖြူစင်သန့်ရှင်းစွာဖြင့် ကျင့်ဆောင်နိုင်ကြပါလျှင် သေအတူရှင်မကွာ နတ်ရွာလူ့ပြည်လှည့်လည် ခံစားနိုင်ရုံမျှမက ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ အဓိကမျှော်မှန်းရာ နိဗ္ဗာန်ရွှေပြည်အထိ မလွဲမသွေ ရောက်ရှိနိုင်ကြမည်ဖြစ်ကြောင်းကို လှည်းဘီးကို ကွပ် (ထိန်းချုပ်) ထားသည့် " နားစောင့်"ကို ဥပမာတင်စား၍ ဖွဲ့ဆိုထားသည်ကို တွေ့ရှိနိုင်ပါသည်။

စာဆိုကဝိ ပညာရှိတို့၏ ရေးဖွဲ့ပုံ၊ တင်စားပုံနှင့် လမ်းညွှန်ကြပုံတို့မှာ တန်ဖိုးရှိလှပါသည်။ ထိုခေတ်ထိုအချိန်ကာလက မြန်မာ့လှည်းကို ဦးစားပေးယာဉ်တစ်ခုအဖြစ် သတ်မှတ်၍ ရေးသားဖွဲ့ဆိုခဲ့ကြောင်း ကျွန်ုပ်တို့ သံသယဖြစ်စရာအလျှင်းမရှိတော့ပါချေ။

အခြားသော ပျို့ကဗျာလင်္ကာစာပေဆိုင်ရာတို့တွင် လှည်းနှင့်ပတ်သက်၍ များစွာရှိသော်ငြားလည်း စာလေးအံ့ထင်၍ ချန်လှပ်ခဲ့ပါသည်။ ဤမျှဆိုလျှင် လှည်းသည် မြန်မာနိုင်ငံတော်အဆက်ဆက် အရေးပါသည့် ယာဉ်တစ်ခုဖြစ်ခဲ့ကြောင်း ကျွန်ုပ်တို့သိရှိနားလည်သဘောပေါက်နိုင်ကြပြီဖြစ်ပါသည်။

# ၁၈။ လှည်းသီချင်းစု

မြန်မာ့လှည်းနှင့်ပတ်သက်၍ ရှေးခေတ်နှင့် မျက်မှောက်ခေတ်အသီးသီးတွင် အသုံးချခဲ့ပုံနှင့် ပြုလုပ်ပုံများကို တင်ပြပြီးဖြစ်ပါသည်။ မြန်မာ့လှည်းနှင့်ပတ်သက်၍ ခေတ်အဆက်ဆက် စာဆိုပညာရှင်များ ရေးဖွဲ့မှတ်တမ်းတင်ခဲ့သည့် "လှည်းသီချင်းစု" များကို ဖော်ပြလိုပါသေးသည်။

လှည်းသီချင်းများမှာ အများအားဖြင့် မြန်မာ့လှည်းယဉ်အကြောင်း ရေးဖွဲ့ထားကြသည်က များလှသည်။ စာဆိုပညာရှင်များ၏ နှလုံးအိမ်ကို အကြိမ်ကြိမ် ရိုက်ခတ်တုန်လှုပ်စေခဲ့သည့် လှည်းသီချင်း (ကဗျာ)များမှာ မြန်မာ့ယဉ်ကျေးမှု၏ အထိမ်းအမှတ်တစ်ခုပင်ဖြစ်ပါသည်။

ကျွန်ုပ်တိုင်ယ်ရွယ်စဉ်က ထိုလှည်းကဗျာစု (သီချင်းစု) များဖြင့် မိခင်၏နှုတ်မှဆို၍ချော့သိပ်ပုံကို တွေးဆနိုင်၏။ တောနေလူတန်းစား တောင်သူလယ်သမားများဖြစ်၍ မော်တော်ကားပေါ်သို့ သားရတနာ၊ သမီးရတနာများကို မတင်ပေးနိုင်ခဲ့သော်လည်း မြန်မာ့ရိုးရာလှည်းယဉ်လေးပေါ်သို့ တင်မောင်း နေပဟန် ဖြင့် ပခက်ကိုလွှဲပြီး ချော့မြူခဲ့၏။ ထိုလှည်းသီချင်းစု (ကဗျာစု)များသည် ကျွန်ုပ်တို့မြန်မာနိုင်ငံ ရိုးရာယဉ်ကျေးမှုအမွေများ တည်ရှိနေသမျှကာလပတ်လုံးအဖိုးတန်နေဦးမည်သာဖြစ်ပါသည်။ တောင်သူဦးကြီးဘဝမှ မော်တော်ကားစီးနိုင်သည့်အဖြစ်သို့ ရောက်ရှိသွားကြသော်လည်း "ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်း" သီချင်း(ကဗျာ)လေးကိုမူ မေ့နိုင်ကြဦးမည် မဟုတ်ပေ။ ခေတ်အဆက်ဆက်ပြောင်းလဲသွားမည်ဖြစ်သော်လည်း လှည်းယဉ်နှင့်ပတ်သက်သည့် သီချင်းစု များကား တိမ်မြုပ်သွားမည်မဟုတ်ပါချေ။

ထီးသုံးနန်းသုံးမင်းခမ်းတော်ဝင်ပစ္စည်းများ တိမ်မြုပ်ပျောက်ကွယ်ခဲ့ရသော်လည်း မြန်မာလူမျိုးတို့၏ အရိုးခံမြန်မာ့လှည်းကြမ်းနှင့် လှည်းယဉ်တို့မှာ တောင်သူဦးကြီးတို့လက်ဝယ် ယနေ့တိုင်ရှိနေကြဆဲပင် ဖြစ်ပါသည်။ အမြတ်တနိုးထိန်းသိမ်းထားကြဆဲပင် ဖြစ်ပါသည်။

ထို့ကြောင့် မမေ့ကောင်း၊ မပျောက်ကောင်း မြန်မာ့ယဉ်ကျေးမှုလှည်းသီချင်းစုများအား လက်လှမ်းမီသမျှ ရှာဖွေတင်ပြလိုက်ရပါသည်။

**မှတ်ချက်။** အချို့လှည်းသီချင်းများမှာ ပုဂ္ဂိုလ်ရေးသက်သက်ခံစားချက်များ ဖွဲ့ဆိုထား၍ ဖော်ပြမထားပါ။ ပြည်သူတို့နှင့် အနီးကပ်ဆုံးအထိတွေ့ဆုံး သီချင်းစုများကိုသာ ဦးစားပေး ဖော်ပြထားပါသည်။

## လှည်းလုပ်လို့စီး

အမေလေး ဆိုလို့ဆဲ
ဝါဆို့ ဝါဆိုပွဲကိုလှ
လှည်းကလေးနှင့် သွားစို့မောင်။
ကုက္ကိုပင် ကုက္ကိုပင်၊
ကုက္ကိုပင် မြန်မြန်ခုတ်ပ၊
အလိုကွယ်.... လှည်းလုပ်ရအောင်။
( လှည်းလုပ်ရင် ကြာပါတော့မယ် )၂
မဘုတ်ဆုံ တင်ဆုံကြီးကွယ်
အလိုကွယ်.... လှည်းလုပ်လို့ပါတဲ့ .... စီး.....။

**ကောက်စိုက်သီချင်းမှ** *(ရေးသူ- အမည်မသိ)*

* အေး ကောင်း ပျို့ရွယ် သူငယ်ချင်းတို့၊
လယ်တောတွင်းက များတစ်တွေ။
ကိုယ်စီကလို့လုစရာ၊
တို့မျက်နှာ နံ့သာပြောက်ဖို့၊

* လှည်းစာခေါက်ကို အိုင်အိုင်အေးအောင်၊
သွေးကြပအေ။ ။

**ခက်ဆစ်အဖြေ**

* အေးကောင်း = အချင်းချင်းခေါ်ခြင်း။
* လှည်းစာခေါက် = လှည်းဘီးများမြည်လျှင် မမြည်စေရန် လှည်းစာထိုးရသော လှည်းစာခေါက် (ခေါ်) နွယ်ပင်တစ်မျိုးမှရသည့်အခေါက်ကို ဆိုလိုသည်။ လှည်းစာနွယ်ဟုလည်း ခေါ်ကြပါသည်။ တောနက် အတွင်း ရေငတ်သည့်အခါ ထိုအနွယ်မှ တစ်စိမ့်စိမ့် ထွက်ကျသည့် ရေကိုပင် သောက်နိုင်သည်ဟု လူကြီးသူမတို့ ပြောပြကြပါသည်။ ။

## နွားညီနောင် (လေးဆစ်)

၁။ ခလောက်ကလေးရယ်တဲ့ဒိုးဒိုးဒေါင်

၂။ ပျို့တို့မောင် ယာမလုပ်တယ်
ဝါးခုတ်တဲ့တောင်။ ။

၃။ နွားညီနောင်
* စည်အောင်ကွဲ့ ဖေကျောင်း။

၄။ မောင်နှင့်မယ် တူယှဉ်နွှဲခါမှ၊
ယူငင်ကာချူဆင်ဆွဲလို့ရယ်
လှည်းယဉ်နဲ့မောင်း။ ။

(ရေးသူ- အမည်မသိ)

* ဝဖြိုးအောင်

## နွားညီနောင် လှည်းယဉ်ထပ်ချဲ့ (လေးချိုး)

၁။ ညိုကုန်းယံချောက်နဘေးမှာလ
တို့ဘုန်းကံအလျောက်မွေးရော့ထင့်
တစ်ခေါက်ပြေးမှဖြင့် မိုးထိုးမယောင်

ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးခေါင်။

၂။ နှစ်ကိုယ်ချိုတာကြောင့်
ချိုဘို့တူ နွားပြာတုတ်တွေနဲ့
ပျိုတို့လူ ယာမလုပ်တယ်
အားထုတ်မဲ့မောင်မှာနော်ကွယ်
ဝါးခုတ်တဲ့တောင်။

၃။ ဟဲ့ ...ဆိုကာ ကြိမ်တံမြှောက်မှဖြင့်
လှည့်လိုရာ တိမ်းယံရောက်နိုင်ငဲ့
အိမ်ခြံပေါက်ပါတဲ့ နွားညီနောင်
စားအိအောင်ဗျ ညနေစောင်း
အားစည်အောင်ပ ဝစေကျောင်း။

၄။ ဆောင်ခွင့်ကိုရွယ်
မောင်နှင့်မယ် တူယှဉ်တွဲပါလို့
နောင်တင့်တယ် လူမြင်ရဲခါမှ
ယူငင်ကာ ချူဆင်လို့ဆွဲပါမယ်
ပွဲဝင်မဲ့ ချောင်းသူရဲ့
လှည်းယဉ်နဲ့မောင်း။

(သတိုးဗိယ)

## လှည်းယဉ်တော်ကြွကြွ
## (လေးချိုး)

၁။ ပွဲဆင်တော်ပြသပေးရန်ဖို့
လှည်းယဉ်တော်ကြွကြွလေးရယ်နဲ့
မမလေးကိုတဲ့ လိုက်ဖို့ခေါ်။

၂။ တချို့ကချောသနဲ့
တို့တောနယ် ရွာတစ်စဉ်မှာတော့
မြို့ကျောဖွယ် တန်ဆာဆင်ကြပုံက
အပြာတွင် မဲရောင်ခရမ်းရယ်နဲ့
ပဝါဆင်ဖဲစောင်မှ ဆန်းတယ်လို့
ထာဝစဉ် ပွဲဘောင်ကို မြန်းကြတယ်
ကဲပြောင်ခန်း ဖော်တယ်နော်ကွယ်
လှည်းဆောင်ပန်းပေါ်။

၃။ တူပြိုင်ကာ နှစ်ယောက်တွဲပါလို့
ချူမြိုင်စွာ ခလောက်ဆွဲတဲ့ပြင်
နောက်လှည်းက ရှေ့လှည်းကိုကျော်
ဟေ့ဟဲ့အော်လို့ သောင်းညံကြေး

ကွေ့လွဲချော်လို့ မောင်းပြန်သေး။

၄။ တို့အလျှင်
မြို့အဝင် သညာဂုဏ်ကြောင့်
သို့မှပင် မြင်ခါကြွတော့မယ်လို့
မျို့သခင်ရင်ပါခုန်တဲ့အောင်
အားအန်ကုန် သိပ်ကွာမဝေးစေဖို့
ကြွားမာန်ဟုန် ထိပ်ကြာကလေးရယ်နဲ့
နွားကြန်စုံ ပီသာပေးတို့ကို
မှိုမော့က နေ့းမှာကြောင့်
ကြိုးလျှော့လို့ပေး။

(ဦးရာကျော်)

## ဆင်ယဉ်ထုံးဖွဲ့ ယိုးဒယား

ရပ်ကြီးသူတို့ ဟန်မူပိုပို–(နေညိုညချမ်း၊ ဆင်မြန်းဆာပါ၊ နေညိုညချမ်းနော်ဖျာ၊ ဆင်မြန်းဆာပါ၊ အို လေကွမ်းတုံပြိန်းငယ်နှင့် နွယ်စိမ်းပဝါ၊ လှည်းယဉ်လေလေ လှုပ်တယ်နော် မေရယ်၊ သုတ်သုတ်ကလေးနှင်လို့သာ)၂

{ဝင်ရိုးဆင်မျိုးစုံ ဂုဏ်နှင့်ကြာ၊ တင်တံပိုး၊ ယဉ်ကြီးလေးသိန်းတန်စွငယ်လေလေ့၊ နှင်တံတံဖျာ (ပဝါ)၂။ ဖဲကိုလေး၊ အသာဆွဲလို့ မေ့ကိုကာ}၂

ဆင်အပ်တန်ဆာသည် နွားမှာလ၊ ကျင်ခတ်ပဝါ အတည်ထားပါလို့၊ အသော့လျင်မြန်၊ နွားကြော့ယဉ့်ဟန်၊ နှင်တံကိုင်လို့မောင်း၊ ပိုးပဝါ ဆာပါတောင်း (ပုံနှောင်းမှာ ကောင်းရာကိုပင်၊ အရောင်လျှမ်းတယ်၊ ဆောင်ပန်းပေါ်သို့တင်)၂။

နေဝင်နီးလေလေခဲ့ရင်၊ စီးလေလေမဲ့ပြင်၊ ဟီးဟီးနဲ့နှင် နတ်သွင်လေလေလုံခင်၊ တွေးလေလေဆင်ခြင်၊ ဝေးဝေးကမြင်ပြလမ်းပေါ်တွင် ပျော်ရင်သူတို့ပဲ၊ ဘီး (ဘိမ်း) သံကမစဲ၊ ပဝါမျိုးစုံစုံ နေရရုံသို့ပဲ၊ ရွှေမှုန်စပဲ။

{(လှည်းပေါ်မှာ)၄ (သော်တာလိုက်ဆန်းတိုက်ပန်းကိုယ်စီ)၂၊ အိုလေအပြာစီ အစိမ်းငယ်နှင့်၊ နန်းသိမ်းထဘီ၊ (စိန်လယ်)၂။ ကပ်ကယ်၊ ချိန်ဖြတ်ဖွယ် ဆယ်ရတီ}၂။

(မင်းဒေဝီ၊ ဆင်းသိင်္ဂီ)၂။ နုပိုင်းမှာ ရှုတိုင်းပလီ၊ ဘဝဟောင်းကိုက အကြောင်းတူညီ (မဒီ)၂။ ခင်လေးယဉ်ကျေးပေသည်၊ (ပန်းချီ)၂။ မင်ဆေးတင်ရေးမမီထုံးဆံမြိတ်ပြီ၊ ယဉ်တော်ချီချီ၊ ကိုးနဝရတ်စိန်စီ၊ မိုးနတ်ဘရဏီ၊ ဝင်းထိန်ညီ၊ သိင်္ဂီပျိုစုပေါင်း ပြောမကုန်၊ ဇောအုံကြွေလုညောင်း၊ ဝိသကြွစုံကိုင်လို့မောင်း။ ။

(နန်းသိမ်းဘုန်းတော်ဘွဲ့ ယိုးဒယားအလိုက်)
(တရုတ် ဦးလူကလေး) ရေးသည်။

## တောစလေ့ ခွန်းထောက်လေးချိုး

ဘာမပို တာဝေငှလိုက်တော့၊ ရာဇဂြိုဟ် သာကေတငယ်နှင့်၊ ဗာရဏ တက္ကသိုလ်။ ။ အညီထွေးလိုက်တော့၊ ဤလေးပြည်ဗဟိုအလယ်ထင့်၊ ခိုစဖွယ် ထိုဝယ်ခရီးမှာတော့ မှောင်စိုစိုညောင်ညိုကြီးရယ်၊ ထီးဖြန့်သလို။ ။

တည်းလှုံမှီအသွားအလာ ထောက်လိုက်တော့၊ လှည်းကုန်သည်ငါးရာရောက်ကရေ့ထင့်၊ နွားစာခြောက်ကိုတဲ့မြင်သကို၊ ခွင်စာဖိုရယ်တဲ့ တည်ရာစခန်း။ တောဟီမဝါ၊ ပေါရိသာအယူမှားစဉ်က၊ လူသားကို ခင်မင်လို့၊ ရှင်ဘုရင်အရာကျရယ်က၊ မဆင်ခြင် လာသမျှကိုတဲ့၊ ဟော…အမိအရ ဖမ်းတာကြောင့်၊ တော အဓိကရကြမ်းလိုက်ပါဘိ၊ (ဟောဟိုရှေ့ဆီမှာကွယ်) ပေါရိသာလမ်း။ ။

## လှည်းယဉ်ကြော့ကြော့

ဆို– မြင့်ဦးလေး

(လှည်းယဉ်ကြော့တွင် မော့မော့သာ ထိုင်စေချင်၊ လေးလုံမခင် တေးရုံတွေထွင် အများတောင့်တ ခါးမအောင့်စရာပင် မွန်ရေးရေးဖုံးဖွေးဖွေး လှည်းလမ်းကြောင်းမောင်းလို့ပင် ပျော်ပျော်ရွှင်ရွှင်)၂

(ဘသားမောင်တို့ ဆောင်ပို့လေအသွင် နှင်တံကိုမသုံးဘဲ ရှန်းလည်းရှန်းစေချင်)၂

တစ်သင်းပျိုခင် အော်သံပေး ပြေးပြေးချင်၊ သီချင်းဆိုလျှင်၊ ဆောင်ကာမနှေး ဝေးဝေးနှင် အပြင်းဆိုရင်ထောင်ကာပေး ရေးရေးသာမြင် မောင်ကြီးလှည်းယဉ် ခြူသံလေးရွှင်ရွှင် ဟဲ့ချင်းမပြတ်ခင် လှည်းအနောက်တွင် ဝဲမပျောက်ခင် လှည်းလမ်းကြောင်းမောင်းလို့ပင် ပျော်ပျော်ရွှင်ရွှင်။ ။

# ၁၉။ လှည်းဝေါဟာရများ

လှည်းဝေါဟာရများနှင့် ပတ်သက်၍ အပြည့်အစုံ ဖော်ပြနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနမှ ထုတ်ဝေပြီးဖြစ်သည့် (မြန်မာအဘိဓာန်အကျဉ်းချုပ်) စာအုပ် ၅–တွဲတွင် ရှာဖွေကြည့်ရှုခဲ့ရာ၊ ဝေါဟာရများအပြည့်အစုံမပါရှိသည်ကို တွေ့ရပါသည်။

ထို့ကြောင့် လက်လှမ်းမီသရွေ့ စာတိုပေစများနှင့် လူကြီးသူမတို့ထံ မေးမြန်းမှတ်သားရသမျှတို့ကို ရှာဖွေစုစည်း၍ ဖော်ပြလိုက်ရပါသည်။ သို့သော် ပြီးပြည့်စုံပြီဟူ၍ကား မဆိုနိုင်သေးပါ။

အဘယ့်ကြောင့်ဆိုသော် စွယ်ရန်းနှင့် ယှဉ်တွဲ၍ လှည်းဦးအလှဆင် အရုပ်( လှည်းဦးငှက်မဟုတ်) များအား လှည်းဂုံးဂျင် (သို့မဟုတ်) ဂုံးတင်ကောက်စသည်ဖြင့် အရပ်ဒေသသို့လိုက်၍ ဝေါဟာရများစွာ ရှိပါသေးသည်။ သို့ဖြစ်၍ ပညာရပ်ဆိုင်ရာ ဝေါဟာရများနှင့် ပတ်သက်သည့် လှေ– လှည်း– အိမ်– ကျောင်းစသည့် ဝေါဟာရအဘိဓာန်စာအုပ်များ ထွက်ရှိနိုင်ရန် ပညာရှင်တို့ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်နေပြီဖြစ်ကြောင်း အလျဉ်းသင့်သဖြင့် အကြံပြုတင်ပြအပ်ပါသည်။

လှည်းဝေါဟာရများ၏ ခက်ဆစ်အဓိပ္ပာယ်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ချွတ်ယွင်းအားနည်းချက်ရှိပါက စာရေးသူ၏ချွတ်ယွင်းချက်ဟူ၍သာ မှတ်ယူကြစေလိုပါသည်။ အခြားအရေးပါသော ဖြည့်စွက်ဖော်ပြလိုသည့် ဝေါဟာရများရှိပါကလည်း ဆက်လက်သုတေသနပြု တင်ပြပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

| | | |
|---|---|---|
| ၁။ ကန့်ကူတံ (ဒေါက်) | = | အရင်းပိုင်းလှည်းပုံတောင်းဘက်၊ အဖျားပိုင်းတံကူဘက်စိုက်သွင်းထားသည့်သစ်သားချောင်း။ |
| ၂။ ကက်ဘောင် | = | လှည်းအိမ်တွင် ရံတိုင်စိုက်ရာ အောက်ခံသစ်သားတန်း။ |
| ၃။ ကက်အိမ် | = | နွားလှည်းတွင် ပစ္စည်းတင် လူစီးရန် ကက်ဘောင်ရံတိုင် လက်ရုံးအခင်းတို့နှင့် လုပ်ထားသောနေရာ။ |
| ၄။ ခါးတောင်းကြိုက် တုပ်ကြိုး | = | လှည်းဝင်ရိုးနှင့် လှည်းတံကို ဝါးရင်းသားနှင့် ညှပ်၍ တုပ်နှောင်ရသည့်ကြိုး။ |
| ၅။ စွပ်ရံတိုင် | = | လှည်းအိမ်ဘောင်နှစ်ဘက်ရှိ ရှေ့ရံတိုင်နှင့် နောက်ရံတိုင် ပြုလုပ်ထားသည့် သစ်သား ၄ ချောင်း။ |
| ၆။ စွယ်မြောင် | = | ဝန်ကော်၏ ဘေးတစ်ဘက်စီတွင် မြှောင်လျက် ထည့်ထားသော ဝါးရင်းသားမာမာနှစ်ချောင်း။ |
| ၇။ စွယ်ရန်း | = | လှည်းရထားတို့တွင် မောင်းသူထိုင်သည့် ထိုင်ခုံ (ဆောင်ပန်း) ၏ ဘေးတစ်ဘက် တစ်ချက်မှ ရှေ့သို့ ကော့ထောင် ထွက်နေသော သစ်သားချောင်း။ (ဆောင်ပန်း၏ ဘေးကာ) |
| ၈။ ဆောင်ပန်းအိမ် | = | လှည်းဦးရှိ ထိုင်ရန်နေရာ လှည်းဦးကင်း။ |
| ၉။ ဆောင်ပန်းအိမ် တုပ်ကြိုး | = | ဆောင်ပန်းအိမ်၏ ဘောင်နှစ်ဘက် (လက်ဝဲ လက်ယာ) နှင့် လှည်းတံကို ပူးတွဲချည်နှောင်သည့် ကြိုး။ |
| ၁၀။ ဆောင်ပန်းခုံ | = | ဆောင်ပန်းအိမ်နှင့် အဓိပ္ပာယ်တူ၏။ |

၁၁။ ဆင့်တုံး = လှည်းအိမ် တင်ရန်အတွက် လှည်းသန်ပေါ်ရှိ စက်စွယ်များ အကြားတွင် ကန့်လန့် တင်ထားသောတုံး။

၁၂။ ဆိတ်မျက်လုံး = လှည်းဘီးပုံတောင်း အပေါက်ကို လှည်းဝင်ရိုးပွတ် စားမသွားအောင် ထည့်ပတ်ထားသောသံခွေ။

၁၃။ ဇင်တုံး = ဆင့်တုံးနှင့် အဓိပ္ပာယ်တူ၏။

၁၄။ တံကူ (ဒကူ) = လှည်းဘီးဝိုင်းဖြစ်စေရန်သစ်သားဆက်များဖြင့် ဆက်စပ်ပြုလုပ်ထားသည့် အဆက် (၈) ဆက်ပါရှိသော သစ်သားအဝန်းအဝိုင်း။

၁၅။ ထမ်းပိုး = လှည်းကို ရုန်းဆွဲသည့်နွားကျွဲတို့၏ပခုံးတွင်တင်ရသည့် သစ်သားတုံး။

၁၆။ ထမ်းပိုးကျည်း = ကျွဲ နွား တို့ ၏ လည်ပင်းကို ထိန်းချုပ်ရန် ထမ်းပိုးအပေါက်တွင် ထိုးစိုက်ထားသော တုတ် (၄) ချောင်း။

၁၇။ ထမ်းပိုးကြိုး = နွားနှစ်ကောင်ထမ်းပိုးတပ်၍ နွားလည်ပင်းအောက်မှ လျှိုသွင်းကာ ထမ်းပိုးကျည်း၌ စွပ်ရသည့်ကြိုး။

၁၈။ ဓားမချပ် = လှည်းဆောင်ပန်းတွင်ဓားမစိုက်ထားရာ သစ်သားတန်း။

၁၉။ ဓားမချပ်ကိုင် = ဓားမချပ်ရန် ပြုလုပ်ထားသည့် သစ်သားတန်းစွပ်တပ်ရန် ပြုလုပ်ထားသော တိုင်နှစ်တိုင်။

၂၀။ နားစောင့် (နားဇောင့်) = လှည်းဘီးကျွတ်ထွက်မသွားစေရန် လှည်းဝင်ရိုးစွန်းရှိ အပေါက်တွင် ဒေါင်လိုက်လျှိုစိုက်ထားသော အချောင်းအတက်။

၂၁။ နောက်ညောင်းတုပ်ကြိုး = လှည်းအိမ်၏ နောက်ဘောင်နှင့် လှည်းတံအထစ်ကို ချည်နှောင် ရသည့်ကြိုး။

၂၂။ နန်းဖျားခွေ = ပုံတောင်း၏ ထိပ်အစွန်းနှစ်ဘက်အပေါ်(အပြင်) ရှိသံပတ်ခွေ။ (သံပတ်) ဟုလည်းခေါ်ကြသည်။

၂၃။ နန်းရင်းခွေ = ပုံတောင်း၏ အလယ်ဗဟိုတွင် ဖောက်ထားသည့် စရွေးပေါက် ဝဲယာရှိသံပတ်ခွေ။

၂၄။ ပုစွန်မျက်လုံး (ပုစွန်မျက်စိ) = ဆိတ်မျက်လုံးနှင့် အဓိပ္ပာယ်တူ၏။

၂၅။ ပုံတောင်း(ပဒေါင်း)= လှည်းဝင်ရိုးတပ်ဆင်ရန်အတွက် အချက်အချာဗဟိုဌာန။

၂၆။ ဖားတုံး = လှည်းဘီးမရွေ့လျားစေရန် ခုထားရသည့် သစ်သားတုံး။

၂၇။ ဖွဲ့ကြိုး (ဘွဲ့ကြိုး) = ထမ်းပိုးကြိုးအဓိပ္ပာယ်နှင့် တူ၏။

၂၈။ ဘီး = ဝင်ရိုးကို အခြေပြု၍ လည်ပတ်ရသောအဝိုင်းပြားခွေ။

၂၉။ ရေဆင်းငုတ် = လှည်းအိမ်ရှေ့ထုပ်ကို ထိန်းရန် ဖောက်ထားသည့် စိုပေါက်တွင် စိုက်ထားသည့် တိုင်ငုတ်။

၃၀။ ရက်ဖောက်တုတ်ကြိုး = လှည်းသန်နှင့် လှည်းအိမ်၏ ရှေ့တုတ်အောက်မှ ဝါးရင်းသား တစ်ချောင်းဖြင့် တုပ်နှောင်ထားသည့်ကြိုး။

၃၁။ ရုံတိုင် = လှည်းကက်အိမ်ဘေး နံတစ်ဘက်တစ်ချက်၌ လက်ရမ်းကိုလျှို၍ ကက်ဘောင်ပေါ်တွင် ပတ်ချာစီလျက် စိုက်ထောင် ကာရံထားသော သစ်တိုင်ငယ်များ။

၃၂။ ရုံတန်း (ကက်ဘောင်) = လှည်းကက်အိမ်၌ အခင်းကပ်ကျည်းတန်းများ စွပ်တွယ်ရန်လည်းကောင်း၊ ရုံတိုင်များစွပ်ထောင်ရန် လည်းကောင်း၊အသုံးပြုရသော ဘေးတစ်ဘက်တစ်ချက်အခြေခံ အလျားဘောင်တန်း။

| | | |
|---|---|---|
| ၃၃။ လက်ရင်းခွေ | = | နန်းရင်းခွေနှင့် အဓိပ္ပာယ်တူ၏။ |
| ၃၄။ လက်ရင်း နန်းဖျား | = | နန်းရင်းခွေနှင့် အဓိပ္ပာယ်တူ၏။ |
| ၃၅။ လှည်း | = | တိရိစ္ဆာန်အား(သို့) လူအားတို့ဖြင့်သာ ဘီးကိုလည်ပတ်စေသော ယာဉ်တစ်မျိုး။ |
| ၃၆။ လှည်းဦး | = | လှည်းအိမ်၏ အရှေ့ပိုင်း ( လှည်းဦးအရှေ့ပိုင်း ) လှည်းသန်နှင့် ထမ်းပိုးစုံရာအပိုင်း။ |
| ၃၇။ လှည်းဦးကင်း | = | (၁) လှည်းအိမ်၏ ရှေ့ပိုင်းအခေါ်တစ်မျိုး။<br>(၂) လှည်းဦးရှေ့ပိုင်း၏ ပုံသဏ္ဌာန်ယူ၍ စစ်ဆင်နည်းပရိယာယ် တစ်မျိုး။ |
| ၃၈။ လှည်းဦးငှက် | = | လှည်းဦး(ထိပ်) တွင် သူငယ်တော်(သို့) တိရိစ္ဆာန်တစ်မျိုးမျိုးတပ်ဆင်ခြင်း၏ အခေါ်အဝေါ်ဖြစ်သည်။ |
| ၃၉။ လှည်းဦးပန်း | = | |
| ၄၀။ လှည်းဦးပွတ်ကြိုး | = | လှည်းစည်းကုံးနှင့် အဓိပ္ပာယ်တူ၏။ |
| ၄၁။ လှည်းအိမ် | = | ကက်အိမ်နှင့် အဓိပ္ပာယ်တူ၏။ |
| ၄၂။ လှည်းအိမ်ဝေါက် | = | လှည်းအိမ်၏ နောက်ဘက်အစွန်း။ လှည်းနောက်မြီး (လှည်းမြီး) နှင့် ရှုပါ။ |
| ၄၃။ လှည်းအိမ် ရှေ့ထုပ် | = | လှည်းကပ်အိမ်အောက်ခြေတွင် ရှေ့ပိုင်းမှ ကက်ဘောင်နှစ်ဘက် ကန့်လန့်တပ်ဆင်ထားသော ပျဉ်တန်း။ |
| ၄၄။ လှည်းက | = | လှည်းတွင် ကျွဲ၊ နွား၊ မြင်း စသည် ရှန်းဆွဲမည့်တိရိစ္ဆာန်ကိုထည့် ချည်ခြင်း။ |
| ၄၅။ လှည်းကတုံး | = | ကက်အိမ်ပေါ်လှည်းအိမ်ကြီးနှင့်ဆောင်ပန်းအိမ်တို့ကိုဖြုတ်၍ ဝန်တင်ရန် စီစဉ်ထားသည့် လှည်းကြမ်း။ |
| ၄၆။ လှည်းကြမ်း | = | အ များ အား ဖြင့် ဝန် တင် နိုင် ရန် အ တွက် အ သုံးပြုလေ့ရှိသော လှည်းမျိုး။ |
| ၄၇။ | = | |
| ၄၈။ လှည်းခွ (လှည်းထောက်ခွ) | = | လှည်းကို ရပ်၍ ထားစဉ် လှည်းဦးမြေသို့ မကျဘဲ တည့်မတ်စွာ တည်စေရန်လှည်းဦး၌ ထောက်ရသော သစ်သားခွ။ |
| ၄၉။ လှည်းငုံးတို | = | လှည်းကတုံးနှင့် အဓိပ္ပာယ်တူ၏။ |
| ၅၀။ လှည်းစာ | = | လှည်း ဝင် ရိုး ချော မွတ် စွာ ပွတ် တိုက် လည်ပတ်စေရန် လှည်းပုံတောင်း အပေါက်၌ ထည့်ရသောချောဆီ။ |
| ၅၁။ လှည်းစာခေါက် | = | လှည်းဘီးများမြည်(အီ) လျှင် မမြည် (အီ) စေရန် လှည်းစာထိုးရသော လှည်းစာခေါက် ခေါ် နွယ်ပင် တစ်မျိုးမှရသည့် အခေါက်ကိုဆိုလို၏။ လှည်းစာနွယ်ဟုလည်းခေါ်၏။ |
| ၅၂။ လှည်းစည်းကုံး | = | လှည်းသန်နှစ်ခုနှင့် ထမ်းပိုးကို ချည်နှောင်တုပ်ဖွဲ့ထားသည့် သားရေကြိုး။ |
| ၅၃။ လှည်းဆီ | = | လှည်းစာနှင့် တူ၏။ |
| ၅၄။ လှည်းတပ် | = | (၁) အစီးရေများစွာဆိုက်ကပ်ရပ်ထားသည့် လှည်းအစုအဝေး။<br>(၂) လှည်းက အဓိပ္ပာယ်နှင့် တူ၏။ |

| | | |
|---|---|---|
| ၅၅။ လှည်းထောက် | = | လှည်းခွနှင့် အဓိပ္ပာယ်တူ၏။ |
| ၅၆။ လှည်းထုပ် | = | လှည်းအိမ်ရှေ့ထုပ်နှင့် အဓိပ္ပာယ်တူ၏။ |
| ၅၇။ လှည်းနောက်မြီ (လှည်းမြီး) | = | (၁) လှည်း၏ နောက်ဘက်ပိုင်း။ (၂) ကက်အိမ်၏ နောက်ဘက်စွန်း။ |
| ၅၈။ လှည်းပေါင်းမိုး | = | နေပူမိုးရွာရာသီဥတုဒဏ်ခံနိုင်စေရန် လှည်းအိမ်ပေါ်တွင် ဝါးခြမ်းပြားများ ဂုံးအသွင်ပြုလုပ်၍၊ ဖျာ၊ အဝတ်ဖျဉ်ကြမ်းတို့ဖြင့် အမိုးပြုလုပ်ခြင်း။ |
| ၅၉။ လှည်းဖနောင့် | = | လှည်းဘီးအနားကို ကွပ်ထားသော သံခွေပတ်။ |
| ၆၀။ လက်ဖျားနန်းပြား | = | နန်းဖျားခွေနှင့် အဓိပ္ပာယ်တူ၏။ |
| ၆၁။ လှည်းမီးချ | = | လှည်းဘီးပတ်သံခွေကို တင်းကျပ်စေရန်ဖြုတ်၍ အဝန်းတိုင်းညှိပြီး နောက်မီးဖုတ်၍ တစ်ဖန်ပြန်တပ်သည်။ |
| ၆၂။ လှည်းယာဉ် | = | အမြန်မောင်းနှင်နိုင်ရန်နှင့် သက်သာစွာစီးနင်းနိုင်ရန်ပြုပြင်တည်ဆောက်ထားသော ပေါ့ပါးသည့်လှည်း။ |
| ၆၃။ လှည်းယာဉ် | = | မော်တော်ယာဉ်၊ လေယာဉ်၊ ဒုံးယာဉ်တို့ကဲ့သို့ လှည်းယာဉ်ဟုသုံးနှုန်းပြောဆို/ရေးသားသည့်အခါများတွင် အသုံးပြုသည်။ |
| ၆၄။ လှည်းလက်ရမ်း လက်တင် | = | အပြင်သို့ မကျူးမရောက်စေရန်၊ လက်ကိုင်ရန် ပြုလုပ်ထားသော အကာတန်း။ |
| ၆၅။ လှည်းဝိုင်း | = | လမ်းခရီး၊ ပွဲဈေးစသည်တို့တွင် စုပေါင်းဝိုင်းဖွဲ့ ရပ်နားထားသော လှည်းအစု။ |
| ၆၆။ လှည်းသန် | = | လှည်းကိုယ်ထည်အောက်ခံအဖြစ် ထမ်းပိုးနှင့် ဝင်ရိုးကို ကူးဆက်၍ နောက်ဘက်တွင် လှည်း၏ ကက်ဘောင်ကို ဖမ်းချည်ထားသောသစ်ချောင်း။ |
| ၆၇။ ဝက်စွယ် | = | ဇင်တုံးနှင့် လှည်းသန်တို့ကို မြဲမြံစေရန်လှည်းသန်၌ အံကျဖောက်လျှိုထားသောသပ်။ |
| ၆၈။ ဝင်ရိုး(ဝန်ရိုး) | = | ဘီးများ၏ ဗဟိုများကို လျှိုထားသောအတံ။ |
| ၆၉။ ဝန်ကော် | = | လှည်းအိမ်အနေအထားချိန်သားကိုက်စေရန် လှည်းအိမ်အောက်မှ ရှေ့နောက်ကန့်လန့်လျှိုသွင်းရသော တုတ်ချောင်း။ |
| ၇၀။ ဝန်ကော်ပိုက် တုပ်ကြိုး | = | လှည်းအိမ်နောက်ထုပ်၏အစွန်းနှစ်ဘက်နှင့် ဝန်ကော်စွယ်မြှောင်နှစ်ချောင်း၏ အစွန်းများကို ဝါရင်းသားမာမာဖြင့် ချည်နှောင်ထားသည့်ကြိုး။ |
| ၇၁။ သံခွေ | = | လှည်းဖနောင့်နှင့် တူ၏။ |
| ၇၂။ သံပတ် | = | ရှန်းကန်အားဖြစ်စေရန် ပြုလုပ်ထားသောသံမဏိနန်းပြားအခွေ။ |
| ၇၃။ သံဖိနပ် | = | လှည်းဖိနောင့်နှင့်တူ၏။ |

## ၂၀။ လှည်းနှင့် ပတ်သက်သည့် စကားပုံများ

၁။ လှည်းဝင်ရိုးသံတညည ပုဂံဘုရားပေါင်း ( ပုဂံပြည်တွင် ဘုရားဆူရေ– ၄၄၇၆၆၆၆ ဆူရှိကြောင်းအတိုကောက်ဖြစ်ပါသည်)။

၂။ ပတ်–သံ–တာ–ရှည်၊ တီး–သံ–မြည်၊ လက်–စီ–ကံ–စာ–ရေး။
တစ်ဆယ်တိုးလို့၊ တံပိုးတင်၊ ညဉ့်လျှင်အကြွင်းဆေး။
( အဓိပ္ပာယ်ကိုရှေ့၌ ပြခဲ့ပြီးဖြစ်ပါသည်။)

၃။ လှည်းခေတ် လေ့ခေတ် အလုပ်မဖြစ်။ ( ခေတ်ရှေ့သို့ပြေးလိုသူတို့ ကခနဲ့ပြော၊ ရွဲ့ပြော ပြောဆိုခြင်း။)

၄။ လှည်းနေလှေအောင်းမြင်းစောင်းမကျန်။

၅။ လှည်း(နွား) မကောင်းချောင်းမတက်။

၆။ လှည်းအီသလို 'အီ' မနေနဲ့။

၇။ လှည်းပျက် လှေပျက် အလုပ်ခက်။

၈။ လှည်းနဲ့သွားစားပါမှ ( လှည်းသမားစားပါမှ)။

၉။ လှည်းမမောင်းတတ်တိုင်း နွားကိုရိုက်။

၁၀။ လှည်းကျိုးထမ်း။

၁၁။ လှည်းဦးပေါ့လျှင် ခရီးမတွင်။

၁၂။ လှည်းအိုနဲ့ နွားပိန်။

၁၃။ တစ်ဝါဟမှန် တစ်လှည်းဝန်။

၁၄။ ဖွဲ့လှည်းနောက်ဆန်လှည်းပါ။

၁၅။ လှည်းထက်ဘီးကအကြီး။

၁၆။ နွားကောင်းမကောင်း၊ လှည်းမောင်းမှသိ။

၁၇။ လှည်းကျိုးနဲ့နွားသိုး။

၁၈။ သမိုင်းလှည်းဘီး( သမိုင်းကြောင်းများသည် လှည်းဘီးကဲ့သို့ လှည့် **လည်ပတ်** လာတတ်သည် ဟုဆိုလိုပါသည်)။

၁၉။ လှည်းဦးပေါ့တော့ ခွေးတန်းလန်း။ ( လှည်းရှင်သည် လှည်းဦးကိုဒေါက်မထောက်ထားသဖြင့် လှည်းဦးပွတ်ကြိုး( သားရေကြိုး) ကို ခွေးကကိုက်ဝါးနေစဉ်၊ လှည်းရှင်က လှည်းဦးကို မပြီးဒေါက်ထောက်လိုက်သည့်အခါ သားရေကြိုးကိုခဲစားနေသည့် ခွေးမှာ သားရေကြိုးကို လက်လွှတ်မခံနိုင်သည့်အတွက် ကြိုးနောက်သို့တန်းလန်းပါသွားတတ်သည်) ဟုဆိုလို ပါသည်။ ပင်လယ်အတွင်းမျောပါသွားသည့် ကျီးမိုက်၏ ပုံပြင်ကဲ့သို့ ဆိုဆုံးမခြင်းမျိုး ဖြစ်ပါသည်။

လူတစ်ယောက်သည် အလုပ်ကိုပြီးပြတ်အောင်မလုပ်ဘဲ ထားခဲ့သဖြင့် ဒုက္ခရောက်ရသည့် အခါတွင်လည်းကောင်း၊ မိမိနှင့် မတန်မရာအလုပ်ကိုလုပ်မိ၍ ဒုက္ခရောက်သည့် အခါတွင် လည်းကောင်း ဤစကားပုံဖြင့် တောင်သူဦးကြီးများက သတိပေးဆုံးမလေ့ရှိကြပါသည်။

# လှည်းနိဂုံး

'မြန်မာလှည်း' နှင့်ပတ်သက်၍ ယဉ်ကျေးမှုသမိုင်းကြောင်းမှ အစပြု၍ မျက်မှောက်ခေတ်တိုင်အောင်မြန်မာပြည်တိုင်းရင်းသားမျိုးနွယ်စုများအား အကျိုးသက်ရောက်ခဲ့ပုံများကို အထောက်အထားများဖြင့် ရှာဖွေလေ့လာပြခဲ့ပြီးဖြစ်ပါသည်။

သိပ္ပံပညာဖွံ့ဖြိုးတိုးတက်မှုများကြောင့် မြန်မာလှည်း၏ အခန်းကဏ္ဍလျော့နည်းသွားသော်လည်း မြန်မာတိုင်းရင်းသား တောင်သူဦးကြီးများ ယနေ့ထက်တိုင် အသုံးပြုနေရဆဲပင်ဖြစ်ပါသည်။ လှည်းဖြင့်သယ်ဆောင်ရသည့် ဆန်စပါး ပဲပြောင်းနှမ်းစသည့်များကို မြန်မာနိုင်ငံတစ်ဝှန်းလုံးစားသုံးနေကြရဆဲဖြစ်ပါသည်။ လှည်းနှင့် နွားသည်ကျွန်ုပ်တို့၏ အသက်သခင်ကျေးဇူးရှင်ကြီးများပင်ဖြစ်ပါသည်။

သို့သော် ယဉ်ကျေးမှု ပြတိုက်များတွင် လှည်းနှင့် ပတ်သက်သည့် အသုံးအဆောင်ကိရိယာတန်ဆာပလာများ မမြင်တွေ့ကြရသေးပါ။ မြန်မာ့လှည်း၏ သမိုင်းကြောင်းနှင့် မြန်မာ့လှည်းအဆင့်ဆင့်ဖြစ်ပေါ်တိုးတက်လာပုံများကိုလည်းမမြင်တွေ့နိုင်သေးပါ။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (တပ်မတော်) ၏ ဆောက်ရွက်မှုကြောင့် ပြည်သူ့ရင်ပြင် ပန်းဥယျာဉ်ကြီးအတွင်းဝယ်မြန်မာ့လှည်းယာဉ်(၃)စီးသာ အပျော်စီးလှည်းယာဉ်အဖြစ် မြင်တွေ့ရပါသေးသည်။

ထီးသုံးနန်းသုံးယာဉ်တစ်မျိုးဖြစ်ခဲ့ရုံမျှမက၊ မြန်မာပြည်ဖွား တိုင်းရင်းသားမျိုးနွယ်စုအားလုံးနှင့် သက်ဆိုင်သည့် မြန်မာ့လှည်းအား၊ ပြည်သူ့ရင်ပြင်ပန်းဥယျာဉ်အတွင်း အပျင်းပြေစီးနင်းနိုင်ကြစေရန် ထားရှိပေးရုံမျှဖြင့် မလုံလောက်သေးဟုယူဆပါသည်။

မြန်မာ့လှည်းသည် ခေတ်အဆက်ဆက် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့သည်နှင့် အမှု ၁၂၄၇ –ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၈) ရက်နေ့ကုန်းဘောင်မင်းဆက်နောက်ဆုံးရှင်ဘုရင်သီပေါမင်းနှင့် မိဖုရားခေါင်ကြီးတို့အားဘိရိုရထား(လှည်း) တွင်ခိုင်းနွားနှစ်ကောင်တပ်ကာ ဂေါဝိန်ဆိပ်အရောက် နောက်ဆုံးသယ်ယူပို့ဆောင်ပေးခဲ့သည်မှာလည်း မြန်မာ့လှည်းပင်ဖြစ်ပါသည်။

မြန်မာ့လှည်း၏ အခန်းကဏ္ဍသည် 'ရာဇဝင်ကျေသော်လည်း၊ ဥဒါန်းမကျေ' ဆိုသည့် စကားကဲ့သို့ လေးနက်လှပါသည်။ မြန်မာနိုင်ငံမှ နိုင်ငံခြားတိုင်းပြည်အသီးသီးသို့ရောက်ရှိသွားကြသော မြန်မာ့လှည်းနှင့် ပတ်သက်သည့် ပန်းချီ၊ ပန်းပုနှင့် ပုရပိုက်များအပြင်၊ နိုင်ငံတော် ရထားဟုအမည်ပေးရမည့် မင်းသုံးရထား( လှည်း) များ၏ အကြောင်းကိုလည်း ကျွန်ုပ်တို့အစဉ်အမြဲ လေ့လာစူးစမ်းပြီး အမိမြန်မာနိုင်ငံတော်ပိုင်ပစ္စည်းများဖြစ်အောင်၊ တစ်ဖက် တစ်လမ်းမှ ဆောက်ရွက် ကြရန်တာဝန်ရှိပါသည်။

မြန်မာနိုင်ငံပိုင် ယဉ်ကျေးမှု ပစ္စည်းများနှင့် အဖိုးတန်သယံဇာတ ပစ္စည်းများတိုင်းတပါးသို့ရောက်ရှိသွားခြင်းသည် အမှန်စင်စစ် ကျွန်ုပ်တို့၏ ညံ့ဖျင်းမှု၊ သေးသိမ်မှု၊ ပျော့ညံ့မှုတို့မှ တစ်ပါး အခြားသံသယဖြစ်စရာအကြောင်းတစ်စုံတစ်ရာမရှိပါ၊ တိုင်းတစ်ပါးသားတို့၏ ကျွန်ပြုလုပ်သွေးစုပ်လိုမှု၊ သူ့ကျွန်ခံလိုမှု၊ တိုင်းတပါးကို အထင်ကြီးမှုနှင့် ယဉ်ကျေးမှု၏ တန်ဖိုးကိုလျှော့တွက်ခဲ့မှုများမှာ ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ မှသားသုံး၍ မရသော အားနည်းသည့် ပျော့ညံ့ချက်ကြီးများပင်ဖြစ်ပါသည်။

ယဉ်ကျေးမှုဓလေ့ထုံးစံများပျောက်ကွယ်လေ၊ တိုင်းတစ်ပါးသားတို့အကြိုက်တွေ့လေဖြစ်ခဲ့ရပြီး၊ အမျိုးဘာသာ၊ သာသနာကိုပါ အမြစ်ကစ၍ တူးဖြိုရန်ကြံရွယ်ခဲ့ကြသည့်နယ်ချဲ့တို့၏ ယုတ်မာရက်စက်မှုများကို ကျွန်ုပ်တို့ မြန်မာတိုင်းရင်းသားများ မျက်စိအမြင်ရှင်းသင့်ကြပေပြီ။ နားလည်

သဘောပေါက်သင့်ကြပေပြီ။ ပြီးတော့..... လူကိုပါယူသည်..... ဆိုတာမျိုးမဖြစ်ကြစေရန် ယဉ်ကျေးမှုနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြဖို့ အချိန်ရောက်နေပြီ ဖြစ်ပါသည်။ ယဉ်ကျေးမှုကို လျှော့မတွက်ကြဖို့ လိုအပ်နေပြီဖြစ်ပါသည်။ အချုပ်အခြာအာဏာ တည့်တံ့ခိုင်မြဲရေးကို ရှေးရှုလျက် ဦးတည်ချက်မှန်မှန်ကန်ကန်ဖြင့် တစ်ယောက်လက်တစ်ယောက် တွဲ၍ စုပေါင်းညီညာစွာ ဖြင့် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် နိုင်ကြပါမှ မြန်မာပြည်ကြီးသည် သူကျွန်မဖြစ်ဘဲ၊ ကိုယ့်မင်းကိုယ့်ချင်းအုပ်ချုပ်နိုင်သည့် ခိုင်မာ တောင်တင်းသော နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာပြည်သူပြည်သားတိုင်းရင်းသားမျိုးနွယ်စု ညီအစ်ကို ၊ မောင်နှမများ အားလုံး တက်ညီလက်ညီ စုပေါင်းညီညွတ်စွာဖြင့် မြန်မာ့ယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် သွားကြရန် အချိန်ရောက်နေပြီဖြစ်ကြောင်းတင်ပြအပ်ပေသတည်း။

စိတြ

# ကျမ်းကိုးစာရင်း


၁။ **OLD BURMA EARLY PAGAN VOL .3**

၂။ **THE COURT OF AVA IN 1855.**
JOHN BASTIN AND W.G BEASLEY.

၃။ **SARNATH . By** V. S Agrawala (1956)

၄။ **THE INSIGHT GUIDES BURMA .** (1981)

၅။ **ရှေးရိုးမြန်မာ့ပန်းချီ**၊ ရှေးဟောင်းသုတေသနဌာနခွဲ၊ ပြည်ထောင်စုယဉ်ကျေးမှုဌာန၊ ပထမအကြိမ်၊ ၁၉၆၆။

၆။ **ပန်းချီတော်ဦးကြာညွန့်၏ ခေတ်နှင့်သူ့လက်ရာ**(ဦးမင်းနိုင်)
ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ ပထမအကြိမ်၊ ၁၉၇၉။

၇။ **ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းထုတော်များ(ဒုတိယတွဲ)**
သိရိပျံချီ–ဦးမြ(အငြိမ်းစားကျောက်စာဝန်)၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်။

၈။ **ရှေးဟောင်းမြန်မာကျောက်စာများ(ပထမတွဲ)**
ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန(၁၉၇၂)။

၉။ **မြန်မာအဘိဓာန်အကျဉ်းချုပ်**၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့။ အတွဲ ၁–၂–၃–၄–၅။

၁၀။ **ပါဠိ–မြန်မာအဘိဓာန်**၊ ဦးဟုတ်စိန်၊ အတွဲ (၃) (၄)။

၁၁။ **အဘိဓာန်နိသျသစ်**၊ အရှင်အဂ္ဂဓမ္မာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) ဇမ္ဗူမိတ်ဆွေပိဋကပုံနှိပ်တိုက်၊ ၁၉၅၈ ခုနှစ်၊ ဒုတိယအကြိမ်။

၁၂။ **မိလိန္ဒပညာပါဠိတော်မြန်မာပြန်**၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၆၆ ခုနှစ်၊ ပထမအကြိမ်။

၁၃။ **ခုဒ္ဒကပါဌပါဠိတော်မြန်မာပြန်**၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၇၈ ခုနှစ်၊ တတိယအကြိမ်။

၁၄။ **အဘိဓာနပ္ပဒီပိကာ**၊ အရှင်မောဂ္ဂလာန်ထေရ်။

၁၅။ **မူလပဏ္ဏာသ ပါဠိတော်**

၁၆။ **အင်္ဂုတ္တရ တေဒဂ္ဂ ဝဂ္ဂ ဋီကာ**

၁၇။ **နိဒါနဝဂ္ဂ ကဿပ သံယုတ္တဋီကာ**

၁၈။ **ပိဋကတ်တော်သမိုင်း**၊ ပိဋကတ်တော်အုပ်ဦးယံ၊ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၉ ခုနှစ်။

၁၉။ **မြန်မာစာပေသမိုင်း**၊ ဦးဖေမောင်တင်၊ တက္ကသိုလ်ပုံနှိပ်တိုက် ၁၉၆၅ ခုနှစ်။

၂၀။ **ပုဂံမြို့ရှိ ထင်ရှားကြီးကျယ်သော ဘုရား ၂၇ ဆူသမိုင်း**၊ ဦးချစ်သိန်း (မွန်ပဏ္ဍိတ်)၊ မောင်ထွန်းဘောစာပုံနှိပ်တိုက်။ ပဌမအကြိမ်။

၂၁။ **ငါးရာငါးဆယ်ဇာတ်ဝတ္ထု (ပထမအုပ်)**၊ ဧကနိပါတ်– ပထမတွဲ၊ ပထမညောင်ကန်ဆရာတော် အရှင် ကဝိန္ဒာဘိဝံသထေရ်၊ ဣစ္ဆာသယပိဋကတ်ပုံနှိပ်တိုက်။

၂၂။ **မဟာသုတကာရီ မဃဒေဝလင်္ကာသစ်နှင့် ဇိနတ္ထဒီပနီ** (မန်လည်ဆရာတော်)၊ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၇၆ ခု၊ ဇွန်လ၊ ပထမအကြိမ်။

၂၃။ **မင်းကွန်းတိပိဋက = နိကာယ သာသနာပြု အဖွဲ့ ပထမသုံးနှစ်ခရီး**၊ ပညာ့ဗိမာန်၊ ရန်ကုန်။ ၁၉၈၂ ခု၊ ဩဂုတ်လ၊ ပထမအကြိမ်။

၂၄။ **မန်းစက်တော်ရာကျောင်းတော်ရာသမိုင်းနှင့် စက္ကိန်းတဲသမိုင်း**ပေါင်းချုပ်၊ ဗ–လ–စ ဒေါ်ခင်ရီ၊ မိဘမေတ္တာ ရွှေ တံဆိပ်ပုံနှိပ်တိုက်။

၂၅။ တီထွင်မှုသမိုင်းကြောင်း(ဒုတိယတွဲ)၊ အီဂွန်လာဆင်ရေး၍ (လှသမိန်) မြန်မာပြန်သည်။ ကာယသုခပုံနှိပ်တိုက်၊ ၁၉၇၇ ခု၊ ဇွန်လ( ပထမအကြိမ်)။

၂၆။ **ရွှေတိဂုံသမိုင်းသစ်**၊ ဆရာတော်ဦးဝံသအဂ္ဂ၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်။

၂၇။ **မြတ်ဘုရားရွှေတိဂုံ**၊ မောင်ဆုရှင်၊ စာပေဗိမာန်၊ ၁၉၇၂ ခုနှစ်၊ ပထမအကြိမ်။

၂၈။ လှည်းယာဉ်ကြော၊ မင်းညွန့်နှင့် ရွှေဘိုဦးထွန်းဖေ၊ ဇောတိက ပုံနှိပ်တိုက်၊ ၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်။

၂၉။ **သီပေါမင်း၏ သုံးပန်းနေ့ရက်များ**၊ မောင်နေညွန့် လုပ်သားပုံနှိပ်တိုက်၊ ၁၉၆၉ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်။

၃၀။ **လုပ်သားပြည်သူ့နေ့စဉ်မှ မြန်မာမှုအထွေထွေဆောင်းပါးများ** (၁) စာပေဗိမာန်၊ ၁၉၆၉ ခုနှစ်၊ ပထမအကြိမ်။

၃၁။ **ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ်**၊ လှသမိန်။ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁ ခုနှစ်၊ပထမအကြိမ်။

၃၂။ **ဂီတာလင်္ကာရဒီပနီ(ခေါ်) ဂီတသိပ္ပံအခြေခံ**၊ ဗေလုဝ

၃၃။ **မြန်မာ့ တေး၊ မြန်မာ့ သွေး၊ မြန်မာ့ စစ်ပညာ**၊ စန်းသမိန်၊ သီဟရတနာပုံနှိပ်တိုက်၊ ၁၉၇၉ မတ်လ(ပထမအကြိမ်)။

၃၄။ **မြန်မာ့ ရှုခင်း(ပထမတွဲ)**၊ ပုရိတ။ ကျော်ဝင်းဆွေ ပုံနှိပ်တိုက်၊ ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်။

၃၅။ **မြန်မာ့ နွား** (စာပေဗိမာန်ဆုရ)၊ ပန်းလှိုင်မောင်မဠူ၊ စာပေဗိမာန်ပြည်သူ့လက်စွဲစာစဉ်၊ ၁၉၇၄ ခုနှစ်၊ ပထမအကြိမ်။

၃၆။ **သူတို့အစ သူတို့ပထမ**၊ မင်းယုဝေ၊ စာပေဗိမာန်၊ ၁၉၈၂ ခုနှစ်၊ ပထမအကြိမ်။

၃၇။ **မဟာဂီတ ပေါင်းချုပ်ကြီး**၊ ဆရာကြီး ဦးပြုံးချို၊ ရတနာ့ဂုဏ်ရည် ပုံနှိပ်တိုက်၊ ၁၉၇၇ခုနှစ်၊ သတ္တမအကြိမ်။

၃၈။ **ရာဇဝင်ကျော်**၊ ရှင်မဟာသီလဝံသ၊ ဟံသာဝတီ၊ ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ။

၃၉။ **မြန်မာ့ရိုးရာကိန်းဂဏန်းသင်္ချာ**။ ဘဂုန်နတ်ရှင်။

၄၀။ **သိန်းရာကျော်တန် နိုင်ငံတော်ရထား** (ဆောင်းပါး)၊ ဦးမင်းနိုင် ဉာဏ်လင်းဓမ္မစာပဒေသာ၊ ၁၉၈၄ ခုနှစ်၊ နိုဝင်ဘာလ။

၄၁။ **မန်းရာပြည် မဂ္ဂဇင်း**၊ စီးပွားရေးပုံနှိပ်တိုက်၊ ၁၃၂၁ ခုနှစ်။

၄၂။ **ငွေတာရီမဂ္ဂဇင်း**၊ အမှတ်(၂)၊ ၁၉၆၀ ခုနှစ်၊ ဩဂုတ်လ။

၄၃။ **ယဉ်ကျေးမှု မိတ်ဆက်**၊ ဦးမင်းနိုင်၊ စာပေဗိမာန်၊ ၁၉၉၀ ခုနှစ်၊ ပထမအကြိမ်။
၄၄။ **မြန်မာမျိုးစစ် နွားတိုးပွားရေး**၊ လယ်ယာလုပ်ငန်းတိုးတက်ရေး၊ ကျေးလက်ကြီးပွားရေး ကော်ပိုရေးရှင်း၊ (၁၉၅၅ ခုနှစ်၊ ပထမအကြိမ်)။
၄၅။ **ကျောင်းသုံးသီချင်းပဒေသာ(ပထမအုပ်)**၊ ဦးဖိုးလတ် စုဆောင်းစီစဉ်သည်၊ ပညာနန္ဒ ပုံနှိပ်တိုက်၊ ၁၉၅၈၊ ဇန်နဝါရီ။
၄၆။ **မြန်မာ့ မြင်း**၊ အောင်စိုး( တိရစ္ဆာန်ဆေးကု ဆရာဝန်)၊ စာပေဗိမာန်၊ ၁၉၈၉ ခုနှစ်၊ ပထမအကြိမ်။
၄၇။ **လှည်း** (ဆောင်းပါး) ယဉ်နိုင်(မြစ်ကြီးနား)၊ ယဉ်ကျေးမှု စာစောင်၊ အတွဲ (၃) ၊အမှတ်(၂)။
၄၈။ **မြန်မာ့ လှည်းယဉ်ကျော့**၊ သုတေသီ မြင့်ထွန်း၊ စာပေလုပ်သား မဂ္ဂဇင်း၊ အမှတ်(၃၁)၊ ၁၉၈၃ ခုနှစ်၊ နိုဝင်ဘာလ။
၄၉။ **လွတ်လပ်ရေးနှင့် ညီညွတ်ရေး** (ဆောင်းပါး) ရဲဘော်အေးဆောင်၊ ရှေ့သို့စာစောင်၊ အတွဲ ၆၊ အမှတ် ၃ (၁–၁–၆၅)။
၅၀။ **ကလေးမှတ်ဉာဏ် တစ်ပြုံးတစ်လုံး** (ဆောင်းပါး)၊ မြကေတု၊ ရှေ့သို့စာစောင်၊ အတွဲ ၆၊ အမှတ် ၉၊ (၁–၄–၆၅)။
၅၁။ **ရှမ်းပြည်တစ်နေရာမှ တောင်ကြားရွာကလေး** (ဆောင်းပါး) ၊ မောင်ထွန်းလူ၊ ရှေ့သို့ စာစောင်၊ အတွဲ ၆၊ အမှတ် ၉၊ (၁–၄–၆၅)။
၅၂။ **နွားပွဲမှာ တစ်နေ့** (ဆောင်းပါး) ရှေ့သို့ အဖွဲ့ဝင်တစ်ဦး၊ ရှေ့သို့စာစောင်၊ အတွဲ ၆၊ အမှတ် ၁၁ (၁–၅–၆၅)။
၅၃။ **လယ်ယာမြေတစ်ခေတ်ဆန်းစေမည့် တရွင်းတောင်ဆည်လုပ်ငန်း** (ဆောင်းပါး) မောင်မောင်မိုး၊ ရှေ့သို့စာစောင်၊ အတွဲ ၆၊ အမှတ် ၁၀၊ (၁၅–၄–၆၅)။
၅၄။ **လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ**၊ ၂၃–၁၁–၉၁ နေ့ထုတ်။
၅၅။ **ပြည်သူကို ပညာပေးသော တံဆိပ်ခေါင်းများ** ( ဘုတလင်–သစ်နီ)။ စာပေဗိမာန်၊ ၁၉၈၄ (ပထမအကြိမ်)။



**၁၉၉၁ ခုနှစ်၊ စာပေဗိမာန်စာမူဆု**

**မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ**

**တတိယဆုရ**

**မြန်မာ့လှည်း**

**ရေးသူ – စိတြ**

အဖ ဦးကြည်၊ အမိ ဒေါ်လှဝင်းတို့မှ ၁၃၁၄ ခု၊ ဝါဆိုလဆန်း ၈ ရက်တွင် စစ်ကိုင်းတိုင်း အင်းတော်မြို့တွင် မွေးဖွားသည်။

ငယ်စဉ်ကစ၍ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၅ နှစ်အရွယ်တွင် သာမဏေဘဝဖြင့် ဝန်းသို၊ ခန္တီးစာသင်တိုက်ကြီးတွင် ပရိယတ္တိစာပေသင်ယူသည်။ ပထမငယ်၊ ပထမလတ်၊ ပထမကြီး အောင်မြင်သည်။ အဘိဓမ္မာသုံးဆင့်၊ [illegible]ဆောင်စာမေးပွဲ သုံးဆင့်နှင့် နှစ်ချင်းပေါက် အဘိဓမ္မာစာမေးပွဲ သုံးဆင့်လည်း အောင်မြင်သည်။ ရန်ကုန်မြို့၊ သရက်တောတိုက် သာသနာ့ဝံသကျောင်းတွင် ဓမ္မာစရိယတန်းကို ၁၀ နှစ်ခန့်သင်ကြားခဲ့သည်။ အသက် ၃၅ နှစ်တွင် ပရိသုဒ္ဓပြု၍ အိမ်ထောင်ပြုသည်။

၁၉၆၉ ခုနှစ်မှစ၍ ဗုဒ္ဓလောကစာစောင်တွင် စာပေများ စတင်ရေးသားသည်။ မြတ်မင်္ဂလာ၊ မြတ်ဆုမွန်၊ ရတနာမွန်၊ ဓေဒ၊ သူရိန်၊ အံ့ဖွယ်သုတ၊ သင့်ဘဝ စသည်တို့တွင်လည်း စာများ ရေးသားသည်။ ဘာသာရေးနှင့် အတ္ထုပ္ပတ္တိ၊ ကဗျာလုံးချင်းစာအုပ် ခြောက်အုပ်ထုတ်ဝေခဲ့သည်။

၁၉၈၉ ခုနှစ်၊ စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတွင် "ကိန္နရာ ကိန္နရီ" စာမူဖြင့် တတိယဆု ရရှိခဲ့သည်။ ယခုအခါ မြတ်မင်္ဂလာ စာစောင်တွင် အမှုဆောင် အယ်ဒီတာအဖြစ် ဆောင်ရွက်ရင်း ဇမ္ဗူညွန့်စာပေဖြန့်ချိရေးတွင်လည်း ဆောင်ရွက်လျက်ရှိသည်။

အမည်ရင်း ဦးညွန့်တင်ဖြစ်သည်။ အမှတ် ၆၁၇၊ မြရည်နန္ဒာလမ်း၊ (၁၉) ရပ်ကွက်၊ ဒဂုံမြို့သစ် တောင်ပိုင်းတွင် နေထိုင်သည်။